www.burmeseclassic.com

# ဂျင်းညိုဝေါး

## ဂျစ်ပစီသင်ခန်းစာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၁၉၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၈၅၉၁၁၁၀၈
ထုတ်ဝေသူ - ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊
တာမွေမြို့နယ်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း
(ကာလာဇုန်ပုံနှိပ်တိုက်)
၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်။
မျက်နှာဖုံးဒီဇိုင်း - Antt Bwere Zin
ပုံနှိပ်ခြင်း - ပထမအကြိမ်
ဒီဇင်ဘာလ၊ ၂၀၀၈ ခုနှစ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၂၀၀ ကျပ်

## အိပ်မက်အသစ်

အမှတ်-၃၈၊ (၃-လွှာ)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉၅၀၁၁၂၄၂၈

www.burmeseclassic.com

www.burmeseclassic.com

## အိမ်မက်အသစ် မှထွက်ရှိပြီးစာအုပ်များ

| | |
|---|---|
| ၁။ မြားမြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ အဆောင်သူအတွက်. . . | ဝေမှူးသွင် |
| ၃။ ဖလိုဘာယ်လိုက်ဖေးရှင်း ရှေးဟောင်းလူဆိုးနဲ့ . . . . . | မောင်စူးစမ်း |
| ၄။ ဖောက်စီမိစ္ဆာနှင့်သံမဏိမီးလျှံ | တာရာလင်းနွယ် |
| ၅။ နိုးရာသီပတ်ပျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ ဘမ်းဝေးလှော်ဒုဇိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ ဒူရဲကောင်းသြစနှင့်ရွှေလျှားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ နှုတ်ကြီးတစ်ဦး၏ဖါလူဒါအရသာ | ဝေမှူးသွင် |
| ၉။ ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ မင်းလူ. . ဝေမှူးသွင်. . Lမင်းပြည့်မွန် | မင်းလူ၊ဝေမှူးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ မြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ အနေးသွားလွန်းပျံယာဉ် | ဝေမှူးသွင် |
| ၁၅။ ဟိုး. . . ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ ငှက်ဆိုးတွန်ချိန် | သတိုးတေဇ |
| ၁၇။ စောင့်နေသူ | သတိုးတေဇ |
| ၁၈။ ညဥ့်နက်သန်းခေါင်ခွေးတစ်ဟောင် | သတိုးတေဇ |
| ၁၉။ ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |

BURMESE CLASSIC

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ၂၀။ မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၂၁။ စွဲလမ်းခြင်းခရီးသည် | သတိုးတေဇ |
| ၂၂။ အမှောင်ကြောက်သူ | သတိုးတေဇ၊ ဒေဝလကျော် |
| ၂၃။ ချစ်သူရွာ | လူနေ |
| ၂၄။ မာယာကစားပွဲ | လင်းညို့သွေး |
| ၂၅။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |

www.burmeseclassic.com

www.burmeseclassic.com



ရယ်တော့ ရယ်စရာပဲ။
အသိဉာဏ် ကြီးမားပါတယ်ဆိုတဲ့ လူတွေဟာ
ကိုယ့်နာကျင်မှုကို ကိုယ့်ဘာသာ စိုက်ပျိုးမွေးမြူပြီး
မလွှတ်တမ်း ဖမ်းဆုပ်ကိုင်တွယ်ထားကြလေ့ရှိတယ်။
ပြီးတော့မှ ... မနိုင်မနင်းတွေ ဖြစ်လာတော့မှ ...
တစ်စုံတစ်ယောက်ကြောင့်ပဲ ဒီလိုဖြစ်ရသလိုမျိုးတွေ ညည်းတွားကြတယ်။
သနားလည်း သနားစရာပဲနော်။
အင်း...ဒါကပဲ လူသားပီသခြင်းရဲ့ မွေးရာပါသင်္ကေတဖြစ်မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းဆိုတာ
ကိုယ့်ကိုယ်ကို အညှာအတာမဲ့ နှိပ်စက်နေတဲ့
စိတ်အလိုလိုက်မှု တစ်ခုပါပဲ။

ဒီပိမက်အာသစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ခေတ်မီဖွံ့ဖြိုးသော မြို့တစ်မြို့ ...။ ထိုမြို့ရှိ ဝင့်ထည်ခန့်ငြားသော ဘူတာရုံ ...။ ထိုဘူတာရုံသို့ ထိုးဆိုက်လာသော ရထားတစ်စင်း ...။ ထို ရထားအတွင်းမှ ဆင်းထွက်လာကြသည့် ခရီးသည်များ ...။ ထိုခရီး သည်များကြားမှ မအူမလည်ဟန်ဖြင့် ဆယ်ကျော်သက်အရွယ် ကောင်မလေး တစ်ယောက် ...။

သူမ မျက်နှာလေးက ဝလုံးလေးတစ်လုံးနှင့် အလားသဏ္ဍာန်တူ၏။ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံကလည်း သွယ်သွယ်ပြည့်ပြည့်ကလေး။ အရပ်က ငါးပေလေးလက်မ ဝန်းကျင်ခန့်ရှိမည်။ အသားအရည်မှာ ဝါဝါ ညက်ညက် ဝင်းဝင်းဖန့်ဖန့်ကလေးနှင့် ရှင်းသန့်လို့နေပေသည်။ ကိုယ်နေဟန် လှုပ်ရှားသွားလာပုံကတော့ ဆင်မပျို့နှင့်သမင်ပျို ပေါင်းစပ်ထားသလိုမျိုးပင် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ခြေထောက်တွေက လမ်းပျောက်နေပုံရသည်။ သူမ၏ လက်အစုံမှာလည်း အထုပ်အပိုးတွေကို မနိုင်မနင်း ဆွဲသယ်ထားရသေးသည်။ သူမ ပုံစံလေးက မဝံ့မရဲဖြစ်လျက်ရှိ၏။ သူမ၏မျက်လုံးဂိုလေးတွေမှာ အားငယ်ဟန်ဖြင့် ချာချာလည်နေပါသည်။

နေလုံးသည် တဖြည်းဖြည်းချင်း အင်အားဆုတ်ယုတ်လာချေပြီး မကြာမီ အလင်းပြိုပျက်ကာ အမှောင်ဖြစ်လာပေတော့မည်။ ဝလုံးနှင့်တူသော မျက်နှာပိုင်ရှင်ကောင်မလေးသည် ဘူတာရုံအတွင်းမှ ထွက်လာခဲ့ပြီးသည့်နောက် မြို့ပြ၏လမ်းတွေပေါ်မှာ တစ်ပေါက်တည်း လျှောက်သွားနေပြန်ပါသည်။ သူမသည် လိပ်စာရေးထားသော စာရွက်ပိုင်းကလေးအားကိုင်၍ အကူအညီတောင်းစရာလူ လိုက်ရှာနေသည်။

ထိုစဉ်မှာပင်... သူမနှင့်မလှမ်းမကမ်း တစ်နေရာ၌ လူတစ်စုကို တွေ့မြင်လိုက်ရလေသည်။ အကူအညီ ရလိုရငြား ထိုနေရာသို့ သူမသွားလိုက်သည်။ သို့ရာတွင် အနီးအနားရောက်စဉ်မှာပင် လှမ်းလက်စခြေလှမ်းတွေ တုံ့ဆိုင်းရပ်တန့်သွားတော့၏။

"ဟိတ်ကောင် ... မင်းခုနက ဘာအချိုး ချိုးသွားတာလဲ"

"မင်းအလုံးက ကန်းနေလို့ ပထွေးကိုပြန်မေးနေတာလား"

"တောက် ... မင်းတော့ နာချင်ပြီထင်တယ်"

"စမ်းကြည့်လေ ... ဘယ်သူနာမလဲဆိုတာ ..."

ကောင်လေးနှစ်ယောက် စကားများနေကြခြင်းဖြစ်သည်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူမနှင့်မတိမ်းမယိမ်းလောက်ပင် ရှိလိမ့်ဦးမည်။ တစ်ယောက်က ပန်းခ်ကေနှင့်ဖြစ်ပြီး တစ်ယောက်ကတော့ အီမိုကေနှင့်။ ပန်းခ်ကေနှင့် ကောင်လေးက အနည်းငယ် အသားညိုပြီး အီမိုကေနှင့်ကောင်လေးကတော့ အသားဖြူသည်ဟု ပြောချရသည်။ နှစ်ယောက်စလုံးပဲ ကိုယ်လုံးကိုယ်ထည် ပုံထွားကာ အရပ်မြင့်မားကြ၏။ ရုပ်ရည်ကလည်း တစ်ယောက်ယှဉ်ပိတ် ကြည့်ကောင်းပေသည်။

"မင်းစော်ကားတာ မိုက်ရိုင်းလွန်းအားကြီးတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"တောက် ..."

သူမ ရပ်ကြည့်နေစဉ်မှာပင် စကားပြောရင်း ခြေတွေလက်တွေပါ လာပြီး တစ်ယောက်နှင့်တစ်ယောက် ထိုးကြိတ်ကန်ကြောက်ကြတော့၏။ ထိုအခါ သူတို့နားမှာရပ်နေသည့် ကောင်လေးတွေကလည်း သူတို့အဖော် ဘက်မှ ဝင်ပါကြလေသည်။ ပန်းခ်ကေနှင့်ကောင်လေးဘက်က လေးယောက် ဖြစ်ပြီး အီမိုကေနှင့် ကောင်လေးဘက်က ငါးယောက်ဖြစ်သည်။ ရန်ပွဲသည် တစ်အော်ကြိမ်းဝါးသံတွေ ဆူညံကာ ငရဲပျက်သလို ပွက်လောရိုက်နေပေ သည်။

တားဆီးထိန်းချုပ်မည့်သူ မရှိသည့် အဖွဲ့နှစ်ဖွဲ့၏ ရန်ပွဲက တစ်စထက် တစ်စ ပိုမိုကြီးထွားပြင်းထန်လို့လာ၏။ အခြေအနေက မနီးမဝေးရှိ သူမကိုပင် လာရောက်ထိခိုက်မိမှာ စိုးရိမ်ရသည်။ ဒါကြောင့် ကိုယ်နှင့်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တာကို ခေဆိုင်သလို ဥပေက္ခာပြုကာ ... ထိုနေရာမှ သူမ အလျှင်မြန်ဆုံး ရွေ့လျားထွက်ခွာလာခဲ့တော့၏။

ညသည် အမှောင်ရည် စတင်၍ဖျန်းပြီ။ မေးရင်းစမ်းရင်းနှင့်ပင် မှာ အာဝိုင်းမလေးသည် သူမသွားလိုရာခရီးဆုံးကို ရောက်ရှိခဲ့ပြီဖြစ်လေ သေသပ်သစ်လွင်သောအိမ်၏ ပိတ်ထားသော တံခါးချပ်ရှေ့မှာ ရပ်၍နေရင်း ရင်တွေတထိတ်ထိတ်ခုန်ကာ သူမ စိတ်လှုပ်ရှားနေပါသည်။

ခဏမျှကြာပြီးတော့မှ အနည်းငယ်တုန်ယင်နေသော လက်ချောင်းများဖြင့် တံခါးကိုခေါက်လိုက်ပါ၏။

"ဒေါက် ... ဒေါက် ..."

တံခါးသည် တစ်ဝက်တစ်ပျက် ပွင့်လာပြီး ချစ်စဖွယ်ကောင်းသော ကလေးငယ်တစ်ယောက်၏ ဦးခေါင်းလေးပြူထွက်လာသည်။ ကလေးငယ်ကို သူမ နှုတ်ဆက်လိုက်၏။

"ဟိတ် ... လူနေ"

ကလေးငယ်၏ အမူအယာက သူမကိုသိဟန်မပြ။

"အန်တီက ဘယ်သူလဲဟင်"

"ငါက အန်တီမဟုတ်ပါဘူး"

"အန်တီ မဟုတ်ရင် ဘာလဲ ...။ အဲ ... သိပြီ။ အန်တီ မဟုတ်ရင် အလျှုခံပဲဖြစ်ရမယ်။ ဒီနေ့ အလျှုခံတွေ တစ်ခုပြီးတစ်ခုလာနေတာ။ မေမေရေ ... ဒီမှာ အလျှုခံနောက်တစ်ခု လာပြန်ပြီ။ မာမီ သင်ပေးထားသည့်အတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ မရှိဘူးဆိုပြီး တံခါးပိတ်ပစ်လိုက်မယ်နော်"

"လူနေ ... မောင်လေး ... "

"လူကြီးတွေ မရှိဘူးဗျ။ ကန်တော့ပါသေးရဲ့"

"ဟဲ့ ... ငါက မင်းရဲ့အစ်မတော်တယ် ... "

သူမ စကားဆုံးအောင်ပင် မပြောလိုက်ရ။ တံခါးက ဂုန်းခနဲပြန်ပိတ်သွားသည်။ ရယ်ချင်စိတ်တစ်ဝက် စိုးရွံ့မှုတစ်ဝက်ဖြင့်ပင် တံခါးကို သူမ လက်တစ်ကြိမ် ထပ်ခေါက်လိုက်ပြန်သည်။

"ဒေါက် ... ဒေါက် ... "

"ဒီအချိန်တော့ အလှူခံမလာလောက်တော့ပါဘူး လူနေရယ် ...။ သား တစ်ခုခုမှားတာ ဖြစ်ပါလိမ့်မယ်"

ရေရွတ်သံနှင့်အတူ တံခါးပွင့်လာပြီး အသက်လေးဆယ်ခန့် အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ ထိုအခါ သူမ ရင်ထဲမှာ စိမ့်ခနဲနေအောင် ကြည်နူးရှိန်းမြသွားရလေ၏။

"မေမေ"

"ဟင် ... သမီး ... ပြည့်"

အမျိုးသမီးကြီး၏ မျက်နှာထားသည် ပြုံးရွှင်တောက်ပသွားကာ မျက်နှာ ဝိုင်းမလေးကို အသေအချာကြည့်ပါသည်။

"သမီး ရောက်လာပြီကိုး။ အင်း ... သမီးတောင် တော်တော်ကြီးပြီပဲ။ နေ့ လာမယ်ဆိုတာ ဘာလို့ဖုန်းကြိုမဆက်လဲ။ ဖုန်းလှမ်းဆက်ထားရင် မေလာကြိုမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မေမေရယ် ... သမီးကြောင့် မေမေတို့ အလုပ်ရှုပ်နေမှာစိုးလို့ပါ"

"ဘာမှမဖြစ်ပါဘူး သမီးရယ်။ လာ ... လာ ... အိမ်ထဲလာ"

အမျိုးသမီးကြီး ပြုံး၍ဆိုသော မျက်နှာဝိုင်းမလေးကို နွေးထွေးယုယစွာ ဆက်ဆံကြိုဆို၏။ ပြည့်သည် သူမ၏ အထုပ်အပိုးများကိုသယ်ပိုးယူငင်၍ အိမ်ထဲသို့ဝင်လေသည်။ အမျိုးသမီးကြီးက ကူညီကာနေရာချထားပေးပါ၏။

"သမီးအဘွား ဒေါ်ခင်စန္ဒာအေးလည်း ဩစတေးလျကပြန်လာတယ်လို့ ကြားလိုက်တယ်။ ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီအိမ်မှာ သမီးလွတ်လွတ်လပ်လပ်သာနေ။ လိုအပ်တာရှိရင်လည်း မေမေ့ကိုပြော။ ဦးတင့်နိုင်ဝင်းကိုလည်း သမီးရဲ့ပတွေးလို့ မတွေးနဲ့ပေါ့။ ဒီက မောင်နှမတွေနဲ့လည်း အဆင်ပြေအောင်နေ ... ကြားလား"

"ဟုတ်ကဲ့ပါ မေမေ"

"ပြောသာနေတာ ... မေမေ့သမီးက လိမ္မာပြီးသားပါ။ ဒါနဲ့ သမီးဆုရည်ဝေနဲ့ တစ်ခန်းတည်း အတူနေလို့ ဖြစ်တယ်မို့လား"

"ရပါတယ် မေမေ။ ဖြစ်ပါတယ်"

"အင်း ... ဆုရည်ဝေက သမီးဒီမှာ လာနေတော့မယ်ဆိုတာသိတော့သူ အဖော်ရတော့မယ်ဆိုပြီး ပျော်နေတာ"


www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

ဆုရည်ဝေက ဦးတင့်နိုင်ဝင်း ပထမ မယားနှင့်ရသော သမီးဖြစ်သည်။ အသက်က ပြည့်ထက် နှစ်နှစ်ကျော်ငယ်သည်။ လူနေကတော့ ဦးတင့်နိုင်ဝင်းနှင့် ပြည့်၏မိခင် ဒေါ်တင်တင်အေးတို့ ညားကာမှရသော ကလေးဖြစ်၏။ ထို့ကြောင့် အသက်ကပြည့်တို့နှင့် များစွာကွာသည်။ လူနေ၏အသက်က အခုမှ ငါးနှစ်ပင်မပြည့်သေးချေ။ သူ့နာမည်အရင်းမှာ အေးသူရဖြစ်ပြီး လူလိုသူလိုမနေဘဲ ဆော့လွန်းသောကြောင့် လူလိုသူလိုနေရန် သွန်သင်ဆုံးမရင်းနှင့် နှုတ်ကျိုးပြီး လူနေဟု အမည်တွင်သွားခြင်းဖြစ်သည်။

ဦးတင့်နိုင်ဝင်းနှင့် ဆုရည်ဝေသည် အပြင်သွားရာမှ ပြန်ရောက်မလာကြသေးချေ။ ပြည့်သည်အခန်းထဲသို့ ပစ္စည်းပစ္စယာတွေ ရွှေ့ပြောင်းပြီးသောအခါ ကုတင်ပေါ်မှာ ခဏထိုင်နားနေလိုက်သည်။ ပြီးတော့ အိတ်ထဲမှ ဓာတ်ပုံတစ်ပုံကို ထုတ်၍ကြည့်နေမိလေသည်။

ထိုအခါတွင် လွမ်းဆွေးဆွတ်ပျံ့ခြင်းများသည် သူမရင်တွင်းသို့ တလိမ့်လိမ့် စီးဆင်းဝင်ရောက်လာဖါတော့သည်။

"ဖေဖေ ... သမီးကို စိတ်မပူနဲ့နော်။ သမီး အဆင်ပြေပါတယ် ဖေဖေရယ် ..."

ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်သော ဖခင်ဖြစ်သူသည် သူမအား ဓာတ်ပုံထဲမှ ပြုံး၍ကြည့်နေသည်။ ပြည့်၏မျက်ဝန်းအစုံသည် မျက်ရည်အစအနတို့ကြောင့် ရုတ်တရက် စွတ်စိုဝေဝါးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မိစေရန် သူမကြိုးစား၍ ထိန်းချုပ်ပစ်လိုက်ပါ၏။

ကျန်ရှိနေသေးသည့် ရင်ဆိုင်စရာ မနက်ဖြန်များစွာအတွက် သူမအား မွေးထားလိုက်ပါသည်။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

မြို့ပြ၏ လမ်းမများထက်မှာ ပြည့်တစ်ယောက် လျှောက်သွားနေပြန်ပါသည်။ ဒီမြို့က သူမအတွက် အစိမ်းသက်သက်မဟုတ်ချေ။ ဒီမြို့မှာ နှစ်ကာလများစွာကြာအောင် သူမ နေထိုင်ခဲ့ဖူးပါသည်။ မိခင်နှင့်ဖခင် ကွဲကွာသွား၍သာ သူမလည်း ဒီမြို့ကိုခွဲခွာကာ ထားရစ်ခဲ့ရတာဖြစ်သည်။

အခု ... မတွေ့မမြင်ရတာ နှစ်ကာလအတန်ကြာပြီဖြစ်သော မြို့၏ သက်ရှိအခြေအနေနှင့် အပြောင်းအလဲများကို စိတ်ဝင်တစား လေ့လာနေမိပါသည်။ ထိုစဉ်မှာပင် သူမအနီးအပါးသို့ ကောင်လေးတစ်ယောက် ကပ်လာ၏။

"အစ်မ ... အစ်မ အင်္ဂလိပ်လို တတ်လားဟင်"

"အင်း ... နည်းနည်းပါးပါးတော့ တတ်ပါတယ်"

ပြည့် အလိုက်သင့်ပြန်ဖြေလိုက်သည်။ ထိုအခါ ကောင်လေးက တစ်ဆင့်တက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလား"

"ဘာကူညီရမှာလဲ"

"ကျွန်တော့်ကို အင်္ဂလိပ်လို စာလေးတစ်စောင်လောက် ရေးပေးစမ်းပါ"

"ဘာစာလဲ"

"ရည်း ... ရည်းစားစာပါ"

"ဘယ်လို"

"ဒီလိုပါ ... ကျွန်တော်ကြိုက်တဲ့ ကောင်မလေးက အင်္ဂလိပ်လို အနည်းအပါးတတ်တယ်လေ။ ကျွန်တော်က သူ့ကိုချစ်တဲ့ကြိုက်တဲ့အကြောင်း အင်္ဂလိပ်လိုရေးပြီးစာပေးချင်တာ။ အဲ့ဒါကြောင့် ရေးပေးပါလားလို့ အကူအညီတောင်းတာ"

"ဩော် ... အဲ့ဒါများ ကိုယ့်ဘာသာ ရေးပေးလိုက်ပါလား"

"ကျွန်တော်က ကောင်းကောင်းမရေးတတ်လို့ပါ အစ်မရယ်။ ကူညီပါဗျာ ... နော် ..."

ကောင်လေးက မျက်နှာငယ်လေးနှင့်ပြောနေတော့ ပြည့် အားနာသွားမိသည်။

"ကဲ ... ဒါဆိုလည်း ပေး ... စာရွက်နဲ့ ဘောလ်ပင်"

"ဟုတ် ... ဟုတ် ... ကျေးဇူးပါပဲ"

ကောင်လေးက သူ၏ဘေးလွယ်အိတ်ထဲမှ စာရွက်နှင့်ဘောလ်ပင်



www.burmeseclassic.com

www.burmeseclassic.com



...တ်၍ ပျာပျာသလဲပေးသည်။ ပြည့်သည် ကောင်းမှုတစ်ခု ပြုလုပ်ရသည် ...ယင် သဘောပိုက်ကာ လမ်းနံဘေးမှာ စောင့်ကြောင့်ထိုင်လိုက်လေသည်။ ...တော့မှ ဒူးပေါ်တွင် စာရွက်ကိုတင်၍ ဘောလ်ပင်နှင့် တတ်သလောက် ...တ်သလောက် ဟိုရေးဒီခြစ် လုပ်လိုက်လေ၏။

"ကျွန်တော့်နာမည်လေးလည်း ပါအောင်ရေးပေးပါနော်"

"ပြော ... နာမည်"

"ဝင်းလွင်ဦး"

ပြည့်သည် လက်မှတ်ပါ အဆစ်ထိုးပေးလိုက်သေးသည်။ ပြီးတာနှင့် ...ာင်လေးကိုပြလိုက်၏။

"ဒီလောက်ဆို ရပြီမို့လား"

"အဲ ..."

ကောင်လေးက စာရွက်ကို အသေအချာ ကြည့်သည်။ ကြည့်ရင်းနှင့် ...အမူအယာပျက်လာသည်။

"ဟိုလေ ..."

"ပြော ... ဘာလဲ"

"ကျူညီလက်စနဲ့ တစ်ခါတည်း လက်ရေးသည်းခံပါလို့လည်း ရေးပေး ...ဦး"

"ဘာ ... ဘာပြောတယ်"

ပြည့် ရှူးခနဲ ဒေါသထွက်သွားလေသည်။ ရှက်လည်း ရှက်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို တမင်သက်သက် အရှက်ခွဲနေတာလား"

"မ ... မဟုတ်ပါဘူး အစ်မရယ် ... အမှန်ကိုပြောတာပါ"

"အောင်မာ ..."

ပြောကာမှ ပိုအော်ဆိုးလာသည်။

"လမ်းဘေးမှာ ဒူးပေါ်တင်ရေးရတာပဲဟဲ့။ ဒီလောက်တော့ ရှိမှာပေါ့"

"ဟုတ်တော့ဟုတ်ပါတယ် ... "

"ဒါဆို ... ရော့ ... ယူလေ ... "

ပြည့်က စာရွက်ကို ထိုးပေးလိုက်သည်။ ကောင်လေးက မယူချေ။ မျက်နှာက ရှုံ့မဲ့မဲ့လေးဖြစ်နေသည်။

"အဲဒီ စာရွက်ကို ကျွန်တော်မယူတော့ပါဘူး အစ်မရယ်"

"ဟင် ... အစကတော့ ကောင်မလေးကို ပေးချင်လို့ဆို"

"ဟုတ်ပါတယ်"

"ဒါဆို ပေးလိုက်လေ"

"ဟင့်အင်း ... ခုတော့ ပေးချင်တော့ဘူး"

"အပြောင်းအလဲကလည်း မြန်လိုက်တာ။ ဘယ်လို ဖြစ်သွားရတာလဲ"

"ပေးရင်လည်း သူဖတ်ရတတ်တာမှ မဟုတ်တာ"

"ဟင်းနော် ... "

ပြည့် သည်းခံစိတ်ကို အတော်ပဲ မွေးမြူထားရလေသည်။ ကောင်လေးကတော့ အလွန်စိတ်ခတ်ကျနေဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာရွက်ကို အစ်မပဲ ယူလိုက်ပါလားဗျာ"

"ဟင် ... ငါက ဘာကိစ္စယူရမှာလဲ"

"တခြားလူပေးလည်း ဖတ်တတ်မှာမှ မဟုတ်တာ။ အဲဒါကြောင့် နားလည်တဲ့အစ်မပဲယူလိုက်ပါနော်။ မနှစ်နှာချင်ရင် အစ်မကို ကျွန်တော် ပေးတယ်လို့ သဘောထားလိုက်ပေါ့"

"အောင်မာ ... အောင်မာ ကြည့်စမ်း ... နင်ကများ ငါ့ကို ..."

ပြည့် ဇွေ့ဇွေ့ခုန်သွားရလေသည်။ ကောင်လေးကတော့ တက်ကြွလာ ပုံရ၏။ လက်ဖျောက်ပင် တီးလိုက်ပါသေးသည်။

"ဟုတ်တယ် အစ်မ ... အဲဒီအစီအစဉ် ကောင်းတယ်"

"ဟွန်း ... ဘာကောင်းတာလဲ"

"သေချာကြည့်မှ သတိထားမိတယ်။ အစ်မက ကျွန်တော့် ကောင်မလေးထက်ပိုလှတယ်။ ကြည့်ရင်းကြည့်ရင်းနဲ့လည်း အစ်မကို ကျွန်တော် ချစ်လာပြီ"

"မြန်လိုက်တာ"

"အဲဒါကြောင့် ဟိုတစ်ယောက်ကို စာမပေးတော့ဘူး။ အစ်မကိုပဲ ပေးတော့မယ်"

"အောင်မာ ... ငါက နင့်ကိုမကြိုက်ပါဘူး"

"အေးအေးဆေးဆေး စဉ်းစားပါဦးလေ။ အဖြေက အခုချက်ချင်း မဟုတ်လည်း ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားစရာကို မလိုတာ"

"အချိန်တွေ အများကြီးရှိပါသေးတယ်ဗျာ၊ ကျွန်တော်က စိတ်ရှည်ပါ တယ်"

ကောင်လေးကား မှတ်ကြီးဝင်ပူးနေတော့သည်။ ပစ်မှတ်အသစ် ပြည့် ခများ ကိုယ့် ရှုးကိုယ်ပတ်ကာ ရှူးချင်လာသည်။ ထိုစဉ်မှာပင် ကောင်မလေး သုံးယောက်နံဘေးနားမှ ဖြတ်သွားပါသည်။ အကူအညီရလိုရငြား ပြည့် ကြည့်လိုက်ရာ သူတို့မျက်လုံးတွေက တစ်နေရာတည်းမှာ စုပြုံရောက်ရှိ နေကြ၏။

"ဟိုမှာ ... ဟိုမှာ ... သူမို့လား ... အကွရာလေ"

"ဟယ် ... ဟုတ်တယ် ... ဟုတ်တယ် ... အဲ့ဒါ အကွရာ"

"သူ့ကြည့်ရတာ အရမ်းမိုက်တာပဲ"

ကောင်မလေးတွေ မျက်လုံးဦးတည်ရာကို ပြည့်လည်း ကြည့်လိုက် ၏။ ထိုအခါတွင် မနေ့ညနေက ရန်ပွဲမှာတွေ့ခဲ့ရသည့် ပန့်ခ်ကေနဲ့ ကောင်လေးကို မြင်လိုက်ရပါသည်။ ထိုကောင်လေးကိုကြည့်၍ ကောင်မ လေးတွေ သဲသဲလှုပ်ဖြစ်နေကြသည်။

အကွရာဆိုသော ကောင်လေးကတော့ အေးအေးဆေးဆေးပင် ရေသန့်ဗူးကို မော့ကာသောက်ရင်း ဘယ်သူ့မှ ဂရုမစိုက်ဟန်ဖြင့် လျှောက် လာနေသည်။ ပန့်ခ်စတိုင်လ်နှင့် မထီတရီဂျစ်ကန်ကန် သူ့ပုံစံက တစ်မျိုး တစ်ဖုံ ဆွဲမက်စရာကောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာက သောက်ပြီး၍ ကုန်စင်သွားသော ရေသန့်ဗူးကို လမ်းဘေးခဲယာမကြည့်ဘဲလွှင့်ပစ်လိုက်လေသည်။ ထိုရေသန့်ဗူးခွံက ဗိုးခနဲပြေးထွက်သွားပြီး ရပ်၍ငေးနေသော ပြည့်နဖူးကို ဒုတ်ခနဲပဲ ထိမှန်၏။

"အ ..."

ပြည့် ညည်းတွားဖြစ်သွားသည်။

"ဟာ ... ဘာကောင်လဲကွ ... မကြာခင်မှာ ငါ့ချစ်သူဖြစ်တော့မယ့် အလောင်းအလျာလေးကို ရေသန့်ဗူးနဲ့ပေါက်တာ။ သေချင်လို့လား"

ဝင်းလွှင်ဦးက မြွေပွေးပါးပျဉ်းထောင်သလိုမျိုး ဒေါက်ခနဲမာန်ဖီသည်။ မရှိသည့် ဗလကို အတင်းညှစ်ထုတ်ပြီး အင်္ကျီလက်မောင်းကိုလည်း ပင့်တင်ထားလိုက်သေး၏။ သူ့ဟန်ပန်က တိုက်ခိုက်ရန်အဆင်သင့်။

"ဟော့ ... မေးနေတာ မကြားဘူးလား။ ရေသန့်ဗူးနဲ့ပေါက်တာ ဘယ်ကောင်လဲ"

"ငါပဲ"

"ဟင် ... အစ်ကို"

အက္ခရာက တည်ငြိမ်စွာ တစ်လှမ်းချင်းလျှောက်လာသည်။ ထိုအခါ ဝင်းလွှင်ဦး၏ မျက်နှာသည် မြွေပွေးကိုမြင်လိုက်ရသော ဖားပြုတ်ကဲ့သို့ ဖြစ်သွားချေတော့၏။

"ကို ... ကိုအက္ခရာ ..."

"ခုနက ငါ့ကိုသေချင်လို့လားလို့ပြောတာ မင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကိုအကွရာမှန်း မသိလို့ ... ပြော ... ပြောလိုက်တာပါ"

"အခု သိပြီမို့လား"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်တော် တောင်းပန်ပါတယ်။ သွား ... သွားဦးမယ်နော်"

ဝင်းလွင်ဦးသည် ကုတ်ချောင်းကုတ်ချောင်းဖြင့် ကသုတ်ကရက်ထွက်သွားလေတော့သည်။ ပြည့်ကိုပင် တစ်ချက်ကလေးတောင်မှ ငုံ့ကြည့်မသွားချေ။

ပြည့်သည် နာသွားသော နဖူးလေးကို ပွတ်နေမိသည်။ အကွရာက ပြည့်ရှေ့၌ရပ်၍ မေးပါသည်။

"အရမ်းနာသွားလား"

"ရပါတယ်"

"ငါက တမင်ချိန်ပစ်လိုက်တာ မဟုတ်ပါဘူး။ မင်းကိုက ကံဆိုးလို့ထိတာ"

"အောင်မာ ... "

ပြည့် စိတ်တိုသွားရသည်။ သို့သော် ဘာမှပြန်မပြောဘဲ နေလိုက်သည်။ အကွရာက ပြည့်ကိုတရစပ် ကြည့်လေ၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ပြည့်"

"တစ်လုံးတည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မင်းကို အရင်ကမမြင်ဖူးပါဘူး။ တစ်နေရာရာက ပြောင်းလာတာလား"

"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး"

ပြည့် ဝေါက်ဆတ်ဆတ် ပြန်ဖြေလိုက်၏။ အကွာရာက မျက်နှာသေ။

"ငါမေးတာကို မင်းကောင်းကောင်းဖြေပါ"

"ရှင်က ဘာမို့လို့ လူမိုက်လို လာမေးနေတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"အဲဒါဆို ဖယ် ... ကျွန်မ သွားတော့မယ်"

ပြည့်သည် ရှေ့ရှိအကွာရာကို တွန်းဖယ်၍ထွက်လာခဲ့သည်။ ခြေလှမ်းများကို သူမ အစွမ်းကုန်သွက်လက်ပစ်လိုက်ပါ၏။ မလှမ်းမကမ်းရောက်တော့မှ စိတ်၏အလိုဆန္ဒအရ နောက်သို့ပြန်လှည့်ကြည့်လိုက်မိပါသည်။

ထိုအခါတွင် သူမ မျက်လုံးအစုံသည် အဓိပ္ပာယ်ပါသော အပြုံးတစ်ခုနှင့် မိတ်ဖွဲ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မိုးစက်များသည် ကောင်းကင်ဆီမှ ခွန်အားကောင်းစွာဖြင့် ပန်းထွက်နေပါသည်။ ပြည့်နှင့် ဆုရည်ဝေသည် ထီးတစ်ချောင်းတည်းအောက်တွင် နိုဝင်လျက် လမ်းလျှောက်နေကြချေ၏။

ဆုရည်ဝေက ပြည့်ကို သူမ၏အရည်အချင်းတွေ ထုတ်ကြွားနေပါသည်။

"ဟိုတစ်နေ့ကလေ ... ဆုရည် ဒက်ဒီနဲ့လိုက်သွားပြီး အလုပ်တွေကူလုပ်ပေးနေတာ"

"အဲဒါ ကောင်းတာပေါ့"

"ဒက်ဒီက ဆုရည်ကို ကုမ္ပဏီက စာရင်းတွေ စစ်ခိုင်းတယ်၊ အဲဒါ ဆုရည်က ဆယ်ကြိမ်တောင် စစ်ပေးလိုက်တယ်"

"လုပ်ငန်းကို သေချာလုပ်တဲ့ သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အဲဒါ ဒက်ဒီက ဆုရည်ကိုဆူတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဆယ်ခါစစ်တာမှာ စာရင်းက ဆယ်မျိုးဖြစ်နေလို့တဲ့"

"အယ်"

ရယ်သံနှင့်အတူ ပြည့်ပါးစပ်ကလေး ဟစီဟစီဖြစ်သွားရ၏။ ကလေးဆန်ကာ သွက်လက်သော ဆုရည်ဝေကိုကြည့်၍ သူမပြုံးမိသည်။ ဆံပင်လိမ်ကောက်ကောက် မျက်နှာသွယ်သွယ်လေးနှင့် ဆုရည်ဝေသည် ဟန်ဆောင်ခြင်း ကင်းရှင်းကာ ချစ်စဖွယ်ကောင်းပါသည်။ သူမနှင့် ဆက်ဆံရတာလည်း အဆင်ပြေ၏။

"ဟိတ် ... ဆုရည်"

မျက်နှာချင်းဆိုင်အရပ်မှ ထီးအပြာလေးကိုဆောင်း၍ လျှောက်လာသော ကောင်မလေးတစ်ယောက်က ဆုရည်ဝေကိုတွေ့တော့ လှမ်းနှုတ်ဆက်သည်။ သူတို့နှစ်ဦးမှာ သူငယ်ချင်းတွေ ဖြစ်ပုံရ၏။

"ဟဲ့ ... မေသက်စု ... နင် အခုတလော ပျောက်လှချည်လား"

"အေး ... ငါ ဖယားအသစ်တွေ့နေလို့"

"ဘယ်လိုလဲ၊ ပခုံးကောင်းသွားပဲလား"

ဆုရည်ဝေက မေသက်စုဆိုသော ကောင်မလေး၏ ထီးအောက်ကို ဝင်သွားဘည်။ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြော၍ ရစေရန်အတွက် ပြည့်သည် ရှေ့ဆက်လျှောက်လာခဲ့သည်။ ဒီအခိုက်



www.burmeseclassic.com

www.burmeseclassic.com



... ရိုက်နှက်သတ်ပုတ်နေသော ရန်ပွဲတစ်ခုကို သူမ တွေ့မြင်လိုက်ရလေသည်။ ဒါကြောင့် ဆက်မသွားဝံ့တော့ဘဲ သူမရပ်နေလိုက်ပါသည်။ ရန်ပွဲက လူများပြီး တော်တော်ပဲရမ်းကား၏။

ထိုစဉ် ... ရဲကားတစ်စီး အပြင်းနှင်ကာ မောင်းဝင်လာသည်။ ဒီအတွက်ကြောင့် အရှိန်အဟုန်တက်နေသော ရန်ပွဲသည် ကစဉ့်ကလျားဖြစ်ပျက်သွားတော့၏။ ဝရုန်းသုန်းကား ပြေးထွက်လာသူအချို့သည် ငြိမ်ငြိမ်ဆိမ်ဆိမ် ရပ်နေသောသူမကိုပင် တိုးတိုက်လို့သွားကြလေသည်။ သူမခမျာ ကိုးရိုးကားရားတွေ ဖြစ်နေရရှာ၏။

မိုးက သည်းသည်းမဲမဲ ရွာနေမြဲ။ ပြည့်သည် ထီးကလေးကိုကိုင်ကာ ကြောက်ရွံ့စွာဖြင့် ရပ်နေဆဲ။ အဲဒီလိုအချိန်အခါမှာပဲပေါ့။ သူမ ပခုံးကို လူ တစ်ယောက်က ပိုင်စိုးပိုင်နင်း လာဖက်လေ၏။

"ဟင်"

ပြည့် လန့်သွားမိသည်။

ကြည့်လိုက်တော့ ဟိုတစ်နေ့က ရန်ပွဲမှာတွေ့သည့် အိမ်မိုကေနှင့် ကောင်လေး ...။ သူက သူမကို အသေအချာ စိုက်ကြည့်နေသည်။ သူ့အကြည့်မှာ အံ့သြဟန်တွေ ပါဝင်လျက်ရှိ၏။

"မင်းကိုငါ တစ်နေရာရာမှာ မြင်ဖူးသလိုပဲ"

ပြည့်သည် ပခုံးပေါ်မှ လက်ကိုဖယ်ချလိုက်သည်။ လက်က ကျွာကျသွားပေမယ့် အကြည့်တွေကတော့ တည်ရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကိုသိတယ်မို့လား"

"ဟင့်အင်း ... မသိပါဘူး"

"မင်း GTC ကလား"

"မဟုတ်ဘူး"

"ဒါဆို ထူးဆန်းနေပြီ။ မင်းကိုငါ ဘယ်နားမှာမြင်ဖူးမှန်း မသိဘူး"

ကောင်လေးက ခေါင်းကိုကုတ်သည်။ စဉ်းစားရင်း စိတ်ရှုပ်လာပုံရ၏။

"ကျွန်မက ဟိုတစ်နေ့ကမှ ရန်ကုန်ကပြောင်းလာတာ"

"ဘာ ... ရန်ကုန်က ..."

ကောင်လေး ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ သူ့အမူအယာကြောင့် ပြည့်ပင် ကြောင်သွားရသည်။ ထီးတစ်ချောင်းတည်းအောက်မှာရပ်လျက် နှစ်ယောက်သား ခဏတာမျှ ငြိမ်သက်နေမိကြ၏။

မိုးသည် မတိတ်သေးဘဲ သည်းနေဆဲ ... ။

ထိုအခိုက်တွင် ... ဆုရည်ဝေနှင့် မေသက်စုသည်လည်း ရုန်းပွဲကြောင့် သူကွဲသွား၏။ ဆုရည်ဝေသည် ဆောင်းစရာ ထီးမရှိသဖြင့် တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲနေပါသည်။ ထိုစဉ်မှာပင် အက္ခရာနှင့် သူငယ်ချင်း တစ်ယောက်ကို သူမ တွေ့မြင်လိုက်ရလေ၏။

"တောက် ... ခွေးကောင်တွေ ... တော်တော် အသုံးမကျတဲ့ပွဲပဲ"

အက္ခရာသည် စိတ်တိုနေ၏။

"ဟဲ့ ... အက္ခရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဆုရည်"

အသံပြုလိုက်တော့မှ အကွာရာက လှည့်ကြည့်ရင်း သူမကိုမြင်သွားသည်။ ဆုရည်ဝေနှင့် အကွာရာသည် ငယ်သူငယ်ချင်းတွေဖြစ်၏။

"ဆုရည် ... နင်ဘာလို့ တစ်ယောက်တည်း ဖြစ်နေတာလဲ"

"နင်တို့ တွေ့လိုက်လား ... လူမိုက်တွေ"

"လူမိုက် ... ဟုတ်လား ...။ အဲ့ဒါ ခွေးလေခွေးလွင့်တွေ။ အောင်သူရကြွယ်တို့ အဖွဲ့လေ။ သူတို့က အလုပ်မရှိတိုင်း ပြဿနာပဲ လိုက်ရှာနေတာ"

အကွာရာသည် တောက်တခေါက်ခေါက် ဖြစ်နေ၏။ အောင်သူရကြွယ်တို့အဖွဲ့က ဒီမြို့မှာတော့ အဆိုးသွမ်းဆုံး၊ အမိုက်ရိုင်းဆုံး၊ အင်အားအကြီးမားဆုံးအဖွဲ့ဖြစ်သည်။ လူကောင်တွေထွားပြီး အသက်ကလည်း အကွာရာတို့ထက်ကြီးကြသည်။ သူတို့အဖွဲ့က အကွာရာတို့လို နောက်တက်လူငယ်လေးတွေဆိုလျှင် သူတို့ကို မကျော်ရဲအောင် အကြောင်းမရှိအကြောင်းရှာပြီး ပါဝါပြနှိပ်စက်နေကြဖြစ်သည်။

ခြေစလက်စရှိပြီးစွာသော အကွာရာကတော့ ငြိမ်မခံဘဲ သူတို့ကို တုံ့ပြန်လေ့ရှိ၏။

"ဟာ ... အကွာရာ ... ဟိုမှာ မင်းရဲ့စိမ်းဘက်"

"ဘယ်သူလဲ"

"နိုင်တည်မြဲ"

အကွာရာ၏ သူငယ်ချင်း လက်ညှိုးထိုးပြရာကို ဆုရည်ဝေလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့် လိုက်သည်။ ထိုအခါတွင် အိမ်မိုးကေနှင့် နိုင်တည်မြဲကို အစ်မဖြစ်သူ ကြည့်နှင့် အတူ ထီးတစ်ချောင်းတည်းအောက်မှာ တွေ့မြင်လိုက်ရလေသည်။

နိုင်တည်မြဲသည် အရာအားလုံးကို ဥပေက္ခာပြုလျက် ပြည့်နှင့်စကား ကောင်းနေ၏။

"ရန်ကုန်မှာ ငါသိတဲ့လူတစ်ယောက်ရှိတယ်"

"ဟုတ်လား ... အဲဒီလူက ဘယ်မှာနေတာလဲ"

"ဗဟန်းမှာ"

"ဗဟန်းဟုတ်လား ... ငါလည်း ဗဟန်းမှာနေတာ"

"သေချာလား ...။ ဒါဆို ... မင်း ... ဟိုတစ်ယောက်ကို သိလား။ ...တို့ အရှယ်လောက်ပါပဲ"

"ဘယ်သူလဲ ... နာမည်ပြောလေ"

ပြည့်အမေးကို နိုင်တည်မြဲ ဖြေရန်ပြင်စဉ်မှာပင် အနားသို့ ...သုံးယောက် ရောက်လာသည်။ တစ်ယောက်ဖြစ်သော ဆုရည်ဝေက ...

"အစ်မ ... အဲဒီ အလေနတွေနဲ့ ဘာလုပ်နေတာလဲ"

"ဟိတ်ကောင် ... ဒီတစ်ခါ မင်းလူတွေ မပါဘူးလား"

အကွရာမေးတာကို နိုင်တည်မြဲက အရေးမထား။ သူ့စိတ်ဝင်စားမှု ...က ပြည့်ဆီမှာ ...။ ပြည့်ကိုသာ ကြည့်နေသော သူ့မျက်လုံးတွေက ...ပြဟန်ဖြင့် စူးရဲတောက်ပလို့နေပါသည်။

"မင်း နာမည်က ပြည့် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"အဲ့ဒါဆို ငါ့ကိုမမှတ်မိဘူးလား။ ငါ တည်မြဲလေ ... နိုင်တည်မြဲ... မမှတ်မိဘူးလား"

ပြည့်သည် နိုင်တည်မြဲကို ငေါင်၍ကြည့်နေမိ၏။ နိုင်တည်မြဲသည် ပြည့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် တရစပ်မေးလေသည်။

"ငါ့ကို တကယ်မသိဘူးလား။ ငါနိုင်တည်မြဲလေ"

"လာပြီး လုပ်ဇာတ်ခင်းမနေနဲ့။ သွားတော့ ... နင် ငါ့အစ်မကို နှောင့်ယှက်နေတာမလား"

ဆုရည်ဝေက ဝင်ပြောတော့ နိုင်တည်မြဲ ကြောင်သွားပုံရသည်။

"သူက နင့်အစ်မ ... ဟုတ်လား"

"ဟုတ်တယ်"

ဆုရည်ဝေက ငေါက်ဆတ်ဆတ်ပြန်ဖြေသည်။ အကူရာက နိုင်တည်မြဲ၏ လက်နှစ်ဖက်ကို ဆွဲဖြုတ်ပြီး ပြည့်ပခုံးကို စေးစေးပိုင်ပိုင် ဝင်၍... ဖက်လိုက်လေသည်။

"မင်းတို့ကို အနှောင့်အယှက် ပေးရတာစိတ်မကောင်းပါဘူး... ဒါပေမယ့် သူက ငါ့ကောင်မလေး ဖြစ်တော့မှာ"

"ဟင်"

ပြည့်သည် စိတ်ရှုပ်လာသည်။ သူမသည် အရုပ်တစ်ရုပ်လို ဖြစ်နေ... ရ၏။ သို့သော် မလှုပ်ရဲ။ လူဆိုးလေးတွေဖြစ်သော ... နှစ်ယောက်...



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လည်းကြောက်မိပါသည်။ ထိုစဉ်မှာပင် ...

"လာ ... လိုက်ခဲ့"

"အို"

နိုင်တည်မြဲသည် ပြည့်၏လက်တစ်ဖက်ကို ဆတ်ခနဲပဲ ဆောင့်ဆွဲပြီး ဆွဲပြေးလေသည်။ ရုတ်တရက်မို့ ပြည့်ခမျာ ယက်ကန်ယက်ကန်ဖြင့် ပါသွားရ၏။

"ဟိတ်ကောင် ... ရပ်စမ်း"

"သေချင်းဆိုး ငါ့အစ်မကိုထားခဲ့"

ဆုရည်ဝေနှင့် အကွရာက အော်ဟစ်တားမြစ်ကြသည်။ သို့သော် နိုင်တည်မြဲက မရပ်မနားဘဲ ဆက်၍သာပြေးလွှား၏။ ပြည့်ခမျာ မောလာသည်။

လမ်းကြားတစ်ခုကို ရောက်တော့မှ နိုင်တည်မြဲက ပြေးလွှားနေရာမှ ရပ်တန့်သည်။ ပြီးတော့ ပြည့်ကိုကြည့်၏။

"ဒီမှာ ... ငါ့နာမည် နိုင်တည်မြဲ။ မှတ်မိတယ်မဟုတ်လားဟင်"

ပြည့်သည် တွေဝေနေတုန်းပင်။

"သေချာစဉ်းစားပါဦး။ နိုင်တည်မြဲလေ ... မမှတ်မိဘူးလား။ ငါ့ရုပ်ကို သေချာကြည့်စမ်းပါဦး"

"ဟိတ်ကောင် ... တိရစ္ဆာန်"

"အစ်မ ... ပြည့် ..."



www.burmeseclassic.com

www.burmeseclassic.com



အကွရာနှင့် ဆုရည်ဝေသည် ပြေးလွှား၍လိုက်လာကြ၏။ သူတို့နောက်ဘက်တွင် လူအုပ်တစ်အုပ်လည်းပါလာသည်။ အကွရာ၏ ဘော်ဒါတွေဖြစ်သည်။

ပြည့်သည် အခြေအနေတို့ အကဲခတ်ရင်း နိုင်တည်မြဲအား ကြည့်လိုက်သည်။ သွေးအေးစွာဖြင့် ရပ်နေသော နိုင်တည်မြဲ၏ မျက်လုံးတွေက နွေးထွေးနူးညံ့လို့နေပါသည်။ မျက်နှာပြင်သည်လည်း ကျေနပ်ဟန်ဖြင့် ရွှင်ပြုံးလျက်ရှိ၏။

"အစ်မ"

မထင်မှတ်သော နိုင်တည်မြဲ၏ ခေါ်သံကြောင့် ပြည့်ရင်ထဲမှာ ရေခဲရေနှင့် အပက်ခံလိုက်ရသလိုမျိုး အေးခနဲပဲ ဖြစ်သွားသည်။ နိုင်တည်မြဲ၏ မျက်လုံးတွေကိုကြည့်ရတာ ပုဏ္ဏားဆန်ကာ ထူးထွေဆန်းပြားလို့နေပါသည်။

"နောက်မှတွေ့မယ်နော်"

နိုင်တည်မြဲသည် ရုတ်တရက်ပြေးထွက်သွားလေသည်။ မလှမ်းမကမ်းရောက်တော့မှ နောက်ဘက်သို့ပြန်လှည့်ကြည့်ပြီး လက်ဖော့ရမ်းကာ ပြည့်ကို ပြုံးပြပါသည်။ နောက် မှုန်ဝါးပျောက်ကွယ်သည်အထိ ဆက်လက်ပြေးထွက်သွားလေတော့၏။

"တည်မြဲ ... နိုင်တည်မြဲ ... "

သူ့အမည်ကိုနှုတ်ဖျားမှ ပြည့် တိုးဖွဖွ ရွတ်ဆိုမိသည်။ ခဏချိန်ပိုင်းအတွင်းမှာ ဖြစ်ပေါ်မှုများက သမရိုးကျမဆန်လှ။ ထူးဆန်းအံ့ဩမှုများက



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်မှာ စီးပျော်ပူးဝင်နေပါပြီ။

"အစ်မ ... ဘာဖြစ်သွားသေးလဲ"

အနားရောက်လာသော ဆုရည်ဝေက စိတ်ပူပင်စွာမေးသည်။ အကွရာ

က

"မင်းက အဲဒီ နိုင်တည်မြဲဆိုတဲ့ကောင်နဲ့ ဘယ်လိုသိတာလဲ"

"ဟင် ... ဘာလဲ"

"အကွရာ ... သူ ဘာမှမသိဘူး"

ဆုရည်ဝေက ဝင်ဖြေသည်။ အကွရာက ပြည့်ကို တည့်တည့်ကြည့်၍

"အဲဒါဆို ငါအကြံပေးမယ်။ စိတ်သိပ်မလှုပ်ရှားနဲ့။ နိုင်တည်မြဲကြည့်ရ

တာ မင်းကိုကြိုက်နေပုံရတယ်။ နောက်ဆုံးတော့ မင်း စိတ်ညစ်ရလိမ့်မယ်။

အဲဒီကောင်က ကောင်းတဲ့ကောင်မဟုတ်ဘူး။ ခပ်ခွာခွာနေ"

"ငါ စိတ်မလှုပ်ရှားပါဘူး"

"သေချာလို့လား"

"ဘာပဲဖြစ်ဖြစ် အစ်မအခု အဲဒီကောင်နဲ့ ပတ်သက်မိပြီ။ စိတ်ညစ်ရ

တော့မှာပဲ။ အစ်မဘဝတစ်ခုလုံး အလကားဖြစ်တော့မှာ နားလည်လား"

အကွရာနှင့် ဆုရည်ဝေက ပြည့်ကိုသတိပေး တားမြစ်နေကြ၏။

သူတို့ အသံတွေနှင့်ပင် ပြည့်မှာစိတ်ညစ်လှပါပြီ။

မိုးသည် တိတ်သွားပြီဖြစ်လေသည်။

ထိုအချိန်တွင် ... နိုင်တည်မြဲသည် သူ၏ပိုက်ဆံအိတ်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းနွမ်းသော ဓာတ်ပုံတစ်ပုံကိုထုတ်၍ ကြည့်နေလေသည်။

ထိုဓာတ်ပုံထဲတွင် ဂါဝန်ကလေး ဝတ်ဆင်ထားသော ကောင်မငယ်လေး တစ်ယောက်ပါရှိ၏။ သို့ဝှက်ဖုံးကွယ်မှုဆန့်စွာပင် နိုင်တည်မြဲ၏ မျက်နှာ သည် ပြုံးနေသည်။

ပျော်ရွှင်ဖွယ်ရာ ဝေဒနာများသည် အရေပြားနှင့်အသားဆိုင်တွေကို ထွင်းဖောက်ကာ သူ၏ နှလုံးသားအတွင်းပိုင်းအထိတိုင်အောင် ခရီးပေါက် ရောက်ရှိခဲ့ပြီဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဒီနေ့ ... ပြည့် ကျောင်းသွားမှာဖြစ်သည်။ ဒါကြောင့် မနက်စောစော ကတည်းက အိပ်ယာမှထကာ ပြင်ဆင်နေပါသည်။ ဒေါ်တင်တင်အေးက ပြည့်နှင့် ဆုရည်ဝေကို ဒီတစ်နေ့တော့ ဖယ်ရီနှင့်မသွားစေဘဲ အိမ်မှကားနှင့် လိုက်ပို့ပေးမည်ဟု ပြောထားသည်။

သွားခါနီးကျမှ လူနေကခွာမရဘဲ ငိုနေသည်။ ဒီတော့ ဒေါ်တင်တင် အေးခမျာ အခက်အခဲတွေ့နေရ၏။

"ကလေး ဘာဖြစ်လို့လဲ"

ဦးတင့်နိုင်ဝင်းက လာကြည့်ပြီးမေးတော့ ဒေါ်တင်တင်အေးက ရှင်းပြ၏။

"အလကား ဂျီတိုက်နေတာပါတော်။ မျက်စိမှိတ်အိပ်ဆိုမအိပ်ဘူး"

ဦးတင့်နိုင်ဝင်းက မေးစေ့ကိုပွတ်ကာ ခဏစဉ်းစားသည်။ ပြီးမှ...

"ကလေး မျက်စိမှိတ်အိပ်အောင် လုပ်လို့ရတဲ့ နည်းရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာနည်းလဲတော် ... ပြောစမ်းပါ"

"သူ့ကို နေရောင်အောက်မှာ ပက်လက်လှန်ထားလိုက်ကွာ"

"ရှင် ... ဘာ ... ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ။ နေထိုးရင် မျက်စိကျိန်းလို့ မျက်စိဖွင့်မရတော့ဘူး လေ။ အဲ့ဒါကြောင့် မျက်စိမှိတ်ယားရင်း သူအလိုလိုအိပ်ပျော်သွားလိမ့်မယ်"

"ဩော် ... ဩော် ..."

သူ့အတွေးအခေါ်နှင့်သူတော့ ဟုတ်သလိုလိုပါပဲ။ ဒီလိုနည်းဖြင့် ဦးတင့်နိုင်ဝင်းသည် ကလေးသိပ်ရင်း ကျန်ခဲ့လေ၏။ ဒေါ်တင်တင်အေးက ပြည့်နှင့်ဆုရည်ဝေကို ကျောင်းသို့ လိုက်ပို့ပေးသည်။

ပြည့်နှင့်ဆုရည်ဝေသည် ကျောင်းတူပေမယ့် မေဂျာမတူသလို အတန်းလည်းမတူချေ။ ပြည့်က အင်္ဂလိပ်စာ နောက်ဆုံးနှစ်ဖြစ်ပြီး ဆုရည်ဝေ က ဥပဒေဒုတိယနှစ်ဖြစ်သည်။ အက္ခရာနှင့် ဆုရည်ဝေကတော့ အတန်း လည်း တူသလိုအခန်းလည်းတူ၏။

ရိုးသားအေးဆေးကာ ဆက်ဆံရေးကောင်းမွန်သော ပြည့်နှင့်ကျောင်း သည် အဆင်ပြေပါသည်။ ပထမဦးဆုံး ကျောင်းတက်ရက်သည် သိမ်သိမ် မွေ့မွေ့ပင် ပြီးဆုံးသွားလိမ့်မည်ဟု ပြည့် ထင်မြင်ယူဆခဲ့၏။ သို့ရာတွင် သူမ၏ ထင်မြင်ယူဆချက်ကို ဖျက်ဆီးပစ်မည့် အကြောင်းအရာသည်ခုက မမျှော်လင့်ပါဘဲ ပေါ်ပေါက်လာခဲ့လေသည်။

"ဟာ ... ဟိုမှာ နိုင်တည်မြဲမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟုပါတယ်"

"အဲ့ဒါဆို အကျွရာကိုသွားဇေါ"

"ဒီကောင် ငါတို့စည်းဝိုင်းထဲ မကြောက်မလန့် ဘာကိစ္စဝင်လာတာလဲမသိဘူး"

ကျောင်းဝင်းထဲဝင်လာသော နိုင်တည်မြဲကို အကျွရာ၏ သူငယ်ချင်းတွေကမြင်သွားသည်။ နိုင်တည်မြဲကတော့ ဘယ်သူ့မှဂရုမစိုက်ဘဲ ထီမံထင်ဟန်ဖြင့် ပြည့်ဆီသို့သာ တန်းတန်းမတ်မတ် သွားလေသည်။

ပထမဦးဆုံး့နေ့မို့ အခန်းထဲမှာ ဆရာမရှိချေ။ လက်ထဲမှာ မုန့်တစ်ထုပ်ကိုကိုင်ထားသည့် နိုင်တည်မြဲက ပြည့်နှင့်မျက်နှာချင်းဆိုင်ခုံမှာ ခပ်တည်တည်ပင် ဝင်ထိုင်သည်။

ပြည့်မှာ အံ့သြနေရသည်။

"အစ်မ ... ငါပါ... ။ နိုင်တည်မြဲလေ ... ။ နင် ငါ့ကိုတော့ မမေ့လောက်သေးပါဘူး။ ဟုတ်တယ်မလား"

နိုင်တည်မြဲ၏ မျက်နှာက ရွှင်ပျနေသည်။ ပြည့်က ...

"နင် တစ်ယောက်ယောက်နဲ့ တွေ့ဖို့လာတာလား"

"ဟုတ်တယ်လေ ... အစ်မကို လာတွေ့တာ"

"ငါ့ကို ... "

ပြည့် အံ့အားသင့်သွားသည်။ ထိုစဉ်မှာပင် ခပ်ကံကဲ ကျောင်းသူတစ်အုပ် အနားမှာခြေလာရှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အဲဒါ တည်မြဲပါ။ G.T.C က နိုင်တည်မြဲ အစစ်ပဲ"

"ချောလိုက်တာ။ သူဘာလာလုပ်တာလဲ"

"ငါတို့အတန်းထဲက အသုံးမကျတဲ့ ဟိုကောင်မဆီလာတာထင်တယ်"

"ရွှံစရာကောင်းလိုက်တာပါယ်"

အသံတွေကြောင့် နိုင်တည်မြဲ၏ ခန္ဓာကိုယ်မတ်ခနဲ ဖြစ်သွားသည်။ မျက်နှာထားသည်လည်း ချက်ချင်းပဲ တင်းမာသွားကာ နောက်ဘက်သို့ လှည့်၍ သူဟောက်လေတော့၏။

"မင်း ဘာပြောတာလဲ။ ထပ်ပြောစမ်း"

"ဟယ် ... သူက ငါ့ကို စကားစပြောတယ် ... တွေ့လား ... အဟီးဟီး"

အရေးထဲမှာ ဂုဏ်ယူနေပြန်သည်။ နံဘေးက သူငယ်ချင်းက သတိပေးလိုက်ရ၏။

"ဟိုက နင့်ကို သတ်မလို့ဟဲ့။ ခြိမ်းခြောက်နေတာ"

"အယ် ... တကယ် ... ဒါဆိုရင်တော့ မီးမီးကြောက်ကြောက်"

ဒီတော့မှ နန့်နန့်ထိုးနေသောပိုးသည် ငြိမ်ကျသွားသည်။ နိုင်တည်မြဲကတော့ ဒေါသူပုန်ထတုန်း ...။

"မင်း ခုနကဘယ်သူ့ကိုပြောတာလဲ။ စကားပြောတာကို ဆင်ခြင်။ ဒါမှမဟုတ်ရင် မင်းကိုငါ တစ်စစီဆွဲဆုတ်ပစ်မယ်"

"ဟိတ်ကောင် ... စကားများမနေနဲ့။ မင်း ထွက်ခဲ့စမ်း"

အော်ဟစ်သံနှင့်အတူ အကွရာတို့အဖွဲ့ ရောက်ချလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်တည်မြဲကတော့ အေးအေးဆေးဆေးပါပဲ။ သူ့လက်ထဲမှ မုန့်ထုပ်ကို ပြည့်ရှေ့သို့ တွန်းပို့ပေးလိုက်ပြီး ...

"အစ်မ ... ပီဇာစားလိုက်ပါဦး"

ပြည့်သည် နိုင်တည်မြဲ၏ အေးစက်စက်ပုံစံကိုကြည့်ကာ အံ့သြနေရှာသည်။

"တခြားလူတွေ ယူစားလို့ကတော့သေမယ်"

နိုင်တည်မြဲသည် အကွရာတို့အုပ်စုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ အကွရာတို့ဘက်က အယောက်နှစ်ဆယ်လောက်ရှိ၏။ နိုင်တည်မြဲကတော့ တစ်ယောက်တည်း။

ပွဲကတော့ တစ်ဖက်စောင်းနင်းပါပဲ။

"ဟိတ်ကောင် အကွရာ ... ကြည့်စမ်း ... ဒါဘာလဲ"

နိုင်တည်မြဲက လက်ခလယ်တစ်ချောင်းတည်း ထောင်ပြသည်။ အကွရာ မျက်နှာရဲခနဲဖြစ်သွား၏။ သူ့လူတွေကို မျက်ရိပ်ပြလိုက်ရာ အားလုံးဝေါခနဲ ရှေ့တက်လာကြသည်။ ထိုအခါတွင် နိုင်တည်မြဲသည် လှစ်ခနဲပဲရွေ့လျားကာ ဖွင့်ထားသော ပြတင်းတံခါးမှ သွက်လက်စွာ ခုန်ကျော်ထွက်သွားလေ၏။

"ဟေး ..."

သေသပ်လှပသော သူ၏လှုပ်ရှားဟန်ကြောင့် ကောင်မလေးများ၏ သြဘာသံများ ဆူညံသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ်ကောင် အကွာရာ ... လိမ်လိမ်မာမာနေ ကြားလား။ ဒါ ကျောင်းခန်းထဲမှာမို့လို့ ... နောက်မှတွေ့မယ်"

နိုင်တည်မြဲသည် ခနဲ့တဲ့တဲ့ပြောပြီး ပခုံးတွန့်၍ ထွက်သွားလေသည်။ အကွာရာသည်မခံချိ‌ခဲ့သော်ဖြစ်၍ ကျန်ခဲ့ရ၏။

ထိုစဉ်မှာပင် ဆုရည်ဝေကအနားသို့ ကရောသောပါး ရောက်လာသည်။

"ဟိုကောင် နိုင်တည်မြဲမို့လား"

"ဟုတ်တယ်"

"ကျော်ကျော်ကျူးကျူး ... ဒီကောင်က ဘာကိစ္စ ဒီကိုလာရဲတာလဲ"

"ဆုရည် ... ဒီကောင် နင့်အစ်မကို တော်တော်ကျနေပြီ"

"စိတ်ဆင်းရဲရတဲ့ အရသာကို မြည်းကြည့်ချင်တယ်ထင်တယ်"

အကွာရာနှင့် ဆုရည်ဝေသည် စိတ်တိုနေကြသည်။ စူးရှသော သူတို့နှစ်ယောက်၏ မျက်လုံးတွေက ပြည့်ထံသို့တစ်ပြိုင်နက်တည်း ကျရောက်လို့လာလေသည်။

ချုံ့စရာမလိုဘဲ ပြည့် အနေကျုံ့သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ညနေကျောင်းဆင်းချိန်တွင် နေလုံးအား တစ်ဝက်တစ်ပျက် တိမ်ဖုံးလျက်ရှိ၏။ စိတ်လက်မကြည်မလင်ဖြစ်နေသော ပြည့်သည် ကျောင်းခန်းအတွင်းမှ ခပ်သွက်သွက် ထွက်လာခဲ့ပါသည်။ ဒီညနေ အလုပ်ကိစ္စရှိသဖြင့် ဒေါ်တင်တင်အေးက လာမကြိုနိုင်ကြောင်းပြောထားသည်။ ဒါကြောင့် ကိုယ့်အားသာကိုယ်ကိုး ရပေတော့မည်။

"ဟိတ် ... အစ်မ ... နေဦးလေ"

အတန်းဖြူတ်၍ ဆင်းလာသော ဆုရည်ဝေက ကျောပိုးအိတ်ကလေး တရမ်းရမ်းနှင့် ပြည့်အနားရောက်လာသည်။

"ဘယ်လဲ"

"အိမ်ပြန်မလို့ပေါ့"

"ဘယ်အိမ်လဲ ...။ နိုင်တည်မြဲအိမ်ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဟယ် ... သူဘယ်မှာ နေလဲဆိုတာတောင် ငါမသိပါဘူး"

ပြုံးစစနှင့်စသော ဆုရည်ဝေ၏ စကားကိုပြည့်က ခပ်တည်တည်ပင် ချေပလိုက်သည်။ ထိုစဉ် သူမတို့ရှေ့သို့ ဆိုင်ကယ်တစ်စီး ထိုးဆိုက်လို့လာ၏။ ဆိုင်ကယ်ပေါ်မှ ပုဂ္ဂိုလ်ကတော့ ... နိုင်တည်မြဲ။

"အစ်မ"

"ဟင် ... နင်တော်တော်ဟုတ်နေပါလား။ ဒီကျောင်းကို ဘာလို့အပြီးပြောင်းမလာတာလဲ"

ဆုရည်ဝေက နိုင်တည်မြဲကိုရွဲ့၍ ခပ်မာမာပြောလိုက်သည်။ နိုင်တည်မြဲကတော့ အေးဆေးပင်။ ထိုစဉ် ... အခန်းတွင်းမှ ထွက်လာသည့် အကွာရာတို့ အုပ်စုသည်လည်း အနားရောက်လာကြ၏။

"နိုင်တည်မြဲပါလား ...။ ဒီကောင် ဘာအထာ ချိုးတာလဲ"

"ငါ အစ်မနဲ့အေးအေးဆေးဆေး စကားပြောချင်လို့လာတာပါကွာ။ မင်းတို့သွားကြပါလား"

"မင်းပြောတာ ပြည့်နဲ့လား။ ငါသူနဲ့သွားစရာရှိတယ်"

ရှေ့တိုး၍ ပြောလာသော အကွာရာစကားကြောင့် ပြည့်ကြောင်သွားသည်။

"ငါက ဘယ်သွားရမှာလဲ ...။ ဘာလို့သွားရမှာလဲ ..."

"တွေ့လား ...။ သူ မသွားချင်ဘူး။ မင်းပြောတာ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ် ...။ 'ပြည့်'ဟုတ်လား ...။ အရှိအသေမရှိပါလား။ သူက မင်းထက် အသက်ကြီးတယ်ကွ"

နိုင်တည်မြဲက ဆရာကြီးလေသံဖြင့် အက္ခရာကိုဆုံးမလိုက်၏။ အက္ခရာက အရေးမစိုက်ဟန်ဖြင့် ပြည့်ပခုံးကို ပိုင်ပိုင်နိုင်နိုင် သိုင်းဖက်လိုက်လေသည်။

"မင်းကိုငါ ပြောပြီးပြီမလား။ သူက ငါ့ကောင်မလေးလို့ ...။ သတ္တိရှိရင် လာခေါ်ကြည့်လိုက်"

အက္ခရာက မျက်စပင့်၍ စိန်ခေါ်သည်။ နိုင်တည်မြဲကလည်း ရဲရဲတင်းတင်းပင် ရှေ့တိုးလာသည်။ အက္ခရာ၏ လူတွေက နိုင်တည်မြဲကို ပတ်ချာလည် ဝန်းရံလိုက်ကြ၏။

ပြည့်သည်ရှုန်း၏။ သို့သော်မရ။

ကြောက်တတ်သူနှင့် ခပ်အေးအေးနေလိုသူတွေက ရှောင်ထွက်သွားကြသည်။ ဝါသနာပါသူနှင့် စူးစမ်းလိုသူတွေက ရပ်ကြည့်ကြသည်။ အချို့မိန်းကလေးတွေဆိုလျှင် နာမည်ကြီးနှစ်ယောက်၏ပွဲမို့ ဖြစ်စဉ်ကို ဟာမ်းဖုန်းမှ ကင်မရာဖြင့် ရိုက်၍ပင် မှတ်တမ်းတင်ကြလေသည်။

ခန္ဓာကိုယ်တစ်ခု ... လေထဲတွင် ပျံဝဲသွားသည်။

နိုင်တည်မြဲက သူ့အနားကပ်လာသူနှစ်ယောက်ကို ဆင့်ကာဆင့်ကာ ခုန်ကန်လိုက်လေသည်။ ထိသည်။ လဲသည်။ နောက်လူတွေ ထပ်တက်လာပြန်၏။ သို့ရာတွင် နိုင်တည်မြဲလက်ချက်ဖြင့် မှောက်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လက်ကို နိုင်တည်မြဲက ဖမ်းချုပ်၍လိမ်ချိုးနေတုန်း အက္ခရာက ခုန်ဝင်လာပြီး နိုင်တည်မြဲမေးဖျားကို ခြေစောင်းနှင့် ဝိုက်ကန် လိုက်ရာ … နိုင်တည်မြဲ ဇက်လည်ထွက်သွားလေသည်။ အက္ခရာက နောက် တစ်ချက်ထပ်ကန်ပြန်သေးသည်။ ရှောင်ချိန်မရ၍ ထိကာနိုင်တည်မြဲ လဲကျသွား ချေတော့၏။

အက္ခရာက ထပ်ကန်ရန် ရှေ့တိုးလိုက်ပြန်သည်။ သို့သော် မရတော့ လဲကျနေသော နိုင်တည်မြဲရှေ့မှာ ပြည့်ကပိတ်ရပ်နေပါသည်။ သူမသည် လက်နှစ်ဖက်ကိုကား၍ အက္ခရာအားတားသည်။

"တော်တော့ …။ မလုပ်နဲ့တော့"

"မင်းဘာဝင်ရှုပ်တာလဲ။ ဘေးဖယ်"

"မဖယ်ဘူး။ သူ့ကိုမလုပ်နဲ့တော့"

"သူ ဒီကိုလာရင် ဒီလိုဖြစ်မယ်ဆိုတာ သိသားပဲ။ မင်း ဖယ်"

"မဖယ်ဘူးဆို မဖယ်ဘူး။ တရားမှမတရားတာ။ နင်တို့က အများကြီး ပဲ။ သူက တစ်ယောက်တည်းရယ် …။ တည်မြဲကို မလုပ်နဲ့"

လဲကျနေသော နိုင်တည်မြဲ၏ရှေ့မှာ မားမားမတ်မတ်ရပ်နေသော ပြည့် အသံကရဲဝံ့ပြတ်သားနေသည်။ အက္ခရာသည် ပြည့်ကိုစိုက်၍ကြည့်၏။ သူ့မျက်လုံးတွေက ဝမ်းနည်းဟန်ဖြင့် ဖျော့တော့ဝေရီနေလေသည်။ ထို့နောက် အက္ခရာသည် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ရပ်နေရာမှ နောက်ကြောင်း လှည့်၍ ကျောခိုင်းကာ လေးလေးပင်ပင် ထွက်ခွာသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက ဆွေးမြေ့နေမှန်းအရမ်းသိသာ၏။ ဆုရည်ဝေနှင့် အခြား [...]တွေကလည်း ဆိတ်ငြိမ်စွာဖြင့် အလိုက်တသိ နောက်မှ လိုက်ပါသွားကြ [...]၏။

ဝန်းကျင်တစ်ခွင်သည် ငြိမ်သက်တိတ်ဆိတ်သွားပြီဖြစ်သည်။

ကျောင်းဝင်းထဲမှ နိုင်တည်မြဲနှင့်ပြည့်သည် ဆိုင်ကယ်ဖြင့် ပန်းခြံသို့ [...]ကြလေသည်။ ပန်းခြံထဲရောက်သောအခါ ထိုင်ခုံတစ်ခုတွင်ထိုင်၍ [...]က နိုင်တည်မြဲမျက်နှာမှ ချွေးစတွေကို လက်ကိုင်ပုဝါဖြင့် သုတ်ပေး [...]၏။

နိုင်တည်မြဲသည် လိုချင်တာရသော ကလေးငယ်တစ်ယောက်ကဲ့သို့ပင် [...]မြူးနေပါတော့သည်။

"အစ်မ ... အခုလို ငါ့ဘက်က ရပ်တည်ပေးတဲ့အတွက် ကျေးဇူးတင် [...]တယ်"

"ရပါတယ် ... ငါလည်း အနေအထားအရ လုပ်လိုက်တာပါ"

"ဘာပဲဖြစ်ဖြစ်လေ ... ငါကတော့ပျော်တယ်"

"ဟွန်း ... ဒဏ်ရာရတာတောင် ပျော်နိုင်သေးလား"

"ဒီဒဏ်ရာလောက်ကတော့ အသေးအမွှားပါ။ အစ်မနဲ့ရင်းနှီးခွင့်ရတဲ့ [...]တွက် ငါကတော့တန်တယ်လို့ ယူဆတယ်"

"ငါ့ကို အစ်မလို့ခေါ်ရအောင် ငါတကယ်ပဲ နင့်ထက်ကြီးလို့လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်တည်မြဲက ခေါင်းညိတ်ပြသည်။ ပြည့်သည် နိုင်တည်မြဲကိုကြည့်ရင်း ဘာ့ကြောင့်မှန်းမသိဘဲ အသနားပိုနေမိ၏။

"ဒါနဲ့ နင်ဘာလို့ငါ့ကိုစောင့်နေတာလဲ"

"အစ်မကို သခင်္ချာကျူရှင်"

"အဲဒီဟာသက ရယ်စရာမကောင်းဘူး"

"တကယ်ပြောတာ"

"နင် ရယ်စရာလုပ်မနေနဲ့။ ကျောင်းသားတစ်ယောက်က ဒီလိုလု စရာလား။ စာကြိုးစားပါလား"

ပြည့်က နှုတ်ခမ်းစူ၍ပြောတော့ နိုင်တည်မြဲကရယ်သည်။

"ဟဲ့ ... ရီမနေနဲ့"

နိုင်တည်မြဲက သူ့ရုပ်ကို ရုတ်တရက်တည်ပစ်၏။ တမင်တကာ လုပ်မှန်းသိသာသောကြောင့် သူ့ကိုကြည့်ကာ ပြည့်ပင် ရယ်ချင်လာသည်။

"အစ်မ ... ငါ့ကို ညစာဝယ်ကျွေး"

"အမယ် ... ငါကဘာလို့ ဝယ်ကျွေးရမှာလဲ"

"နင်က အကြီးပဲဟာ"

"ငါ့မှာ ပိုက်ဆံမရှိဘူး"

"မရဘူးဟာ ... ဝယ်ကျွေး"

"ငါ့မှာ တကယ်မရှိတာ"

"အဲဒါဆို ငါပိုက်ဆံပေးမယ်။ ဝယ်ပဲကျွေး"



www.burmeseclassic.com

www.burmeseclassic.com



နိုင်တည်မြဲက ဂျီတိုက်နေသည်။ ပြည့်သည် နာရီကိုကြည့်လိုက်၏။ တော့ ထိုင်နေရာမှထသည်။

"ငါအိမ်ပြန်တော့မယ်"

"မပြန်ပါနဲ့ဦး အစ်မရဲ့"

"အချိန်မရှိတော့ဘူး။ သွားပြီ"

"အစ်မ"

နှုတ်ဆက်ပြီးထွက်သွားသော ပြည့်လက်ကို နိုင်တည်မြဲက ဖမ်းဆွဲ က်သည်။ ပြည့်သည် တုန့်ခနဲပဲ ဖြစ်သွား၏။

"အစ်မလက်ကလေးက ကိုင်ကောင်းလိုက်တာ။ နွေးနေတာပဲ"

နိုင်တည်မြဲက ပြည့်လက်ကို တယုတယ ပွတ်သပ်၍ ကိုင်ကြည့်နေ ည်။ ပြည့် ခဏတာငြိမ်နေမိ၏။ ပြီးတော့မှ အသာအယာရုန်း၍ ထွက် ခဲ့ပါသည်။ နောက်ပြန်လှည့်မကြည့်ဘဲနှင့် နိုင်တည်မြဲ သူမကို ကြည့်နေ ည်ဆိုတာတော့ စိတ်ကအတိအကျ သိနေသလိုရှိ၏။

"အစ်မ ... နေဦး ... ငါလိုက်ပို့ပေးမယ်"

နိုင်တည်မြဲနှင့် ဆိုင်ကယ်သည် သူမ နံဘေးရောက်လာသည်။ ပြည့် င်းတော့ဘဲ ဆိုင်ကယ်ပေါ်သို့ တက်လိုက်၏။ ထုထည်ရှိသည့် အရှိန် န် တစ်ခုသည် လေပြင်အား သွက်သွက်လက်လက် ထိုးခွဲလို့သွား တော့သည်။

ပြည့်သည် နိုင်တည်မြဲ၏ ကျောပြင်ကိုကြည့်ရင်း အရွှေ့ရာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်နေမိပြန်သည်။ ဒီနေ့အဖို့ သူမ၏လုပ်ဆောင်မှုများကို သူ
ကိုယ်တိုင်ပဲ နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကျောင်းပိတ်ရက် တနင်္ဂနွေနံနက်တွင် တိမ်ဆိုင်တွေ ကျဲပါးလျက် ရှိ၏။ ပြည့်သည် နိုင်တည်မြဲနှင့် ချိန်းဆိုထားသဖြင့် အိမ်မှခိုးကြောင်ခိုးဝှက် ထွက်လာခဲ့ပါသည်။ ဟိုတစ်နေ့က အိမ်အပြန်နောက်ကျသဖြင့် ပြည့်အဆူခံ လိုက်ရသေးသည်။ ဒါတောင်မှ ဆုရည်ဝေက အဖြစ်မှန်အားလုံးကို ထုတ်မပြောဘဲ ထိမ်ချန်ပေးထားသဖြင့် သူမ သက်သာရာရခဲ့တာဖြစ်သည်။

တွေ့ဆုံရန် သတ်မှတ်ထားသည့်နေရာရောက်တော့ နိုင်တည်မြဲကမရှိ။ ဒါကြောင့် အနီးအပါးမှ ဖုန်းရုံတစ်ခုထဲဝင်၍ သူမ ဖုန်းဆက်ကြည့်လိုက်သည်။ မရ ...။ တစ်ဖက်မှ ပိတ်ထားသည်ဟုထင်၏။

ဖုန်းကိုချကာ သူမ လှည့်ထွက်လာခဲ့ပါသည်။

"ပြည့်"

အရိပ်တစ်ခုက သူမရှေ့မှာ လျှပ်တစ်ပြက်လာပိတ်လေသည်။ ရှသိုးသိုး မျက်နှာထားနှင့်အကွာရာ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က ကိစ္စကိုသတိရကာ အားနာသွားပြီး သူ့ကိုသူမ မချိသွားဖြဲလေး ရယ်ပြလိုက်သည်။ အကွာရာရုပ်ကတော့အတည်။

"မင်း ငါ့ကို ရယ်ပြမနေနဲ့"

"ဘာဖြစ်လို့လဲ"

"စကားလည်းမပြောနဲ့။ ငါ့ရှေ့မှာလည်း မနေနဲ့"

"ဟင် ... သူကပဲ လာပိတ်နေပြီးတော့ ...။ အဲဒါဆို သွားတော့မယ်"

ပြည့်သည် အကွာရာကိုကျော့ရှောင်ကာ ထွက်လာခဲ့သည်။ သို့သော် သူမလက်သည် ဖမ်းဆွဲခြင်းအား ခံလိုက်ရပါသည်။ သူမ ကြည့်လိုက်ရာ အကွာရာမျက်နှာပြင်တွင် ခံစားမှုတို့ စုံလင်ပြည့်သိပ်လို့နေပါသည်။

"ငါ ဘာဆက်လုပ်ရမလဲ။ မင်းကိုငါ ကြိုက်နေတယ်"

"ဟိုက် ... ဒုက္ခကြီးပါလား ..."

ပြည့် အသာငြိမ်နေလိုက်သည်။

"လာ ... လိုက်ခဲ့"

"ဘယ်ကိုလဲ"

"လာစမ်းပါ"

အကွာရာက ပြည့်လက်ကို အတင်းပဲဆွဲခေါ်သည်။ ငြင်းလို့လည်းမရ တွန့်ဆုတ်တွန့်ဆုတ်နှင့်ပင် ပြည့်လိုက်ပါသွားရလေ၏။ ကားတစ်စီးအရောက် တော့မှ အကွာရာက လျှောက်နေတာကိုရပ်သည်။ ပြီးတော့ ...

"မေသက်စု ထွက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကိုဖွင့်ပြီး ကားထဲမှကောင်မလေးကို ဆွဲထုတ်သည်။ ဟိုက အူလည်လည်ရုပ်နှင့် ...

"ဘာလဲ အကွရာရဲ့ ... အတင်းကြီးပဲ ..."

"အမေးအမြန်း ထူမနေစမ်းနဲ့ ... ထွက်ဆိုထွက် ..."

မေသက်စုဆိုသော ကောင်မလေး အပြင်ရောက်တာနှင့် အကွရာက ပြည့်ကိုကားထဲဆွဲသွင်းသည်။ ပြီးတော့ သူပါအထဲဝင်ကာ ကားတံခါးကို ဆောင့် ပိတ်ပစ်လိုက်လေသည်။

"အကွရာ ... ဘယ်သွားမှာလဲ။ အသက်ကို မထားခဲ့နဲ့လေ။ ဘာလုပ် တာလဲ ... ဟော့ ..."

မေသက်စုက အပြင်ဘက်မှ ကားတံခါးကို တဘုန်းဘုန်းထုသည်။ အကွရာက လုံးဝဂရုမစိုက်ဘဲ ကားကိုတရကြမ်း မောင်းနှင်ထွက်လိုက်လေ တော့သည်။ ထိုအခါ မေသက်စုသည် လမ်းပေါ်မှာ အော်ဟစ်ခုန်ပေါက် လျက်ကျန်ရစ်ခဲ့တော့၏။

ကားသည် လျှင်မြန်စွာ ပြေးလွှားနေပါသည်။ အကွရာက ...

"မင်း အိမ်ရောက်ဖို့ ငါးမိနစ်ပဲ လိုတော့တယ်။ အဲ့ဒါကြောင့် အခုဖြေ။ မင်းငါ့ကို ချစ်သလား မချစ်ဘူးလား"

ဘာပြန်ဖြေရမှန်းမသိ ...။ ပြည့်သည် တိတ်ဆိတ်လျက်ရှိ၏။

"မင်းအခု ငါးမိနစ်အတွင်း မဖြေရင် ငါကားကိုမရပ်တော့ဘဲ ဆီကုန်တဲ့အထိ မောင်းသွားမယ်"

"ဆီကုန်တဲ့အထိ ... ဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ လန့်သွားမိသည်။

"ဆီက ဘယ်လောက်ကျန်သေးလို့လဲ"

"အပြည့်ပဲ"

အကွရာက လီဗာကိုဖိနင်းလိုက်သည်။ ကား၏ပြေးလွှားနှုန်းသည် တရိပ်ရိပ်ဖြစ်လာ၏။

"ခဏနေပါဦး"

"ဘာကိစ္စနေရမှာလဲ"

"နင်နဲ့မေသက်စုဆိုတဲ့ ကောင်မလေးနဲ့ကဘာလဲ"

"ငါ့ဘက်ကတော့ ဘာမှမဟုတ်ဘူး"

"ဒါဆို အခုကားပေါ်ပါလာတာကျတော့ရော ... "

"လမ်းကြုံလိုက်ချင်တယ်ဆိုလို့ တင်လာတာ။ ဘာလဲ ... မင်း သဝန် တိုနေတာလား"

"မဆိုင်လိုက်တာ"

ပြည့်က မျက်နှာကို တစ်ဖက်လှည့်ပစ်၏။ အကွရာက ပြည့်မျက်နှာ ကို လက်တစ်ဖက်နှင့် သူ့ဘက်ပြန်ဆွဲလှည့်သည်။

"အခု လေးမိနစ်နဲ့ ဆယ့်ရှစ်စက္ကန့်ရှိပြီ။ ဆီကုန်တဲ့အထိ မောင်းရမှာ လား ... ပြော ... "

အကွရာက လီဗာကိုထပ်မံဖိနင်းလိုက်ပြန်သည်။ ကား၏ အရှိန် အဟုန်သည် ကြောက်စရာကောင်းလောက်အောင် လျှင်မြန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုက် ... ဖိုး ... သရီး ... တူး ... ဝမ်း ... "

"ရပ်"

ပြည့်အသံက စူးထွက်လာသည်။ ကားသည် တခဲနဲ့ပဲ ရပ်သွား၏။ ပြည့် သည် ကားထဲမှ သွက်လက်စွာ ထွက်လိုက်ပါသည်။

အကွာရာသည် သူ့တွက်ကိန်းနှင့်သူတော့ ဟုတ်နေသည်။ ကားတည်ရှိ အရာက သူမတို့ အိမ်ရှေ့တွင်ဖြစ်၏။

"ငါ အထဲဝင်တော့မယ်။ ကားကို ဖြည်းဖြည်းမောင်းဦး"

"မင်းငါ့ကို အဖြေပေးသွားတာလား"

"ငါက နင့်ကို ကားဖြည်းဖြည်းမောင်းဖို့ပဲ ပြောတာ"

"အဲ့ဒါ အဖြေပေးတာနဲ့ အတူတူပဲမဟုတ်လား။ ငါတော့ အဲဒီလိုပဲ ယူဆတယ်"

"သေပါလား".

"မသေနိုင်သေးဘူး။ မင်းကိုချစ်ဖို့ ဆက်လက်ရှင်သန်ရဦးမယ်။ ဆော့..."

အကွာရာက သူ့ဟာမ်းဖုန်းကို ဝှီးခနဲပစ်ပေးသည်။ ပြည့် ကမန်းကတန်း ဖမ်းလိုက်ရ၏။ မိလို့တော်ပါသေးသည်။

"အခုည မင်းဆီငါဖုန်းဆက်မယ်"

ပြောပြီးတာနှင့် အကွာရာသည် ကားကိုမောင်းထွက်သွားလေသည်။ ပြည့်သည် တွေဝေငေးငေါင်စွာဖြင့် ကျန်ရစ်ခဲ့၏။ သူမရင်ထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



မျဉ်းပြိုင် နှစ်ကြောင်း ရေးဆွဲလျက်ရှိပေသည်။

တစ်ယောက်တည်း ကပေါက်တီကပေါက်ချာဖြစ်နေသော ဖြ
အနားသို့ ဆုရည်ဝေရောက်လာပြီး ...

"အစ်မအတွက် စိုးရိမ်ပူပါတယ်"

"ဘာကိုလဲ"

"အက္ခရာနဲ့ ပျော်နေတယ်ပေါ့လေ"

"ဘာပြောတယ်"

"အစ်မက ဘာလို့ဟန်ဆောင်နေတာလဲ။ ခုနက အက္ခရာကို က
တွေ့လိုက်သားပဲ။ အစ်မတို့နှစ်ယောက် ချိန်းပြီးအပြင်သွားကြတာမလား

"ဝေးသေးတယ်။ ငါက ရှုးနေလို့ သူနဲ့ချိန်းပြီး အပြင်သွားရမှာလား

ပြည့်က ဘုတောတော ဆုရည်ဝေကပြုံးလေသည်။

"အက္ခရာနဲ့ အပြင်ထွက်ဖို့က နည်းနည်းတော့ ရှုးမှရမယ် အစ်မ

"ငါကတော့ မရှုးသေးပါဘူးဟယ်"

"ဒါပေမယ့် အခုအချိန်ကစပြီး အစ်မသတိထားသာနေတော့"

"ဘာဖြစ်လို့လဲ"

"အက္ခရာအနား ကပ်ချင်နေတဲ့ ကောင်မတွေကသာ အစ်မအကြော
သိသွားခဲ့ရင် မလွယ်ဘူး"

"ဘယ်လို မလွယ်တာလဲ"

"မနှစ်က အက္ခရာကြိုက်သလိုဖြစ်နေတဲ့ ကောင်မလေးတစ်ယော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့အပစ်ခံရလို့ ဆေးရုံရောက်သွားဖူးတယ်။ အစိမ်းချုပ် ငါးချက်ချုပ်လိုက်ရတယ်ဆိုလားပဲ"

"အဲ ..."

ပြည့် ခေါင်းကြိမ်းသွားမိသည်။ အက္ခရာနှင့်လည်း ဆက်လက်ပတ်သက်ချင်စိတ် ကုန်ခမ်းသွားတော့၏။

ထိုညက အက္ခရာဖုန်းဆက်တော့ ပြည့် မကိုင်ဘဲ ဖုန်းကိုပိတ်ပစ်လိုက်သည်။ နိုင်တည်မြဲဆီသို့တော့ သူမဘက်မှစ၍ ဖုန်းခေါ်လိုက်သည်။ သို့သော် ဖုန်းကခေါ်မရဘဲ ပိတ်မြဲပိတ်ထားဆဲ ...။

ပြည့် နားလည်ရခက်ခဲသွားပါသည်။

နိုင်တည်မြဲ ဘာဖြစ်နေတာလဲ ...။

အမှန်မှာ ... ထိုနေ့က နိုင်တည်မြဲသည် တစ်ကိုယ်ကော် ငိုပွဲဆင်နေတာဖြစ်သည်။ အကြောင်းရင်းက သူ့အဘွားဆုံးပါးသွား၍ဖြစ်၏။

တွယ်တာသူများသည် သူ့အားတစ်ယောက်ပြီးတစ်ယောက် ချန်ထားရစ်ခဲ့ကြသည်။ အမေ ...။ ပြီးတော့ အဖေ ...။ အခု အဘွား ...။ သဘာဝတရားဆိုတာကြီးက သူ့ကိုတစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်သွားစေခဲ့ပါပြီ။

လူငယ်တစ်ယောက်၏ ခိုကိုးရာမဲ့ စိတ်ခံစားချက်များသည် အလုံပိတ်အခန်းထဲ၌ ပျံ့လွင့်နေသည့် မီးခိုးငွေ့များနှင့် ခပ်ဆင်ဆင်တူလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ညနေခင်းကောင်းကင်တွင် မိုးသားများ အထူးပျော်ရွှင်နေကြလေ၏။ ပြည့်နှင့်ဆုရည်ဝေသည် မိန်းကလေးတို့၏ ဘာသာဘာဝ အာယာဒးပြေ သွားရေစာလျှောက်စားနေကြလေသည်။

ထိုစဉ်မှာပင် ပြည့်လက်ထဲမှ ဖုန်းကအသံမြည်လာသည်။ အရင်နေ တွေလိုပဲ ပိတ်ပစ်ရန်ဟန်ပြင်ပြီးမှ မပိတ်တော့ဘဲ ပြန်ပြောလိုက်သည်။ တိုတိုတုတ်တုတ်ပါပဲ။

"ဖုန်းလာယူတော့"

"အခုဘယ်မှာလဲ"

နေရာကိုပြောပြီးတာနှင့် ပြည့် ဖုန်းကိုပိတ်ပစ်လိုက်တော့၏။ ဆုရည်ဝေက သိချင်စွာမေးသည်။

"ဘယ်သူဆက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရှိရမှာလဲ။ အကွာရာပဲပေါ့"

"ဘာတဲ့လဲ"

"ဒီကိုလာလိမ့်မယ်"

ဆယ်မိနစ်လောက်ကြာတော့ သူမတို့ရှိရာသို့ အကွာရာရောက်ချလာသည်။ ပြည့်က ဖုန်းကိုပြန်ပေးလိုက်၏။ အကွာရာကမယူချေ။

"ငါ့မှာ ဖုန်းနှစ်လုံးရှိတယ်။ ငါဆက်ချင်တဲ့အချိန် ဆက်လို့ရအောင် ဒီဖုန်းကိုမင်းယူထားလိုက်"

"သူများပစ္စည်း မယူချင်ပါဘူး"

"မယူလို့ မရဘူး။ ယူဆိုယူထား"

အကွာရာက ပြောပြီးတာနှင့် ဆုရည်ဝေကို မျက်စပစ်ပြလိုက်သည်။ ဆုရည်ဝေက အလိုက်သိစွာ ရှောင်ထွက်သွား၏။

ပြည့်သည် စိတ်ရှုပ်စွာဖြင့် ခေါင်းကိုသာ ကုတ်နေမိတော့သည်။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"ဒါဆို ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

အကွာရာက ပြည့်ကိုတည့်မတ်စွာကြည့်၏။

"အရင်နေ့တွေက ဖုန်းဆက်တိုင်း ဖုန်းကိုဘာလို့ပိတ်ပစ်တာလဲ"

"ဘေလ်တက်နေမှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ လျှောက်ပြောမနေနဲ့။ မင်းက ငါဆက်တဲ့ဖုန်းကို မကိုင်တဲ့ ပထမဆုံးမိန်းကလေးပဲ။ ငါ ခွင့်လွှတ်တယ်ဆိုတာလည်း မသိဘူး၊ ကြင်နာတယ်ဆိုတာလည်း နားမလည်ဘူး"

ပြည့်သည် ငြိမ်နေမိ၏။

"လာ ... တစ်ခုခုသွားစားရအောင်"

"ဟင့်အင်း ... မလိုက်တော့ဘူး"

"မလိုက်လို့မရဘူး။ လာ ... လိုက်ခဲ့"

အကွရာက ပြည့်ကိုအတင်းပဲ ဆွဲခေါ်သည်။ ပြည့် ရုန်းသော်လည်း မရ။ ဒီလိုနှင့်ပင် ယက်ကန်ယက်ကန်ဖြင့် ပါသွားရပြန်သည်။ အကွရာနှင့် ထိပ်တိုက်တွေ့လျှင် ဒီလိုပဲ သူမခံ့ဆန့်ကျင်နိုင်စွမ်းတွေ ကျဲပါးသွားလေ့ရှိ၏။ အဲဒါ ဘာကြောင့်များပါလိမ့် ... ။

မှောင်စပြုနေပြီဖြစ်သော ညနေခင်းလမ်းမများသည် မီးရောင်တို့ ကြောင့် ရုတ်တရက်လင်းလာသည်။ အကွရာသည် ပြည့်လက်ကိုဆွဲလျက် ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ရန်ပြင်သည်။ ထိုစဉ် ဆိုင်အတွင်းမှ လူတစ်အုပ် လမ်းမပေါ်သို့ ပြိုကျဆင်းလာ၏။

"သေသွားမယ် ... နောက်ဆို ထောင်ထောင်ထောင်ထောင် မလုပ်နဲ့ ကြားလား"

"ဟိတ်ကောင် ... ငါတို့ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ သိပြီလား"

"မှတ်သွားအောင် ထပ်ဆော်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို လူလေးယောက်က ဝိုင်းဝန်းနှိပ်စက်နေကြခြင်း ဖြစ်သည်။ တစ်ယောက်တည်းသမားမှာ လမ်းပေါ်မှာလဲကျနေပြီး လေးယောက်၏ ထိုးကြိတ်ရိုက်နှက်မှုကို အလူးအလိမ့်ခံနေရသည်။

ပြည့် ဂရုတစိုက်ကြည့်လိုက်ရာ ...

"ဟင် ... နိုင်တည်မြဲ"

ပြည့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"အကွာရာ ... ဟိုမှာ နိုင်တည်မြဲရယ် ... ။ တစ်ခုခုလုပ်ပါဦး"

အကွာရာက ရန်ပွဲကိုအသေအချာကြည့်၏။

"အဲ့ဒါ အောင်သူရကြွယ်တို့ အုပ်စု ... ။ ရက်စက်တဲ့နေရာမှာတော့ အမည်ကြီးပဲ။ ရန်မဖြစ်ရရင် မနေနိုင်တဲ့ကောင်တွေ။ အလကားနေရင်းကို ရန်လိုက်ရှာနေတာ။ ဟိုကောင်တော့ သေတော့မှာပဲ"

"အကွာရာရယ် ... တားပေးပါဦး"

"ငါနဲ့ အဲဒီကောင်တွေနဲ့လည်း မတည့်ဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ။ ဟိုက သေတော့မယ်"

ပြည့် ပျာယာခတ်နေပြီ။ ဒါကိုကြည့်ရင်း အကွာရာရင်တွင်းသို့ သူသားဆန်သောစိတ်တစ်ခု ရုတ်တရက် တိုးဝင်လို့လာသည်။ သူ ဆုပ်ကိုင်ထားသော ပြည့်လက်ကိုလွှတ်ကာ ...

"ငါ သူတို့ကိုထိန်းထားမယ်။ မင်း နိုင်တည်မြဲကို ခေါ်သွားလိုက်"

အကွာရာသည် ရန်ပွဲအတွင်းသို့ လျှပ်ပြက်သလို ပြေးဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မင်းတို့ဟာက လေးယောက်တစ်ယောက် မမျှပါလား"

"အောင်မာ ... ဒီကောင်က လူစွမ်းကောင်း လာလုပ်နေတယ်"

"သေချင်လို့လား"

အာရုံတွေက အကွီရာဆီ စုပြုံရောက်ရှိလာလေသည်။ အကွ့ရာသည် အားလုံးကိုသိမ်းကျုံး၍ တရစပ်တိုက်ခိုက်လိုက်၏။ နိုင်တည်မြဲကတော့ အခြေအနေအရပ်ရပ်ကို အံ့အားသင့်နေပုံရသည်။

အကွ့ရာ နောက်ပြန်လှည့်ကြည့်လိုက်ရာ ပြည့်သည် မျက်လုံးကလေး အပြူးသားနှင့် ရန်ပွဲကိုရပ်ကြည့်နေတာတွေ့ရသည်။

"ဟော့ ... ပြည့် ... ဘာလုပ်နေတာလဲ။ နိုင်တည်မြဲကို ခေါ်ပြီးသွား တော့လေ"

အကွ့ရာသတိပေးမှ ပြည့်အသိဝင်လာပြီး နိုင်တည်မြဲကို မနိုင်မနင်း တွဲထူကာ ထွက်ခွာလာခဲ့လေသည်။ အကွ့ရာကတော့ အများနှင့်တစ်ယောက် အသည်းအသန် ဆက်လက်သတ်ပုတ်နေရဆဲ ... ။

ညသည် မှောင်မဲလို့လာချေပြီ။

ပြည့်နှင့် နိုင်တည်မြဲသည် အိမ်တစ်လုံးအတွင်း၌ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ ထိုအိမ်က နိုင်တည်မြဲနေထိုင်ရာ အိမ်ဖြစ်၏။

နိုင်တည်မြဲသည် အိမ်ထဲရောက်တာနှင့် သူ၏စာကြည့်စားပွဲဆီသို့ အရင်ဦးဆုံးသွားကာ စားပွဲပေါ်မှ ခေတ်ပုံတစ်ပုံကို ဖွက်၍သိမ်းဆည်းလိုက် လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချင်းအရာကို ပြည့်ကမမြင်ချေ။ အခြား ဟိုဟိုဒီဒီတွေသာ သူမ လျှောက်ကြည့်နေလေသည်။

"အိမ်ကအကျယ်ကြီးပဲ။ တစ်ယောက်တည်းနေတာလား"

"အရင်က အဘွားနဲ့နေတာပါ"

"အခု အဲဒီအဘွားကကော ..."

"ဆုံးသွားတာ မကြာသေးဘူး။ အစ်မနဲ့တွေ့ဖို့ ချိန်းထားတဲ့နေ့ကပဲ ဆုံးသွားတာလေ။ အဲ့ဒါကြောင့် အစ်မဆီမလာနိုင်တာ"

နိုင်တည်မြဲသည် ထိုင်ခုံတစ်ခုံမှာ မှီထိုင်သည်။ ပြည့်က သူ့ဒဏ်ရာတွေကို တယုတယဆေးလိမ်းပေးရှာ၏။ နှုတ်ကလည်း မိန်းမပီသစွာ ဘျစ်တောက်တောက် လုပ်နေလေသည်။

"တစ်ကိုယ်လုံးကို ညိုမဲစွဲပြီး ဖူးယောင်ကွဲပြဲနေတာပဲ။ မျက်နှာမှာလည်း ရစရာကိုမရှိဘူး။ ဘာကိစ္စရန်ဖြစ်တာလဲ"

"လာစလို့ ပြန်ချတာ"

"အေး ... ချ ... ချ ...။ အခုတောင်မှ ကံကောင်းလို့ မသေတာ။ မမှတ်သေးဘူးလား"

"ဟင့်အင်း ... မမှတ်သေးဘူး"

"ကဲဟယ် ... မမှတ်နဲ့ဦး"

ပြောင်စပ်စပ်လုပ်နေသော နိုင်တည်မြဲ၏ နဖူးကို ပြည့်ကစိတ်ပေါက် ပေါက်နှင့် ခွပ်ခနဲမြည်အောင် ခေါက်ထည့်လိုက်၏။ ဒီလိုကျတော့ ပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... နာတယ် အစ်မရဲ့"

"နာမှာပေါ့။ နာအောင်ခေါက်တာပဲဟာ"

"အဲဒီနေရာကို ဆေးပြန်လိမ်းပေး"

"တော်ပြီ ... မလိမ်းပေးတော့ဘူး။ ငါပြန်တော့မယ်။ အချိန်မရှိတော့ဘူး။ အရမ်းနောက်ကျရင် အိမ်ကဆူလိမ့်မယ်"

ပြည့်သည် ထိုင်ရာမှထလိုက်၏။ နိုင်တည်မြဲက ပြည့်ကိုစူးစိုက်၍ ကြည့်သည်။ သူ့မျက်လုံးတွေက နူးညံ့နေလေသည်။

"အစ်မ"

"ဘာလဲ"

"မပြန်တော့ဘဲနဲ့ ဒီမှာပဲနေလိုက်ပါလား"

"အောင်မာ ... ရမယ် ... အားကြီးကြီး"

"ဘာလို့ မရရမှာလဲ။ ငါ ခေါ်ထားရင်ဖြစ်တာပဲဟာ"

"သေတောင်သွားဦးမယ်"

ပြည့်သည် နှုတ်ခမ်းစူ၍ပြောပြီး လက်သီးနှင့်ရွယ်သည်။ သူမ အမူအယာကိုကြည့်၍ သဘောကျကာ နိုင်တည်မြဲက ရယ်လေသည်။ တည်မြဲရယ်နေတာ ကိုကြည့်ပြီး ပြည့်လည်းလိုက်ရယ်မိ၏။ ပြီးတော့မှ လက်ပြ၍ နှုတ်ဆက်ကာ သူမ ပြန်လာခဲ့ပါသည်။

အိမ်ရောက်လို့ နောက်ကျရခြင်း အကြောင်းရင်းကို မေးလာလျှင်တော့ သူငယ်ချင်းတစ်ယောက်အိမ်မှာ စာသွားကြည့်နေဘာဟု ညာဖြေရန် ကြိုကြို



www.burmeseclassic.com

www.burmeseclassic.com



ဘင်တင် စဉ်းစားထားလိုက်ပါ၏။

ပြည့် ပြန်သွားတော့ နိုင်တည်မြဲသည် တစ်ယောက်တည်းပြုံး၍ ကျန်ခဲ့လေသည်။ သူ့မျက်လုံးထဲမှာ သေဆုံးသွားပြီဖြစ်သော ဖခင်ဖြစ်သူ၏ ရုပ်သွင်က ရုတ်တရက်ပေါ်လာသည်။ စိတ်ထဲဝမ်းနည်းအားငယ်သွားမိ၏။ ဒါကြောင့် ဘာမှမမြင်ရစေရန်အတွက် သူ့မျက်လုံးတွေကို မှိတ်ပစ်လိုက်၏။ သို့ရာတွင် အမှောင်တွေကိုတော့ မြင်နေရဆဲဖြစ်ပါသည်။

အမှောင်တွေ၏အစကို ရောက်ရှိနေမှတော့ အလင်းရောင်ကို မကြာမီ ခြေရာခံမိတော့မည်ဟု သူထင်မိလေသည်။

ညဉ့်ကာတဖြည်းဖြည်း တိတ်ဆိတ်လို့လာ၏။ မြို့ပြသည် တရွေ့တစ် ဆောင်းနှင့်တူလာသည်။ မှောင်သော တိုက်ကြား လမ်းဘေးပလက်ဖောင်း ပေါ်မှာ ဒဏ်ရာဗရပွနှင့် စွန့်ပစ်ခံထားရသော လူငယ်တစ်ယောက်ကိုမူ မည်သူကမှ သတိမပြုမိခဲ့ကြပါချေ။

လေထုထဲမှာ သွေးရနံ့တို့ တလှိုင်လှိုင်ပျံ့လွင့်လျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဒီနေ့နဲ့ဆို အကွရာ ကျောင်းမတက်တာ နှစ်ရက်ရှိပြီ။ ဆုရည်ဝေ ပြောပြတော့ ပြည့် စိတ်ပူနေမိသည်။ ဒီကိစ္စသည် သွေးရိုးသားရိုး မဖြစ်နိုင်ဟု သူမထင်မိ၏။ ဒါကြောင့် ညနေခင်းကျောင်းဆင်းတော့ ဆုရည်ဝေကို ခေါ်ကာ အကွရာတို့အိမ်သို့ သူမထွက်လာခဲ့လိုက်သည်။

အကွရာ၏ မိခင်နှင့်ဆုရည်ဝေက အတော်ရင်းနှီးပုံရပါသည်။

"အန်တီ ... အကွရာကော"

"သူ့ အခန်းထဲမှာ"

"ဒီကောင် ကျောင်းမတက်လို့ လာမေးတာ။ ဘာဖြစ်နေတာလဲ"

"သွားသာကြည့်ပေတော့ သမီးရေ။ မပြောချင်ဘူး"

ဆုရည်ဝေသည် ပြည့်ကိုခေါ်ကာ အကွရာ၏အခန်းထဲသို့ ဝင်လာခဲ့သည်။ သူမတို့ရောက်သွားတော့ အကွရာက စောင်ခြုံကြီးနှင့်ခွေအိပ်နေသည်။ ဆုရည်ဝေက ခြေထောက်ကိုဆွဲကာ အတင်းပဲလှုပ်နိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နော ... ထ ... ထ"

"အာ ... ငါနေမကောင်းဘူးဟ"

"ထစမ်းပါ။ ဟန်ဆောင်မနေနဲ့တော့။ ဒီမှာ ငါ့အစ်မပါလာတယ်"

အက္ခရာသည် ခေါင်းမြီးခြုံထားသော စောင်ကိုခွာလိုက်သည်။

အခါ ဒဏ်ရာဗရပွနှင့် မျက်နှာကကွင်းကွင်းကွက်ကွက်ပေါ်လာ၏။ သည့်၍ ပြည့်လန့်သွားမိလေသည်။ ဆုရည်ဝေကလည်း အလန့်တကြား ...

"နင် ... နင် ... ဘယ်လိုဖြစ်တာလဲ"

"အထိုးခံရတာပေါ့ဟ"

"ဘယ်တုန်းကလဲ"

"ဟိုတစ်နေ့ကပဲလေ"

"ငါ့အစ်မနဲ့ ကျန်ခဲ့တဲ့ နေ့ကလား"

"အင်း"

အက္ခရာခေါင်းညိတ်ပြတော့ ဆုရည်ဝေက ပြည့်ကိုကြည့်သည်။

"အစ်မ ... အစ်မက ဒီကောင်အထိုးခံရတုန်းက ဘယ်ရောက်နေတာလဲ"

"နင့်အစ်မက ငါရန်ဖြစ်တုန်းက ထွက်ပြေးသွားတယ်လေ။ နည်းနည်းကောင်မှ လှည့်မကြည့်ဘူး။ ငါ့မှာတစ်ညလုံး ပလက်ဖောင်း ခေါင်းအုံးလိုက်တယ်"

"ဟယ် ... တကယ် ... အစ်မ တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပြည့် ဘာပြန်ဖြေရမှန်းမသိဘဲ ဖြစ်နေသည်။ အကျွန်ုပ်က အလိုက်သိ

စွာဖြင့် ဆုရည်ဝေပခုံးကိုပုတ်၍ရယ်ကာ

"ဆုရည် ... နင်အရူးပဲ။ ငါပြောသမျှ ယုံတာပဲ။ ဘယ်လိုမိန်းမစား

မျိုးက သူ့ယောက်ျားကိုထားခဲ့ပြီး ထွက်ပြေးမှာလဲဟ"

အောင်မာ ... ပြည့် အောင့်သက်သက်ဖြစ်သွားရ၏။ သို့ပေမယ့်

အခြေအနေအရ ငြိမ်နေလိုက်ရသည်။ ဆုရည်ဝေကလည်း ပုတ်သင်ညို

မဟုတ်ပါဘဲ ပြောတိုင်းယုံသည်။

"အေး ... နင်ပြောတာလည်း ဟုတ်တာပဲ။ ဒါပေမယ့် နင့်မျက်နှာ

ကြီးက သရဲကျနေတာပဲနော်"

"အဲ့ဒါကိုထားပါ။ အခု ငါရေသောက်ချင်နေလို့ ... ရေသွားခပ်

ပေး ..."

"အေးပါဟယ် ... ခပ်ပေးပါ့မယ်"

ဆုရည်ဝေသည် အခန်းထဲမှ ထွက်သွားသည်။ ပြည့်သည် သူမအပေါ်

မကြပ်စေရန်အတွက် အကျွန်ုပ်ကယ်တင်လိုက်မှန်းသိပါ၏။ အကျွန်ုပ်ကိုကြည့်

ကာ သူမ စိတ်မကောင်းဖြစ်သွားမိသည်။

"နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်။ နိုင်တည်မြဲကော ... ဘယ်လိုနေသေးလဲ"

"သူလည်း အခုတော့ သက်သာနေပါပြီ"

အကျွန်ုပ် အခုလိုဖြစ်ရတာ သူမအပြစ်ဟု ပြည့် စားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကိုမုန်းသွားပြီမလား အကွရာ"

"မုန်းတယ်ဆိုတဲ့စကားလုံးကို မသုံးစမ်းပါနဲ့။ နင်နဲ့ပတ်သက်လာရင် အဲ့ဒီ အလုပ်ကို ငါလုပ်ချင်ရင်တောင်မှ မလုပ်နိုင်ပါဘူး။ နင့်ကိုမြင်တာနဲ့ပဲ ငါ အလိုလိုပျော်လာတတ်တာ။ တကယ်တော့ ငါဟာအရူးသက်သက်ပါပဲ ဟာ"

အကွရာသည် ကြေကွဲနေဟန်ရှိ၏။

"တောင်းပန်ပါတယ်။ ငါအခုကစပြီး နင့်အပေါ်ကောင်းပါတော့မယ်"

"ဘယ်လိုမျိုးကောင်းမှာလဲ"

"နင်ရန်ဖြစ်ရင် ငါ့ကိုခေါ်လိုက်လေ"

ပြည့်အပြောကြောင့် အကွရာသည်ရယ်၏။

"ရန်ဖြစ်မှပဲ ခေါ်ရတော့မှာလား"

"တခြားရှိသေးလို့လား"

"ရှိတာပေါ့"

"ဘာလဲ ..."

"ဒါလေ ..."

"အို"

အကွရာသည် လျှင်မြန်သွက်လက်မှု အပြည့်ရှိ၏။ သူ့လက်နှစ်ဖက်သည် ပြည့်ကိုယ်လုံးအိအိလေးကို လျှပ်တစ်ပြက် ဆွဲယူပွေ့ဖက်လိုက်လေသည်။ ပြည့် မနေတတ်မထိုင်တတ် ဖြစ်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ငြိမ်နေစမ်းပါ။ မဟုတ်တာ မလုပ်နဲ့"

"ဟုတ်တာပဲ လုပ်မှာပါ"

အက္ခရာသည် ဝလုံးနှင့်တူသော မျက်နှာလေးကို သူ့မျက်နှာအနီး ဆွဲယူထိကပ်ရန်ကြိုးစားသည်။ ပြည့်၏ ဦးခေါင်းလေးသည် ရမ်းခါလျက် ပေသည်။ ထိုအချိန်မှာပင် တိုက်တိုက်ဆိုင်ဆိုင် ဖုန်းသံက မြည်လာသည်။ ပြည့် အိတ်ထဲမှ ဖုန်းဖြစ်သည်။

"ကိုင်လေ ... ဖုန်းကိုင်လိုက်ဦး"

အက္ခရာပြောတော့ ပြည့်သည် ဖုန်းကိုထုတ်ကိုင်လိုက်၏။

"ဟယ်လို"

"အစ်မ ... နင်အခု ဘယ်မှာလဲ။ ငါ့ကိုလာတွေ့ဦးလေ"

ဖုန်းဆက်သူက နိုင်တည်မြဲ။ ပြည့်သည် အကြောင်းရှိလျှင် ဆက်သွယ်၍ရစေရန် ဒီဖုန်းနံပါတ်ကို ပေးထားတာဖြစ်သည်။

"ငါအခုတော့ မလာနိုင်သေးဘူး။ ပြီးရင်လာခဲ့မယ်။ နင်အိမ်မှာပဲ မလား။ ငါအိမ်ပဲလာခဲ့မယ်။ ဒါပေမယ့် ..."

ပြည့်သည် အက္ခရာကို မျက်လုံးစွေ၍ကြည့်လိုက်၏။ အက္ခရာက သဘောပေါက်လွယ်သည်။

"အဲဒီကောင်ကိုပြောလိုက်။ ငါတို့ဆီလာခဲ့လို့။ မင်း မပြောချင်ရင် ငါပြောမယ်"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်က နိုင်တည်မြဲကို ဆိုင်တစ်ဆိုင်မှာ ချိန်းလိုက်သည်။ ထို့နောက် သူမတို့နှစ်ယောက်လည်း အိမ်မှထွက်လာခဲ့တော့၏။ ရေခပ်သလိုနှင့် ရှောင်ပေးနေသော ဆုရည်ဝေကတော့ လမ်းခွဲကာ အိမ်သို့ပင်ပြန်သွားလေသည်။

နေရောင်ခြည်သည် အပူရှိန်ပျော့တော့လျက်ရှိ၏။

ပြည့်သည် နိုင်တည်မြဲနှင့်အကွာရာကို နံဘေးတစ်ဖက်တစ်ချက်စီမှာထားပြီး ဆိုင်တစ်ဆိုင်၌ ထိုင်နေပြီဖြစ်သည်။ သူတို့နှစ်ယောက်စလုံး၏ မျက်နှာမှာ ဒဏ်ရာဒဏ်ချက်ဗရပွနှင့်မို့ တကယ်ပဲ သရဲရုပ်ပေါက်နေပါသည်။ သူတို့နှစ် ယောက်ကတော့ ဘာမှမဖြစ်သည့်အတိုင်းပင် အေးအေးဆေးဆေးပါပဲ။

နိုင်တည်မြဲနှင့် အကွာရာသည် တစ်ယောက်ရုပ်ကိုတစ်ယောက်ကြည့်ပြီး မသိမသာခိုးဝှက်ကာပြုံးကြ၏။

"အစ်မ ... နင်အကွာရာနဲ့ အတူလာတာ ... ဟုတ်လား"

အကွာရာနှင့်ပြည့် အတူရောက်လာသည့်အတွက် နိုင်တည်မြဲ အံ့ဩနေပုံရသည်။ ဒါကို အကွာရာက ထပ်ဆင့်ကာ မဏ္ဍပ်တိုင်တက်ပြလိုက်ပါသေးသည်။

"ဘာလဲ ... မင်းကမယုံလို့လား ... ။ သူကပြောတော့ မင်းကို မောင်လေးလိုပဲ ခင်တာပါတဲ့။ ငါဘာလုပ်ရမလဲ မသိတော့ဘူး။ ငါက မင်းကိုမုန်းတယ်။ ဒါပေမယ့် ငါ့ကောင်မလေးက မင်းကိုခင်တော့ဘာကိုး"



www.burmeseclassic.com

“မင်းကအဲ့တာညီမျှမှုမဟုတ်ဘူး။ အဲလိုကားမြေရှင်းရှုပ်နေတဲ့ကောင်”

နိုင်တာညီမြဲ အဖြေ ဖော်ပြစုတ်ခဲ့တော့ အကွရာကြာ စနစ်ခံသည်။

“ငါ့ညီ နည်းနည်းမျှ ညှို့ကြိုးတာခဲ့ဘူး နံတာယား။ ပဒါ မြေ မှဲ့ … ပြည့် … မင်းငါ့ကိုစုတ်ထိမ်မှီလား … ။ ဒီကောင် နိုင်တာညီမြဲဆိုလည်း သူ့ထက်ကြီးတဲ့ဟာခုခြွေကျ လိုက်ခိုကြိုက်နေတာပဲဟာ”

“ခြေသိ … နှစ်လည်း နာမည့်ကြီးပဲကိုး”

“ဟုတ်တယ်။ ဒါတွေကျ ဟိုဒီအရှင်ထဲက လှိုင်ခိုတွဲလုပ်နေကျပြတုံးစံတွေပဲ။ အေးနေးပေါ့”

ပြည့်က နိုင်တာညီမြဲနှင့် အကွရာတို့ တစ်လှည့်စီကြည့်သည်။ ပြီးတော့ သင့်မြတ်အောင် စေ့စပ်ပေးဖို့ကြိုးစားသည်။

“နိုင်တို့နှစ်ယောက်က စရိုက်ချင်းတူတယ်။ နိုင်တို့နှစ်ယောက်စကားပြောတာ နားထောင်ရုံနဲ့ သူငယ်ချင်းဖြစ်နိုင်တာမျိုး ငါတွေ့တယ်။ ဖြစ်နိုင်တယ် မဟုတ်လားမှာင်”

“တစ်သက်လုံး မှဲ့စဉ်းစားနဲ့”

အကွရာက ခေါင်းခါသည်။ နိုင်တာညီမြဲကလည်း ကန့်ကွက်၏။

“ဟိတ်ကောင် အကွရာ … မင်းငါ့ကိုကူညီတာမှန်တယ်။ ဒါပေမယ့် ငါ့အစ်မကိုတော့ မပေးနိုင်ဘူး။ မကျေနပ်ရင် ပြန်ထိုးသွား။ သူ့ကိုတော့ မကြိုးစားနဲ့”

“ဘာဖြစ်လို့ မင်းအစ်မဟုတ်ရအဲ့ ဘာဖြစ်တုန်းကွ ပြည့်ကမင်းအစ်မ





ဖြစ်သွားတော့လဲ။ သူက ငါ့ရည်းစား။ မင်းအစ်မ မဟုတ်ဘူး”

“မင်းနဲ့ရည်းစား မဖြစ်ခင်ကတည်းက ငါ့အစ်မ”

“မင်းတို့နှစ်ယောက်က အမျိုးတော်လို့လား။ ပြောစမ်းပါဦး”

အကွရာ့ခံမေးတော့ နိုင်တာညီမြဲ ခေါင်းငြိမ်ကျသွားသည်။ သူ့နှုတ်ခမ်းသားတွေက တစ်ခုခုဖြေရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ ပြည့်ကိုသာ ကြည့်၏။

“အစ်မ … နင် သူ့ဘက်ကလား။ ငါ့ဘက်ကလား”

“ပြည့် … မင်း၊ ငါ့ဘက်ကမို့လား”

အကွရာ့ကလည်း သူ့ဘက်မိသွယ်သည်။ ပြည့်မှာ အခက်အခဲတွေ့နေတော့၏။

“အဲဒါကလေ …”

“တော်ပြီ … ငါသိပြီ … မပြောနဲ့တော့”

“ဘာမှထပ်မပြောနဲ့တော့ဆို”

အကွရာက လက်ကာပြသည်။ နိုင်တာညီမြဲက ပြုံး၏။

“မင်းဘာလို့ သူ့ကိုဆက်မပြောနိုင်းလဲဆိုတာ ငါသိတယ်။ ငါ့နာမည်ထွက်လာမှာစိုးလို့မဟုတ်လား။ အစ်မက ငါ့ကိုသိပ်သဘောကျတာ။ ငါ့ဒဏ်ရာတွေကိုလည်း ဆေးလိမ်းပေးတယ်။ ငါ့ကိုလည်း ပြုစုတယ်။ မင်းကော အဲဒီလို ယုယမှုမျိုးရဖူးလို့လား”



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့လဲ။ သူက ငါ့ရည်းစား၊ မင်းအစ်မ မဟုတ်ဘူး"

"မင်းနဲ့ရည်းစား မဖြစ်ခင်ကတည်းက ငါ့အစ်မ"

"မင်းတို့နှစ်ယောက်က အမျိုးတော်လို့လား။ ပြောစမ်းပါဦး"

အကွာရာမေးတော့ နိုင်တည်မြဲ ခဏငြိမ်ကျသွားသည်။ သူ့နှုတ်ခမ်းသားတွေက တစ်ခုခုဖြေရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ ပြည့်ကိုသာ ကြည့်၏။

"အစ်မ . . . နင် သူ့ဘက်ကလား၊ ငါ့ဘက်ကလား"

"ပြည့် . . . မင်း ငါ့ဘက်ကမို့လား"

အကွာရာကလည်း သူ့ဘက်မဆွယ်သည်။ ပြည့်ခမျာ အခက်အခဲတွေ့နေတော့၏။

"အဲဒါကလေ ... "

"တော်ပြီ ... ငါသိပြီ ... မပြောနဲ့တော့"

"ဟို . . . "

"ဘာမှထပ်မပြောနဲ့တော့ဆို"

အကွာရာက လက်ကာပြသည်။ နိုင်တည်မြဲက ပြုံး၏။

"မင်းဘာလို့ သူ့ကိုဆက်မပြောခိုင်းလဲဆိုတာ ငါသိတယ်။ ငါ့နာမည်ထွက်လာမှာစိုးလို့မလား။ အစ်မက ငါ့ကိုသိပ်သဘောကျတာ။ ငါ့ဒဏ်ရာတွေကိုလည်း ဆေးလိမ်းပေးတယ်။ ငါ့ကိုလည်း ပြုစုတယ်။ မင်းကော အဲဒီလို ယုယမှုမျိုးရဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



နိုင်တည်မြဲ၏ မေးခွန်းကြောင့် အက္ခရာမျက်နှာပျက်သွားသည်။ ရုတ်ချည်းပင် ထိုင်ရာမှသူထ၏။

"အက္ခရာ ... ဘယ်သွားမလို့လဲ"

ပြည့်မေးတော့ အက္ခရာက နာကျင်ဟန်ဖြင့် မပွင့်တပွင့် ရယ်ပြ... သည်။

"မင်းတို့နှစ်ယောက်ကိုကြည့်ရတာ မင်းကသူနဲ့ ပိုအဆင်ပြေပုံရတယ်။ ဒါကြောင့် ငါရှောင်ထွက်သွားပေးပါမယ်"

အက္ခရာသည် မျက်နှာညိုညိုဖြင့် ဆိုင်ထဲမှထွက်သွား၏။ ထိုအခါ ပြည့်ရင်ထဲမှာ ဝေဒနာတစ်ခု ပေါက်ဖွားလို့လာလေသည်။

"တည်မြဲ ... ငါတောင်းပန်ပါတယ်"

"ဘာကိုလဲ"

"ငါ့ကိုခွင့်လွှတ်ပါဟာ"

ပြောပြီးတာနှင့်ပြည့်သည် အက္ခရာနောက်သို့ ပြေးလိုက်သွား... လေသည်။ နားလည်မှုအသိဖြင့် နိုင်တည်မြဲသည် ခေါင်းငိုက်စိုက်ကျလျက် ကျန်ရစ်ခဲ့တော့၏။ ဝမ်းနည်းသိမ်ငယ်စိတ်များသည် သူ့အားအထက်မြက်ဆုံး စွမ်းအင်တို့ဖြင့် တရိရိလှီးဖြတ်လျက်ရှိပေသည်။

ဆိုင်အပြင်ဘက်ရှိ လမ်းမသည် လမ်းသွားလမ်းလာများဖြင့် ရှုပ်ထွေး... နေပါသည်။

"အက္ခရာ"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည် လူတွေကြားမှာတိုးဝှေ့၍ အကွရာကိုလိုက်ရှာသည်။ သို့သော်မတွေ့။ ထိုအခိုက်မှာပင် သူမကိုလူတစ်ယောက်က တိုးတိုက်လို့သွား၏။ ပြည့် လဲကျသွားပါသည်။

ကမန်းကတန်း သူမ လူးလဲထလိုက်သည်။ အရေပြားအချို့ ပေါက်ပြဲကုန်ကြ၏။ သူမ ငိုချင်သလိုဖြစ်သွားသည်။ ထိုစဉ် ...

"မင်းဒီမှာ ဘာလုပ်နေတာလဲ"

အသံကြောင့် မော့ကြည့်လိုက်တော့ အနားရောက်လာသည့် အကွရာ။ မျက်နှာထားက တင်းတင်းမာမာနှင့်။

"မင်း ဘာလို့ထွက်လာတာလဲ"

"နင့်ကို လိုက်ရှာမလို့"

ပြည့် အဖြေစကားကြောင့် အကွရာမျက်နှာက ပြုံးသွားသည်။

"မင်း ဖိနပ်တစ်ဖက်ကော"

"ဟယ် ... ဟုတ်ပါရဲ့။ ဘယ်ရောက်သွားလဲမသိဘူး"

အခုမှ ပြည့်သတိထားမိသည်။ သူမ ခြေထောက်တစ်ဖက်မှာ ဖိနပ်မရှိတော့ချေ။ လဲကျတုန်းက ကျွတ်ထွက်သွားတာဖြစ်လိမ့်မည်။

"ဒီမှာ"

အကွရာက ဖိနပ်ကိုလိုက်ရှာပြီး ယူလာသည်။ ပြီးတော့ သူမ ခြေထောက်မှာ သူကိုယ်တိုင်စွတ်ပေးသည်။ ပြည့် အားနာသွားမိ၏။

"ရတယ် ... ကိုယ့်ဘာသာပဲ စီးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ငြိမ်နေ ... မရှည်နဲ့"

အကွရာက အမိန့်ပေးသလိုပြောပြီး ဖွတ်အတင်း စီးပေးလေသည်။

"ကျေးဇူးပဲ"

ပြည့်သည် အကွရာကို ပြုံးပြလိုက်၏။ အကွရာကလည်း ပြည့်ကိုပြန်ပြုံးပြသည်။ ဒီလိုနှင့်ပင် သူတို့နှစ်ဦးသည် ဘာသာစကားတွေ မလိုဘဲ နားလည်မှုအား ကိုယ်စီကိုယ်၄ ပိုင်ဆိုင်ရရှိသွားကြ၏။ ထို့နောက် တစ်ဦးလက်ကို တစ်ဦးဆွဲပြီး ထိုနေရာမှ တရွေ့ရွေ့ထွက်ခွာသွားကြလေ တော့သည်။

နေလုံးသည် တောင်စွယ်သို့ ငုံ့လျှိုးပေတော့မည်။

စိတ်လေနေသော နိုင်တည်မြဲသည် ဆိုင်ကယ်ကို အပြင်းမောင်းနှင်ကာ တရကြမ်းစီးနေပါသည်။ သူ့ရင်ဘတ်သည် ဒဏ်ရာတွေထက်ကို ပိုမိုနာကျင်လို့နေပါသည်။

မြစ်ဆိပ်ကိုရောက်တော့ နိုင်တည်မြဲသည် ဆိုင်ကယ်ကိုရပ်လိုက်၏။ သောင်ပြင်တလျှောက် သူလမ်းလျှောက်နေမိပါ၏။ သူ၏စိတ်အာရုံများသည် အတိတ်ကာလတစ်ခုဆီသို့ ဖဲပျံရောက်ရှိလို့ နေလေသည်။

တစ်ချိန်တုန်းကဖြစ်သည်။ ဒီမြစ်ဆိပ်ကလေးမှာပဲပေါ့။ သူနှင့်အဘွား ဖြစ်သူသည် လှုနှစ်ယောက်အလာကို စောင့်မျှော်နေခဲ့ကြဖူးပါသည်။

အဘွားက သူ့ကိုတတွတ်တွတ် သွန်သင်နေခဲ့၏။

"တည်မြဲ ... အဘွားပြောတာ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... မှတ်မိပါတယ် အဘွား။ သူ့ရှေ့မှာ အဖေ့ကို အဖေလို့ ခေါ်ရဘူး။ အန်ကယ် ... အန်ကယ်လို့ ခေါ်ရမှာမို့လား။ ဒါပေမယ့် ... ကျွန်တော့် ကျွန်တော့်အစ်မကကော သဘောကျပါ့မလား"

အဲဒီတုန်းက သူသည်တစ်စုံတရာကို စိုးရိမ်ပူပန်နေမိခဲ့၏။

ခဏကြာတော့ သူတို့ထံသို့ လူနှစ်ဦးရောက်လာခဲ့ပါသည်။ တစ်ဦးက သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကျန်တစ်ဦးကတော့ ဂါဝန်ကလေးဝတ်ဆင်ထားသော ကောင်မငယ်လေးတစ်ယောက်ဖြစ်သည်။

ထိုယောကျ်ားမှာ သူ၏ဖခင်ဖြစ်ပြီး ထိုကောင်မငယ်ကလေးကတော့ ...

"ဟူး ..."

နိုင်တည်မြဲသည် သက်ပြင်းမောကို မှုတ်ထုတ်လိုက်မိပါတော့သည်။ တရိရိလှိုက်စားခံနေရသော သူ၏စိတ်ဒဏ်ရာသည် ပျက်ယွင်းလုနီးနီး အနာရင်း နေပြီဖြစ်သည်။

ထွင်းထုကုစားဖို့ရာအတွက်တော့ သူ မဝံ့မရဲဖြစ်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ကျောင်းတွင်ဖြစ်သည်။ ပြည့်၏အနီး၌ ကျောင်းသူတစ်စု စုအုံနေကြပေသည်။ စပ်စုနေတာဟု အဓိပ္ပာယ်ဖွင့်ဆိုလျှင် သင့်တော်ပါလိမ့်မည်။ အားလပ်ချိန်ကို အကျိုးမမဲ့အောင် အသုံးချနေတာဟု ပြောလျှင်လည်း ရနိုင်ပါသည်။

"ပြည့် ... နင် မနေ့က ဘယ်သူနဲ့တွဲလဲ"

"အကွာရာနဲ့လား ... နိုင်တည်မြဲနဲ့လား"

"နှစ်ယောက်စလုံးနဲ့"

"ဟယ် ... နှစ်ယောက်စလုံးနဲ့ ... ဟုတ်လား။ ကံကောင်းလိုက်တာ"

အမြင်ကတ်ကတ်နှင့်ပြောပစ်လိုက်ရာ မျက်လုံးတွေပြူးကုန်ကြသည်။

ကျောင်းသူတချို့က ပြည့်ကိုအားကျနေကြ၏။ ပြည့်ကတော့ စိတ်ရှုပ်နေမိပါသည်။ ထိုစဉ်မှာပင် အိတ်ထဲမှဖုန်းက အသံမြည်လာသည်။

ပြည့် ထုတ်ကိုင်လိုက်၏။





"ဟယ်လို"

"မေသက်စုပါ"

တစ်ဖက်မှအသံကြောင့် ပြည့်အံ့သြသွားသည်။

"ပြောလေ"

"ဒါ အကွာရာဖုန်းမဟုတ်လား"

"ဟုတ်တယ်"

"သူ့အနားမှာ မရှိဘူးလား"

"မရှိဘူး"

ပြည့်သည် လိုအပ်သလောက်ပဲပြော၏။ မေသက်စု၏အသံက ချွဲစိစိနိုင်လှပေသည်။

"အခုစကားပြောနေတာက ဘယ်သူလဲဟင်"

"ပြည့်"

"ဪ ... ပြည့်လား"

မေသက်စုက ပြည့်ကိုသိပုံရ၏။

"ဖုန်းက ဘယ်လိုလုပ် ပြည့်ဆီရောက်နေတာလဲ"

"အကွာရာပေးထားတာပါ"

"ပြည့်ကော အခုညလာမှာလားဟင်"

"ဘယ်ကိုလဲ"

ပြည့် မရှင်းမလင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"မေသက်စုပါ"

တစ်ဖက်မှအသံကြောင့် ပြည့်အံ့သြသွားသည်။

"ပြောလေ"

"ဒါ အကွာရာဖုန်းမဟုတ်လား"

"ဟုတ်တယ်"

"သူအနားမှာ မရှိဘူးလား"

"မရှိဘူး"

ပြည့်သည် လိုအပ်သလောက်ပဲပြော၏။ မေသက်စု၏အသံက ချွဲစိစိနိုင်လှပေသည်။

"အခုစကားပြောနေတာက ဘယ်သူလဲဟင်"

"ပြည့်"

"ဩော် ... ပြည့်လား"

မေသက်စုက ပြည့်ကိုသိပုံရ၏။

"ဖုန်းက ဘယ်လိုလုပ် ပြည့်ဆီရောက်နေတာလဲ"

"အကွာရာပေးထားတာပါ"

"ပြည့်ကော အခုညလာမှာလားဟင်"

"ဘယ်ကိုလဲ"

ပြည့် မရှင်းမလင်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကွာရာ မပြောဘူးလား။ ဒီနေ့ လူစုံမှာ။ အဲဒါကြောင့် ဖုန်းဆက်တာ"

"ဘယ်မှာတွေ့မှာလဲဟင်"

မေသက်စုက အမွဲရုံတစ်ခု၏ အမည်ကိုပြောပြသည်။ ထို့နောက် ဖုန်းကိုချသွား၏။ ပြည့်ရင်ထဲမှာတော့ ကျလိုကျလိုဖြစ်ကျား ကျန်နေရစ်ခဲ့လေသည်။

ညနေခင်းကျောင်းဆင်း၍ အကွာရာနှင့်တွေ့တာနှင့် ပြည့်က ထိုကိစ္စကို ဦးတည်ကာ ပြဿနာရှာလေတော့သည်။

"အဲဒီကိစ္စ နင် ဘာလို့ငါ့ကိုမပြောတာလဲ"

"မင်းနဲ့မှမဆိုင်ဘဲ။ မင်းနဲ့လိုင်းမှမတူတာ။ သိရင်လည်း မင်းမှစိတ်မကောင်းဖြစ်ဦးမှာ"

သူပြောတော့လည်း ဟုတ်သလိုလိုရှိ၏။ အခုတောင်မှ ပြည့် စိတ်မကောင်းဖြစ်နေရပြီလေ။

"နင် မေသက်စုနဲ့ ဘာလုပ်မလို့လဲ"

ပြည့် မေးတာကို အကွာရာက မဖြေ။ ဒီတော့ ပြည့် ဖိုစိတ်တိုသွားသည်။

"အေး ... ပြီးတာပဲ။ အဲဒါဆို ငါလည်းနိုင်တွည်မြဲနဲ့ သွားတော့မယ်"

သူမ ခပ်ရွဲ့ရွဲ့ပြောလိုက်တော့မှ အကွာရာအသံက ထွက်လာသည်။

"မင်း အခုထိ ဒီကောင့်အကြောင်း မပြောတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောစေချင်ရင် တစ်နည်းရှိတယ်"

"ဘာလဲ"

"ညကျရင် ငါ့ကိုပါခေါ်"

ဒီလို အကြပ်ကိုင်တော့လည်း အက္ခရာခမျာ အလျှော့ပေးလိုက်ရပြန်ပါသည်။ ဒါကပင် ချစ်ရသူတို့၏ အနစားဒုက္ခတစ်မျိုးဖြစ်၏။ ချစ်သူနှင့်ပတ်သက်လျှင် ကိုယ့်ဘက်က အားနည်းချက်ကိုသာ စွဲကိုင်အသုံးပြုလေ့ရှိသည်မှာ ချစ်တတ်သူတို့၏ အလေ့အထပင်ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင်တော့ တမင်တကာ နွဲ့ဆိုး,ဆိုး ဗိုလ်ကျတာလေးတွေရှိသည်ပေါ့။

ညရောက်တော့ မှောင်ပါသည်။ (ရှင်းရဲ့လား !)

ကြယ်ရောင် မစို့မပို့က လမ်းပေါ်မှာ ဖြာကျလျက်ရှိလေ၏။ ကမ္ဘာ့စာပေမှာ ရွှေစာရင်းဝင်ဖြစ်လျက်ရှိသော ရော်ဘင်ဆန်ကရူးဆိုး ဝတ္ထုထဲမှ စာသားအချို့ကို အယ်နီယယ်ဒီဖိုးသည် ဒီလိုအချိန်အခါမျိုးမှာ တွေးခဲ့ရေးခဲ့တာ ဖြစ် လျှင်ဖြစ်နိုင်ပါသည်။ (မဖြစ်လျှင်လည်း မဖြစ်နိုင်ပါ)

ချောကလက်တွေ ပေါများသော ခန်းမဆောင်ထဲမှာ အက္ခရာရောက်ရှိနေပြီဖြစ်လေသည်။ သူ၏အနီးအနားမှာ (ချော၍ကလက်သော) ချောကလက်လေးတွေ စုပြုံနေကြသည်။ ထိုအထဲမှာ မေသက်စုကတော့ အကဲဆုံး အသဲဆုံးပေါ့။

"အက္ခရာ ... လာလေ ... နွှဲလိုက်ကြရအောင်"

အက္ခရာက တုပ်တုပ်မျှမလှုပ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် တစ်ယောက်ယောက်ကို စောင့်နေတာလား"

"ဟုတ်တယ်"

"ဘယ်သူ့ကိုလဲ"

"ပြည့်"

အက္ခရာ၏အဖြေကြောင့် မေသက်စု၏မျက်နှာက ရှုံ့မဲ့သွားသည်။

"နင်ကလည်း ဘယ်လိုကောင်မမျိုးနဲ့ တွဲမှန်းမသိဘူး"

မေသက်စု၏ မှတ်ချက်ချသံကို အက္ခရာက လုံးဝဂရုမစိုက်ချေ။ ထိုစဉ် မှာပင် သူငယ်ချင်းတစ်ဦးက သူ့ပခုံးကိုပုတ်၍ သတိပေး၏။

"ဟိုတ်ကောင် ... ပြည့် ရောက်လာပြီ"

အက္ခရာ မျက်လုံးကစားကြည့်လိုက်သည်။ ဟော ... ပြည့်ကို သူတွေ့ရပါပြီ။ သူ့ မျက်လုံးတွေပင် အံ့အားသင့်သွားမိ၏။ ပြည့်ဒီဇိုင်းက အတိုင်းထက်အလွန် လန်းပျံ့နေသောကြောင့်ဖြစ်ပေသည်။

သာမန် ရိုးရိုးယဉ်ယဉ်တွေသာ ဝတ်လေ့ဝတ်ထရှိသော ပြည့်သည် ဒီကနေ့ညတော့ဖြင့် လည်ပင်းပေါက်အရမ်းကျယ်ပြီး တစ်ထည်လုံး ဖွာလန်ကျဲနေသော ကပိုကယိုဝတ်စုံတစ်ခုကို ဝတ်ဆင်ထား၏။ မျက်နှာပြင် မှာလည်း အရောင်တွေ စုံလင်နေသည်။ သူမကိုကြည့်ရတာ တော်တော် မတင့်မတယ်ဖြစ်နေပါသည်။

အက္ခရာသည် ချက်ချင်းပင် ပြည့်အနားသို့သွားလိုက်သည်။

"ဟေ့ ... အင်္ကျီပြန်လဲချေ။ မင်းဘယ်လိုဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာ၏အပြောကို ပြည့် အံ့သြသွားပုံရသည်။

"မတွေ့ရတာ လေးနှာရီလောက်ပဲ ရှိသေးတယ်။ ငါသိပ်ပြောင်းလဲနေသို့လား"

"မဟုတ်ဘူး။ သိပ်လှနေလို့ ... ဟုတ်ပြီလား"

"ဘာဖြစ်လို့လဲ။ ငါဒီလိုမျိုး ဝတ်ကြည့်ချင်လို့ပါ"

"ဝတ်ချင်ရင် ငါတစ်ယောက်တည်း ရှိမှဝတ်။ ဒါမျိုးက မင်းဝတ်ဖို့မသင့်ဘူး။ ဟိုမှာတွေ့လား ... အဲဒီလိုမိန်းမမျိုးတွေဝတ်တာ"

အက္ခရာက စရိုက်ရွဲပြီး ဖယားစောင်းသော ချောကလက်တစ်အုပ်ကို လက်ညှိုးထိုးပြလိုက်သည်။ ဒါကို ပြည့်က နားမလည်ချေ။

"သူတို့တွေက ဘာတွေလဲ"

"ကာမဒါန အလှူရှင်တွေ"

ဒီလိုပြောမှ ပြည့် သဘောပေါက်သွားသည်။

"ငါ့အခြေအနေက တော်တော်ပဲ ဆိုးနေလို့လား"

"သိချင်ရင် မှန်ထဲသွားကြည့်လေ"

"ကြည့်တော့ ကြည့်လာပြီးသားပါ"

"သေချာအောင် ထပ်ကြည့်လိုက်ပါဦး"

"မှန်က ဘယ်မှာလဲ"

"သန့်စင်ခန်းထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည် သနံ့စင်ခန်းရှိရာသို့ ထွက်လာခဲ့သည်။ အထဲရောက်သော အခါ တွေ့ရသည့်မှန်ရှေ့မှာရပ်၍ သူမကိုယ်သူမ ဘာထူးဆန်းနေသလဲဆိုတာ သေချာ ပြန်ကြည့်သည်။

ထိုစဉ်တွင် ...

"မိုက်တယ် ... ဘော်ဒီလေးကအစ ... အားလုံးရှယ်ပဲ ...."

"ဟင်"

မိန်းမသနံ့စင်ခန်းထဲသို့ ယောကျ်ားတစ်ဦး ဝင်လာသဖြင့် ပြည့် လန့်သွား၏။

"ဦးလေး ... ဘာလုပ်တာလဲ"

"ဦးလေး မဟုတ်ပါဘူးကွာ ... ဟန်နီပါ။ နာမည်အရင်းကို ပြောရရင် တော့ ဆန်းမွန်အောင်ပေါ့"

ပုဂ္ဂိုလ်က ခွဲ့နေပြန်သည်။

"ရှင် အခန်းမှားနေပြီရှင့်"

"မမှားပါဘူးကွာ၊ အချစ်ကလေးကိုမြင်လို့ ဒီကိုပဲ တမင်လိုက်ဝင်လာ တာ ... အဟဲ ... ဟဲ"

"အို ..."

ထိုလူက ပြည့်ကို အတင်းပဲဆွဲဖက်သည်။ ပြည့် သေမတတ်ကြောက် ရွံ့သွား၏။

"ရှင် ... ရှင် ... ဒါဘာလုပ်တာလဲ။ လွှတ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မူမနေစမ်းပါနဲ့ကွာ။ အပွေးမြင်တာနဲ့ ဘာအသီးမှန်း တန်းသိပါတယ်"

"ရှင်ထင်တာ မှားနေပြီ။ ကျွန်မ မီကောင်းဖခင် သားသမီးပါ"

"အဲဒီတော့လည်း ပိုကောင်းတာပေါ့ကွာ"

အခြေအနေသည် ရှန်းရင်းဆန်ခတ်ဖြစ်နေပေပြီ။

အဲဒီအချိန်မှာပဲ အခန်းတံခါးပွင့်သွားသည်။ တံခါးဝမှာ ရပ်နေသူက အကွရာ။

သူ့မျက်နှာက ပုပ်သိုးနေပါသည်။

"အကွရာ"

ပြည့် အားကိုးတကြီး အော်ခေါ်လိုက်သည်။ သို့သော် အကွရာက အခန်းထဲမဝင်ဘဲ မျက်နှာလွှဲခဲပစ်ဟန်ဖြင့် တံခါးကိုဝုန်းခနဲဆောင့်ပိတ်ပြီး ပြန်လှည့်ထွက်သွား၏။

ပြည့် ဝမ်းနည်းသွားမိသည်။

"ရက်စက်လိုက်တာ"

"ရက်စက်တာမဟုတ်ပါဘူး အချစ်ကလေးရယ်။ အကြင်နာတွေ ပေးမလို့ပါ။ မငြင်းနဲ့နော်"

"ဟင့်အင်း ... ဟင့်အင်း"

အပွေ့အဖက်တွေက ကြမ်းတမ်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည် ရမ္မက်၏သားကောင် ဖြစ်ရပေတော့မည်။ ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့်ရှုန်းကန်ရင်း သူမတစ်ကိုယ်လုံး အားအင်တွေ ကုန်ခမ်းချိနဲ့လို့နေပါပြီ။

ထိုစဉ်မှာပင် တံခါးသည် ဝုန်းခနဲပွင့်သွားသည်။ အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာ၏။ အကွရာပဲဖြစ်သည်။

"ဟိတ်ကောင် ... မင်း ဘာလာရှုပ်ပြန်တာလဲ"

အကွရာ၏အဖြေသည် နှုတ်မှမဟုတ်ဘဲ ခြေတွေလက်တွေမှ ထွက်လာသည်။ သွက်၏။ ယစ်ထွေနေသော ဟိုလူသည် ညည်းညူသံများနှင့်တကွ လဲကျမေ့မြောသွားတော့သည်။ သန့်စင်ခန်းကြမ်းခင်းသည်လည်း အနီရောင်အချို့ စွန်းကွက်လျက်ကျန်ခဲ့၏။

ပြည့်သည် ရှိုက်ကြီးတငင် ငိုလေပြီ။

"အခုမှ ငိုမနေနဲ့။ မင်းဘာလို့ ဒီလိုဝတ်ပြီး ဒီကိုလာလဲ"

"မေသက်စုနဲ့ယှဉ်ရင် နှင့်မျက်လုံးထဲမှာ ငါကကြည့်ကောင်းအောင်လို့ပေါ့"

"မင်းတို့မိန်းမတွေကိုက အဲဒီလိုဝတ်မှ ယောကျ်ားတွေမျက်လုံးထဲမှာ ကြည့်ကောင်းမယ်လို့ ထင်နေတာလား"

"ငါ့ကိုမဆူပါနဲ့ဟယ် ..."

တရှုံ့ရှုံ့ငိုရင်းပြောနေသော ပြည့်ကိုကြည့်ကာ အကွရာသနားသွားမိပါသည်။ ဒါဟာလည်း ယောကျ်ားတွေရဲ့ အားနည်းချက်ပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးဟာ ငါ့အမှားပဲ။ ငါသေသင့်တာပါ။ လာ ... သွားမယ်။ သွားလိုက်တော့။ ပြီးသွားပြီ"

အက္ခရာသည် ပြည့်ကိုခေါ်ကာ ကပွဲရုံထဲမှ ထွက်လာခဲ့လေသည်။ ပြင်ပ၌ ညဉ့်သည်တိတ်ဆိတ်နေချေပြီ။

တစ်ခါတရံမှာ လေညင်းတွေက မုန်တိုင်းဟန်ဖြစ်ချင်တာ ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အချိန်ကာလသည် နံနက်ခင်းဖြစ်သည်။ ကျောင်းပိတ်ရက်မို့ ပြည့်နှင့် ဆုရည်ဝေသည် အိမ်မှာပဲဇိမ်ကျနေကြသည်။

အိပ်ယာထဲမှာ လှဲနေရင်းပေါ့။ ပြည့်က ကပွဲမှဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေရာ ဆုရည်ဝေအသည်းယားသွားသည်။

"အစ်မ ... နင်တော့ အဲဒီကိစ္စကို အမြဲတမ်းသတိရနေတော့မှာပဲနော်"

"အေး ... ဟုတ်တယ်"

"အဲဒီလိုဖြစ်တာ နင်သဘောမကျဘူးလား"

"နင့်နဲ့ကလွှားတဲ့မှပဲ ... သဘောကျစရာလားဟဲ့"

ပြည့်က ရှိုင်းရှိုင်းစိုင်းစိုင်းလေးပြောတော့ ဆုရည်ဝေက ရယ်သည်။

"အဲဒီလူရဲ့ ရုပ်ကဘယ်လိုမျိုးလဲဟင်"

ပြည့်သည် အနည်းငယ် စဉ်းစားလိုက်သေးသည်။ ပြီးတော့မှဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာ ဝေမှူးသွင်ရဲ့ရုပ်ကို နှာခေါင်းနည်းနည်း ကြီးထားတဲ့ ရုပ်မျိုးဟာ"

"ဩော်"

ဆုရည်ဝေသည် အာရုံထဲမှာ ပုံဖော်ကြည့်နေမိသည်။ ထိုအခိုက် အနီးဆီမှ အသံပေါ်ထွက်လာသဖြင့် ပြည့်ကိုင်လိုက်သည်။

"ဟယ်လို အကွာရာလား"

"ငါ နိုင်တည်မြဲပါ"

ပြည့်ထင်တာ မှားသွားသည်။

"တည်မြဲ ... ပြောလေ"

"အစ်မ ... နင်အကွာရာနဲ့ တွေ့ဖြစ်သေးတယ်ပေါ့လေ။ နင် သူ့ကို ကြိုက်နေပြီလား"

ပြည့် အသာငြိမ်နေလိုက်သည်။

"ငါ နင်နဲ့တွေ့ချင်တယ် အစ်မ။ နင့်ကို ငါတကယ်တွေ့ချင်တာ"

"အခုရက်ပိုင်း ငါမအားဘူး။ စာတွေ လုပ်နေရတာ"

သက်ပြင်းသဲ့သဲ့ချသံအား ကြားရ၏။

"အစ်မ ... နင်မကောင်းဘူးဟာ"

"ဘာမကောင်းတာလဲ။ တည်မြဲ ... ဟယ်လို .... ဟယ်လို"

တစ်ဖက်မှ ဖုန်းကချသွားသည်။ ပြည့် စိတ်မကောင်းဖြစ်သွားရ၏။ နိုင်တည်မြဲ၏ ရင်ထဲမှာဘာတွေရှိနေသလဲဆိုတာ ပြည့်စိတ်ဝင်စားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည် နိုင်တည်မြဲ၏ အိမ်ရှိရာသို့ ထွက်လာခဲ့သည်။ ရောက်တော့ အိမ်တံခါးက သော့ခတ်ထား၏။ ကိစ္စမရှိပါ။ နိုင်တည်မြဲသည် အိမ်သော့ကို ဘယ်နေရာမှာ ဘယ်လိုထားသလဲဆိုတာ ပြည့်ကိုပြောပြဖူးသည်။

အိမ်ရှေ့ရှိ ပန်းအိုးကလေးအောက်မှ သော့ကိုယူပြီး အိမ်တံခါးကိုဖွင့်လိုက်တော့ အလွယ်တကူပင်ပွင့်သွားသည်။ ပြည့်သည် နိုင်တည်မြဲပြန်လာလို့ သူမကိုမြင်လျှင် အံ့ဩသွားစေရန် အိမ်ထဲဝင်နေလိုက်၏။

ထိုင်စောင့်နေရင်း ပျင်းလာတာနှင့် အိမ်အတွင်းမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်သည်။ တစ်နေရာအရောက်မှာတော့ စားပွဲခုံပေါ်မှာ ထောင်ထားသော ဓာတ်ပုံတစ်ပုံကိုတွေ့သဖြင့် သူမကောက်ယူကြည့်လိုက်သည်။ ဓာတ်ပုံကသုံးယောက်တွဲပုံဖြစ်သည်။ လူတစ်ဦးက ကလေးနှစ်ယောက်ကို တစ်ဖက်တစ်ချက်စီမှာထားပြီး ပခုံးဖက်ကာ ရိုက်ထားခြင်းဖြစ်၏။ ကလေးတစ်ယောက်က ယောကျ်ားလေးဖြစ်ပြီး နောက်တစ်ယောက်ကတော့ မိန်းကလေးဖြစ်သည်။

"ဟင် ..."

ဓာတ်ပုံကိုကြည့်၍ ပြည့်ခြောက်ခြားသွားသည်။

"ဖေဖေ"

ဓာတ်ပုံထဲမှလူသည် သူမ၏ဖခင်ဖြစ်နေသည်။ ဂရုတစိုက်ကြည့်လိုက်ရာ ဓာတ်ပုံထဲမှ ဂါဝန်ကလေးနှင့် ကောင်မလေးမှာ ငယ်စဉ်က သူမ၏



www.burmeseclassic.com

www.burmeseclassic.com



ချပ်သွင်မှန်း တအံ့တသြ သိရှိလိုက်ရပြန်သည်။ ဒီလိုဆို ဓာတ်ပုံထဲမှ ကောင်လေး ကကောဘယ်သူလဲ ...။

"နိုင်တည်မြဲ"

ပြည့်သည် ဓာတ်ပုံကို ဆုပ်ကိုင်ရင်း အံ့သြမှုတွေ မကုန်ဆုံးနိုင်အောင် ဖြစ်နေလေသည်။ သူမ ဦးနှောက်ကိုချက်ချင်း အလုပ်ပေးလိုက်ရာ အတိတ် ဖြစ်စဉ်တစ်ခုက အာရုံထဲမှာ တရေးရေးပေါ်လွင်လာသည်။

တစ်ခါတုန်းကပေါ့။ သူမနှင့် ဖခင်ဖြစ်သူသည် မြစ်ဆိပ်ကလေးသို့ အတူသွားခဲ့ကြသည်။ ထိုမြစ်ဆိပ်ကလေးမှာ လူနှစ်ဦးက သူမတို့ကို အသင့် စောင့်ကြိုလို့နေပါသည်။ ကောင်လေးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး ဖြစ်၏။

ဖခင်နှင့် ထိုအမျိုးသမီးကြီး စကားပြောနေစဉ်မှာ သူမနှင့်ကောင်လေး သည် သဲသောင်ပြင်တစ်လျှောက် ပြေးလွှားဆော့ကစားနေခဲ့ကြပါသည်။ ငယ်ငယ်ကတည်းက ယောကျ်ားလေးများနှင့်အတူ ဆော့ကစားလျှင် မကြိုက်သောဖခင်သည် ထိုကောင်လေးနှင့်ကျတော့ ရင်းရင်းနှီးနှီး ဆက်ဆံ စေခဲ့သည်။ ထိုနေ့က ညနေတစောင်း မိုးချုပ်ကာနီးမှ သူမတို့သားအဖ ပြန်လာဖြစ်ခဲ့ကြ၏။

ပြန်ခါနီးတွင် အမျိုးသမီးကြီးက သူပါလာသော ကင်မရာဖြင့် တစ်ယောက်ချင်းစီ ဓာတ်ပုံရိုက်သည်။ ပြီးတော့လည်း သူမတို့သုံးယောက်ကို ယှဉ်တွဲစေကာ အမှတ်တရဟုပြောပြီး ဓာတ်ပုံရိုက်ယူပြန်သည်။ ထိုဓာတ်ပုံ သည် ဤပုံပင်ဖြစ်ပေလိမ့်မည်။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်ပုံကဘာကြောင့် နိုင်တည်မြဲဆီ ရောက်နေရတာလဲ ...။ တွေး တောစဉ်းစားရင်းနှင့် ပြည့် အာရုံတွေ နောက်ကျိသွားရသည်။ စဝေစဝါ များစွာဖြင့်ပင် သူမ အိမ်သို့ပြန်လာခဲ့တော့လေ၏။

အိမ်ပြန်ရောက်သောအခါ မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြပြီး နိုင်တည်မြဲကို သိသလားဟုမေးကြည့်သည်။ မိခင်ဖြစ်သူက မသိဘူးဟုသာ ဖြတ်ငြင်း၏။ သို့သော် မျက်နှာအမူအယာက သိသိသာသာ ပျက်ယွင်းနေပါ သည်။

"မေမေ တစ်ခုခုကို ဖုံးကွယ်ထားပါတယ်။ ဟုတ်တယ်မလား"

သူမ ဖွတ်အတင်းမေးတော့မှ အဖြေထွက်လာ၏။

"နင့်အဖေက ငါနဲ့ပေါင်းနေစဉ်အတွင်းမှာ တခြားမိန်းမတစ်ယောက် နဲ့ပါညားနေခဲ့တာ။ အဲ့ဒါကြောင့် သူနဲ့ငါကွဲသွားကြတာ"

"ဩော် ... ဒါဆို နိုင်တည်မြဲက ... "

"နင့်အဖေ ဟိုတစ်ယောက်နဲ့ရတဲ့ကလေးဖြစ်မှာပေါ့"

"ဟင် ..."

ပြည့်ရင်ထဲမှာ အေးခနဲပဲဖြစ်သွားသည်။ နိုင်တည်မြဲ၏ "အစ်မ" ဟုခေါ်သော အသံအားလည်း အာရုံမှာပြန်လည်ကြားယောင်လိုက်မိပါ သည်။ သွေးသားဆိုသော ခံစားချက်က သူမအား ချက်ချင်းလက်ငင်းပင် ချိုမြိန်စွာ ချည်နှောင်ဖမ်းစားပစ်လိုက်လေတော့သည်။

ပြည့်သည် အိမ်မှအမြန်ပြန်ထွက်ကာ မြို့ထဲမှာ နိုင်တည်မြဲကို လိုက်ရှာသည်။ သို့သော် မတွေ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ရွေ့နေသော သံယောဇဉ်ကွင်းဆက်တစ်ခုနှင့် ပြန်လည်ချိတ်ဆက်မိသဖြင့် ပြည့် ဝမ်းသာနေသည်။ သူမ သိပ်သွက်နေ၏။

နိုင်တည်မြဲကို မြို့ထဲမှာ ရှာ၍မတွေ့သဖြင့် ရှိလိုရှိငြား အိမ်သို့ အွက်လာခဲ့ရာ ... လမ်းခုလတ်အရောက်မှာပင်

ဖုန်းက မြည်လာ၏။

"ဟယ်လို"

"ပြည့်ဆိုတာ ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်"

"နိုင်တည်မြဲကို သိပါသလား"

"ဟုတ်ကဲ့ ... သိပါတယ်ရှင်"

"အခု ဆေးရုံကနေဆက်တာပါ"

ပြည့် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ဘာကိစ္စရှိလို့လဲဟင်"

"နိုင်တည်မြဲ ဆိုင်ကယ်မှောက်လို့"

"ရှင် ... "

"သူ့ပိုက်ဆံအိတ်ထဲကနေ ပြည့်ရဲ့ နာမည်နဲ့ ဖုန်းနံပါတ်တွေ့လို့ လှမ်းဆက်လိုက်တာပါ"

ဘုရား ...ဘုရား ... တည်မြဲ ဘာမှမဖြစ်ပါစေနဲ့ ...။

သူမရင်သည် ရုတ်တရက်စိတ်လှုပ်ရှားမှုများနှင့် ပြည့်နက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည် ဆေးရုံသို့ လျှင်မြန်စွာသွားသည်။ ရောက်သောအခါ လူနာဆောင်တွေထဲမှာ နိုင်တည်မြဲကို လိုက်၍ရှာသည်။ ခဏကြာတော့ သူမ တွေ့လိုက်ပါသည်။

လဲလျောင်းနေသော ခန္ဓာတစ်ခု ...။

နိုင်တည်မြဲကိုင်နေကျ ပိုက်ဆံအိတ်နှင့် ဖုန်းလေးကို နံဘေးမှာ ချထား၏။ တစ်ကိုယ်လုံး ဖုံးအုပ်ထားသော ပိတ်ဖြူစမှာ အနီရောင်သွေး စက်တွေက စွန်းကွက်လျက်ရှိသည်။ ကြည့်၍ ပြည့်မျက်ဝန်းမှာ မျက်ရည် တွေဝဲလာသည်။

"တည်မြဲ ... တည်မြဲ ... မောင်လေး ..."

လှုပ်ခေါ်ပေမယ့် လူကမထူး။ ပြည့် ရှူးချင်လာသည်။

"ငါဟာ တကယ်အသုံးမကျတဲ့ အစ်မပါ။ ကိုယ့်မောင်ကိုတောင် မမှတ်မိဘူး။ တောင်းပန်ပါတယ် တည်မြဲရယ် ... ထပါဦး။ အစ်မကို ထကြည့်ပါဦး"

ပြည့်သည် ဒိုလျက်ဖြင့်ပင် ပိတ်ဖြူစကို ဆွဲခွာလိုက်သည်။ ထိုအခါ မြင်လိုက်ရသောမြင်ကွင်းကြောင့် သူမ အကြီးအကျယ်သွေးပျက် ထိတ်လန့် သွားတော့၏။ သွေးချင်းချင်းနီရဲနေသော မျက်နှာပြင်တစ်ခုလုံးသည် ရှုမြင်၍ မကောင်းတော့လောက်အောင်ပင် အသားစတွေ ဖွာလန်ကျဲကာ ပွဲရှဲ့ပျက်သွား နေလေပြီ။

"တည်မြဲရယ် ... အဖြစ်ဆိုးလှချည်လား မောင်လေးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ပြည့်သည် ကျုံ့ကျုံ့ပါအောင် ရှိုက်ငိုလေပြီ။ သူမအဖြစ်က မက်မောသော ပစ္စည်းတစ်ခုကို ကောက်ရရုံရှိသေး ... ပြန်လည်ကျပျောက်သွားသလိုပါပဲ။ ဒါ ... ဝဋ်ကြွေးပဲထင်ပါရဲ့။

ထိုစဉ် သူမပခုံးသည် ဖမ်းဆွဲခြင်းခံလိုက်ရ၏။

"အစ်မ"

လှည့်ကြည့်လိုက်တော့ မြင်လိုက်ရတာက နိုင်တည်မြဲ၏ ပကတိ ချက်နှာ။

"အမယ်လေး"

ရုတ်တရက်တော့ လန့်သွားမိသေးသည်။ ပြီးကာမှ အသိဝင်လာ၏။

"တည်မြဲ ... နင် ... နင်"

"အသက်ကလေး ဘာလေးရှုပါဦး အစ်မရယ်။ ဖြည်းဖြည်းပြောပါ"

နိုင်တည်မြဲသည် ခေါင်းမှာပတ်တီးဖြူတစ်ခုသာရှိ၏။ ကျန်တာအားလုံးအကောင်းပကတိ။

ပြည့်ခမျာ ရယ်ရခက် ငိုရခက်။

သူမ လူမှားသွားတာဖြစ်သည်။ နိုင်တည်မြဲက သူ့ပိုက်ဆံအိတ်နှင့် ဖုန်းကိုကောက်ယူရင်း ရယ်ကျဲကျဲဖြင့် ...

"အစ်မက ဒီလိုကျတော့လည်း ငါ့ကိုစိတ်ပူတတ်သားပဲ"

"ပူရမှာပေါ့ဟဲ့။ နင်က ငါ့မောင်လေးပဲဟာကို"

"ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မနက်က နင့်အိမ်ရောက်တယ်။ ခေတ်ပုံကိုလည်း တွေ့ခဲ့တယ်"

နိုင်တည်မြဲ ငြိမ်ကျသွားလေသည်။ ပြည့်က ...

"နင် ဘာလို့ ငါ့ကိုမပြောတာလဲ"

"ဘာကိုလဲ"

"ငါတို့က မိသားစုဝင်တွေပဲဟာ"

"ဘယ်လို မိသားစုဝင်လဲ"

"နင် ဖုံးကွယ်မနေပါနဲ့တော့ဟာ။ ငါ အားလုံးသိပြီးပါပြီ"

ပြည့်က ဝမ်းသာတက်ကြွစွာ ပြုံး၍ပြောတော့ နိုင်တည်မြဲက ရယ်သည်။ သူ့ အမူအယာက လန်းဆန်းလျက်ရှိ၏။

"အစ်မ ...နင့်ကိုကြည့်ရတာ ပျော်နေသလိုပဲ"

"ပျော်တာပေါ့ဟဲ့ ...။ ငါ့မှာတော့ နင့်ကိုငါ့မောင်ဆိုတာ သိပြီး ဝမ်းသာလိုက်ရတာ။ နင်ကကော အခုဝမ်းမသာဘူးလား"

"မသာပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"ငါ ဝမ်းသာခဲ့တာက ကြာပြီလေ"

"ဟွန်း ... အရှုံး"

ပြည့်က ပြောင်တိပြောင်စပ်လုပ်နေသော နိုင်တည်မြဲ နဖူးကို လက်ဆစ်နှင့်ခေါက်ခနဲခေါက်၏။ ဒီတော့နိုင်တည်မြဲ မျက်နှာရှုံ့မဲ့သွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား … နာတယ် အစ်မရဲ့။ အနှာခဲ့"

"အယ် … ဟုတ်ပါရဲ့။ ဥုံဖွ ဥုံဖွ"

ပြည့်သည် နိုင်တည်မြဲ၏ နဖူးကိုညင်ညင်သာသာလေး ပွတ်ပေးသိုက်လေသည်။ ထိုအပြုအမူကြောင့် နိုင်တည်မြဲ ကြည်နူးသွားသည်။

ထိုကြည်နူးခြင်းသည် မည်ကဲ့သို့သော ရောင်စဉ်ဖြစ်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

အေးစိမ့်နေသော အခန်းတစ်ခန်းအတွင်း၌ ဖြစ်၏။ နိုင်တည်မြဲသည် ဆရာဝန်နှင့် စစ်ချက်ယူလျက်ရှိသည်။

အဖြစ်အပျက်က သူ့ကျန်းမာရေးအတွက်။

"မင်းမိသားစုထဲမှာ နှလုံးရောဂါ ရှိတဲ့လူရှိလား"

"ဟုတ်ကဲ့ ... ရှိပါတယ် ဒေါက်တာ"

"ဘယ်သူတွေလဲ"

"ကျွန်တော့်အမေရယ်၊ အဘွားရယ်ပါ"

နိုင်တည်မြဲသည် ဆရာဝန်၏ မျက်နှာကိုကြည့်လိုက်သည်။

"ကျွန်တော့်အခြေအနေက တော်တော်ဆိုးလို့လား ဒေါက်တာ"

ဆရာဝန်သည် သက်ပြင်းချ၏။



www.burmeseclassic.com

www.burmeseclassic.com



"နလုံးသွေးကြော ကျဉ်းနေတာ။ သိပ်တော့မကောင်းဘူး"

"အော်"

အားစိမ့်နေသော အခန်းထဲမှ နိုင်တည်မြဲ ထွက်လာခဲ့ပါသည်။ အပြာရောင်သမ်းတွေသည် နေးတုံ့လျက်ရှိ၏။

သူ အိမ်ပြန်ရောက်တော့ ပြည့်ကလည်း အိမ်မှာရောက်ရှိနေပါသည်။

"တည်မြဲ … ဘယ်သွားနေကာလဲ"

"ဘယ်မှမဟုတ်ပါဘူး။ ဟိုနားဒီနားပါ"

"နင်မျက်နှာလည်း မကောင်းပါလား။ နေမကောင်းဘူးလား"

"ကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူး"

နိုင်တည်မြဲသည် အေးအေးဆေးဆေးပင် ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ ထိုစဉ် အိမ်ထဲသို့ အကျွရာဝင်ချလာသည်။ ပြည့်ကို ကြည့်၍ …

"ထင်တဲ့အတိုင်းပဲ။ မင်း ဒီရောက်နေတာကိုး"

"ဟုတ်တယ်။ သူ ဆိုင်ကယ်မှောက်တယ်လေ။ အဲဒါကြောင့် သူ့ခေါင်းကဒဏ်ရာအခြေအနေလာကြည့်တာ"

ပြည့်က အလိုက်သင့် ဖြေလိုက်သည်။ အကျွရာက နိုင်တည်မြဲကို ကြည့်၍…

"မင်းကိုငါက ကောင်မလေးတွေ ဆွဲဆောင်ရုံပဲတတ်တယ် ထင်နေတာ။ အခုတော့ မင်းကပြန်ပေးလည်း ဆွဲတတ်တာကိုး"

နိုင်တည်မြဲကတော့ ခပ်ပြုံးပြုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ဆီလာတာတောင် ဘာမုန့်မှယူမလာဘူး။ လက်ဗလာကြီးနဲ့"

"ငါက မင်းဆီလာတာမှ မဟုတ်တာ။ မင်းအစ်မ ဒီမှာရှိနေလို့ လာတာ"

ပြည့် ပြောပြထား၍ နိုင်တည်မြဲနှင့် ပြည့် တော်စပ်ပုံကို အကွရာသိနေပြီဖြစ်သည်။ နိုင်တည်မြဲက ...

"ဒီတစ်ခါ ဘယ်လောက်ကြာမှာလဲ"

"ဘာကိုမေးတာလဲ"

"မင်းက ကောင်မလေးတစ်ယောက်နဲ့တွဲရင် နှစ်ပတ်ပဲကြာတာမဟုတ်လား။ အဲဒါကြောင့်မေးတာ။ အခု ငါ့အစ်မနဲ့ကကော ဘယ်လောက်ကြာမှာလဲ"

"သုံးပတ်လောက်ပါပဲ"

အကွရာက ရွှံ့၍ဖြေသည်။ နိုင်တည်မြဲက ခပ်တိုးတိုးကျိန်ဆဲ၏။ ပြည့်ပဲ ဆရာမကြီးလုပ်ပြီး ကြားဝင်လိုက်ရလေသည်။

"အဲဒီလိုတွေ ပြောမနေနဲ့။ သင့်သင့်မြတ်မြတ်နေကြ။ ကလေးတွေလည်း မဟုတ်တော့ဘူး။ တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်"

"နှုတ်မဆက်နိုင်ပါဘူး။ အော့နလုံးနာလွန်းလို့"

"ငါကလည်း လုံးဝပဲ။ ဒီကောင့်လက်ကိုင်ရမှာ ကောတီဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးက ရှုံ့မဲ့တွတွ ငြင်းဆန်ကြသည်။

"အဲဒါဆို ငါသွားတော့မယ်။ နင်တို့နှစ်ယောက်မခေါ်ရင် နင်တို့နဲ့ငါ ခေါ်တော့ဘူး"

ပြည့် ထိုင်ရာမှထလိုက်၏။ ဒီတော့မှ ...

"မသွားနဲ့ ... နှုတ်ဆက်မယ်"

သံပြိုင်ထွက်လာသည်။

"အဲဒါဆို တကယ်လက်ဆွဲနှုတ်ဆက်လေ"

"အင်းပါ"

ရှုပွရှုပွဖြင့် တစ်ယောက်ကိုတစ်ယောက် လက်ဆွဲနှုတ်ဆက်ကြလေသည်။ တမင်ညစ်ပတ်ကာ တစ်ယောက်လက်ကိုတစ်ယောက် အားသွန်ခွန်စိုက် အတင်းပဲဖျစ်ညှစ်ကြ၏။ သူတို့နှစ်ယောက်ပုံစံကိုကြည့်ကာ ပြည့်သည် စိတ်ရှိလက်ရှိရယ်မိသည်။

"တွေ့လား ... နင်တို့ ဒီလိုလုပ်တာ ဘယ်လောက်ကောင်းသလဲ"

"မကောင်းပါဘူး"

"ဘာ မကောင်းတာလဲ။ အဲဒါဆို ငါထွက်သွားလိုက်မှာနော်"

"ဟာ ... မသွားနဲ့ ... မသွားနဲ့"

"ကောင်းတယ် ... ကောင်းတယ် ... ဟဲ ... ဟဲ"

ကိုယ်စီကိုယ်ငှ မျက်နှာချိုလေးတွေ သွေးကြသည်။ ဒီလိုကျတော့လည်း သူတို့နှစ်ယောက်ပုံစံက ဆိုးသွမ်းလူငယ်လေးတွေဟု ထင်စရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စက်မှမရှိချေ။ ထိုစဉ်မှာပင် အိမ်ထဲသို့ လူတစ်ဦးဝင်လာသည်။ တည်ကြည်ခန့်ငြားသော သက်ကြီးပိုင်း အမျိုးသမီးကြီးတစ်ဦးဖြစ်၏။

"ဟင် ... အဘွား"

ပြည့် ရင်တုန်သွားသည်။ အိမ်ထဲဝင်လာသူသည် (ဖခင်ဘက်မှ တော်စပ်သော)သူမ၏ အဘွားဖြစ်သူ ဒေါ်ခင်စန္ဒာအေးဖြစ်နေ၏။

ပြည့်သည် ပျာပျာသလဲပင် ထိုင်ရန်နေရာပေးလိုက်သည်။

"အဘွား အဘွားဘယ်တုန်းက ရောက်တာလဲ"

"ဒီမနက်မှပါ"

ဒေါ်ခင်စန္ဒာအေး ဒီအိမ်ကိုရောက်လာတာက အံ့ဩစရာ ကိစ္စကြီး တစ်ခုလို ဖြစ်နေသည်။

"ကိစ္စရှိလို့လာတာလားဟင်"

"အင်း ... အဲဒီလိုပဲ ပြောရမှာပေါ့လေ"

ဒေါ်ခင်စန္ဒာအေးသည် နိုင်တည်မြဲနှင့် အကွာရာကိုစူးစမ်းသလိုကြည့် သည်။

"မင်းတို့နှစ်ယောက်မှာ နိုင်တည်မြဲဆိုတာ ဘယ်သူလဲ"

"ကျွန်တော်ပါ"

နိုင်တည်မြဲက ရိုရိုသေသေပင် ပြန်ဖြေသည်။ ဒေါ်ခင်စန္ဒာအေးက နိုင်တည်မြဲကို အသေအချာ စိုက်၍ကြည့်၏။

"ကောင်လေး ... မင်း အဘွားသွယ်သွယ်ဟန် ဆုံးသွားပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ခင်ဗျ"

"ဒါဆို မင်းဒီမှာ တစ်ယောက်တည်းနေနေရတာပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့"

ဒေါ်ခင်စန္ဒာအေးသည် သက်ပြင်းချသည်။

"မင်းဒီမှာ ဆက်မနေနဲ့တော့၊ တစ်ယောက်တည်းဆို မလွယ်ဘူး။ ငါနဲ့လိုက်ခဲ့"

"ဗျာ ... ကျွန်တော်က ဘာကြောင့် ဘယ်ကိုလိုက်ရမှာလဲ"

နိုင်တည်မြဲ ကြောင်သွားသည်။ ဒေါ်ခင်စန္ဒာအေးက ပြုံး၏။

"ငါက မင်းအဖေအောင်ဇော်ရဲ့ အမေပဲ။ မင်းရဲ့အဘွားတော်တယ်။ သွယ်သွယ်ဟန်ဆုံးသွားပြီကြားလို့ မင်းအခြေအနေသိချင်လို့ ဒီကိုငါ တမင်လာကြည့်တာ"

ဒေါ်ခင်စန္ဒာအေးက အဖြစ်အပျက်အလုံးစုံကို အကျဉ်းချုံး၍ ရှင်းပြသည်။ ပြည့် နိုင်တည်မြဲတို့နှင့်အတူ အကွာရာပါ ရောယောင်ကာ နားထောင်ရ၏။

အကျိုးအကြောင်းအားလုံး ရှင်းလင်းသွားသောအခါ ဒေါ်ခင်စန္ဒာအေး က နိုင်တည်မြဲကို သူနောက်သို့လိုက်ဖို့သာ အတင်းခေါ်လေသည်။

"ပြည့်ကတော့ ဒီမှာ သူ့အမေရှိတာကြောင့် စိတ်ပူစရာမလိုဘူး။ မင်းကတော့ တစ်ယောက်တည်းသမားဆိုတော့ အဘွားနဲ့သြစတေးလျကို လိုက်ခဲ့ပါ"

နိုင်တည်မြဲက ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မလိုက်ချင်ဘူး။ ဒီမှာပဲ နေချင်တယ်"

"ဘာဖြစ်လို့လဲ။ ဒီမှာ ဘယ်သူမှလည်း ရှိတော့တာမဟုတ်ဘူး။ အဘွားနဲ့ပဲ လိုက်ခဲ့ပါကွယ်"

နိုင်တည်မြဲက မြစ္စ် ရှက်နှာကိုကြည့်သည်။ ပြီးမှ ...

"ဒီမှာ အစ်မရှိသားပဲ။ ကျွန်တော် ဒီမှာပဲ အစ်မနဲ့နေမယ်"

ဒေါ်ခင်စန္ဒာအေး ဘယ်လိုပဲချော့ခေါ်ခေါ် နိုင်တည်မြဲက မလိုက်ချေ။ နောက်ဆုံး ဒေါ်ခင်စန္ဒာအေး လက်လျှော့လိုက်ရတော့သည်။

အနေအထားက နည်းနည်းတော့ဆန်းပြား၏။

နိုင်တည်မြဲ၏ စိတ်အခြေအနေသည် စိတ်ဝင်စားဖွယ်တော့ ကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

နိုင်တည်မြဲ၏ အိမ်မှာပဲဖြစ်သည်။ အကူရာက အိမ်အပြင်ဘက်မှာ တီဗွီကြည့်နေသည်။ မီးဖိုချောင်ထဲမှာ ပြည့်က ဟင်းတွေချက်ပြုတ်နေ၏။

နိုင်တည်မြဲကတော့ ပြည့်အနားမှာ ကပ်ရှပ်နေပါသည်။

"ဟဲ့ ... တည်မြဲ ... ဆော့မနေနဲ့။ ပန်းကန်သွားဆေး"

ပြည့်ပြောတာကို နားမထောင်ဘဲနှင့် နိုင်တည်မြဲက ကြက်ဥနှစ်လုံးကို မြှောက်ကာမြှောက်ကာ ကစားနေပါသည်။

"တည်မြဲ ... ငါပြောနေတယ်လေ ... "

နိုင်တည်မြဲက နားမထောင်ချေ။

"အစ်မ ... ဒီမှာကြည့် ... ဒီနှစ်ခုကို ပြုတ်မကျဘဲနဲ့ ဒီလိုဆက်တိုက် မြှောက်နိုင်လား"

ပြည့် စိတ်တိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ...၊ ငါ့စကားနားမထောင်ရင် ငါပြန်တော့မယ်။ နောက်လည်း ဘယ်တော့မှမလာတော့ဘူး"

"အစ်မ"

နိုင်တည်မြဲ၏အသံ့တ ေတုန်ယင်စွာထွက်ပေါ်လာပြီး လက်ထဲက ကြက်ဥတွေလည်း ပြုတ်ကျ၍ ကွဲသွားသည်။

"ဟယ် ... ညစ်ပတ်ကုန်ပြီ"

ပြည့်က ကြက်ဥအကွဲတွေကို သုတ်သင်ရှင်းလင်းဖို့ပြင်တော့ နိုင်တည်မြဲကတားသည်။

"အဲဒါ ထားလိုက်စမ်းပါ။ အစ်မ နောက်တစ်ခါ ငါ့ကိုထားခဲ့မယ်လို့ မပြောပါနဲ့နော်။ ငါ့မှာ တွယ်တာစရာဆိုလို့ အစ်မတစ်ယောက်ထဲ ရှိတော့တာပါ။ နောက်တစ်ခါ မပြောတော့ဘူးလို့ ကတိပေးပါလားဟင်"

ပြည့်သည် နိုင်တည်မြဲကိုကြည့်ရင်း သနားလာသဖြင့် ...

"အေးပါ။ နောက်တစ်ခါ မပြောစေချင်ရင် ပန်းကန်သွားဆေး။ နောက်ဆိုရင် ငါပြောတာနားထောင် ကြားလား"

"ဟုတ်"

ဒီလိုကျတော့လည်း နိုင်တည်မြဲက တကယ့်လူလိမ္မာလေးအတိုင်းပါပဲ။ ပြည့် ခိုင်းသည့်အတိုင်း ချက်ချင်းပဲပန်းကန်တွေ သွားဆေးသည်။

ပန်းကန်ဆေးနေရင်း မကျေမနပ်နှင့် ပါးစပ်ကပွစိပွစိလည်းရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မက အရမ်းအနိုင်ကျင့်တာပဲ။ သူ့ကိုမခေါ်ဘဲ မနေနိုင်မှန်းသိလို့ တမင်အနိုင်ကျင့်တာ ..."

နိုင်တည်မြဲကိုကြည့်ကာ ပြည့် ရီချင်လာသည်။

"ဘာဖြစ်နေတာလဲ။ စကားကိုများတယ်။ ငါ ဟင်းကောင်းကောင်း မချက်ဘဲနေမယ်နော်"

"တွေ့လား ... အဲဒါပြောကာပေါ့။ တစ်ခုခုဆိုရင် ခြိမ်းခြောက်ပြီး အနိုင်ကျင့်နေတာပဲ။ အကြီးဆိုပြီး နည်းနည်းမှမညှာဘူး"

ပြည့်သည်ရီရင်း နိုင်တည်မြဲ့ဆီ လျှောက်လာသည်။ သူမအနား ရောက်တော့ ...

"အဲ့ဒါ အနိုင်ကျင့်လို့ ရော ..."

"ဟဲ့ ..."

နိုင်တည်မြဲက ရုတ်တရက်လှည့်ကာ ပြည့်မျက်နှာကို ဆပ်ပြာအမြှုပ် များနှင့် သုတ်လိုက်သည်။ ဒီအတွက် ပြည့်ရုပ်သည်ချက်ချင်းပဲ ရယ်စရာ ကောင်းသွားတော့၏။

"ဟယ် ... အကျင့်ပုတ်လိုက်တာ၊ နင် နာမယ်"

ပါးစပ်က ပြောလို့မှမဆုံးသေး ပြည့်လက်သည် နိုင်တည်မြဲ၏ခေါင်း ကို လှမ်းခေါက်လိုက်သည်။ နိုင်တည်မြဲက ဇက်ကလေးကိုပုတိုထား၏။ ထိုစဉ်မှာပင် ... အိမ်ရှေ့ခန်းမှ အကွရာက အခန်းထဲသို့ ဝင်လာသည်။

"ဟော့ ... ပြည့် ... မပြီးသေးဘူးလား။ ပြန်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မင်း မပြန်သေးဘူးလား။ ငါက ပြန်သွားပြီထင်နေတာ။ မင်း ပြန်ချင်ရင်ပြန်တော့လေ။ ငါအစ်မကို ပြီးမှလိုက်ပို့လိုက်မယ်။ ငါတို့စကားပြောဦးမှာ"

နိုင်တည်မြဲစကားကြောင့် အကွရာစိတ်မရှည်သလို ဖြစ်သွားသည်။

"ပြည့် ... ငါအပြင်ကစောင့်နေမယ်။ မြန်မြန်လာခဲ့ ဒါပဲ"

ပြောပြီးလှည့်ထွက်သွားသော အကွရာကိုကြည့်ရင်း ပြည့်ဘာလုပ်ရမှန်း မသိဘဲဖြစ်သွားသည်။ ပြီးကာမှ ...

"တည်မြဲ ... ဟင်းလည်းကျက်ပြီပဲ။ ငါပြန်တော့မယ်"

"ဟာ ... အစ်မကလည်း ခဏနေပါဦး။ ပြီးရင် ငါလိုက်ပို့မှာပေါ့"

"သြော် ... နောက်နေ့တွေလည်း လာမှာပဲဟာ။ လိမ္မာတယ်နော်။ ငါပြန်တော့မယ်"

ပြည့်သည် အကွရာလက်ကိုဆွဲ၍ ထွက်သွားလေသည်။

ကျောခိုင်းကာလျှောက်သွားသော အကွရာနှင့်ပြည့်၏ ကျောပြင်ကိုကြည့်ရင်း နိုင်တည်မြဲငိုချင်လာသည်။ အစ်မရယ် ... နင့်ကိုတားပိုင်ခွင့် ငါ့မှာမရှိပါလား။ ကံကြမ္မာဆိုတာကြီးကို ငါမုန်းတယ်။ ငါချစ်တဲ့လူတွေနဲ့ ငါ့ကိုနေခွင့်မပေးဘူး။ အခု ငါ့အနားမှာ အစ်မရှိနေပေမဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေကြီးကိုမုန်းတယ်။ မောင်လေးဆိုပြီး ဂရုတစိုက်ယုယနေတဲ့ အကြင်နာတွေ ဆုံးရှုံးရမှာလည်း စိုးတယ်။ ဘယ်လိုများ လုပ်ရပါ့မလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



နိုင်တည်မြဲသည့် ပြည့်ဆီက ဂရုစိုက်မှုတစ်ခုအား ရရှိတိုင်း ကြည်နူးမှုနှင့်အတူ နာကျင်မှုတွေကိုပါ ပူးတွဲခံစားနေရတာ ဘယ်လိုဝဋ်ကြွေး များပါလိမ့် ... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဟိတ် ... ရှင်ကပြည့်မဟုတ်လား"

မေးခွန်းတစ်ခုနှင့်အတူ ကောင်မလေးတစ်ယောက် ပြည့်အနားသို့ ရောက်လာသည်။

"ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့လဲမသိဘူး"

"ကိစ္စဆိုရင်တော့ ခင်ချင်လို့"

"ဟင် ..."

"ဟုတ်တယ်။ တို့က ပြည့်နဲ့ခင်ချင်လို့။ တို့နာမည်က ရှုပါတဲ့၊ မှတ်ထားနော်။ ရော့ ဒီမှာပြည့်အတွက် Chocolate လည်း ယူလာတယ်။ စားလိုက်ဦး"

"မစားတော့ပါဘူး။ ကျေးဇူးပါပဲ"

ပြည့်သည် Chocolate ကို ငြင်းပယ်ရင်း ကောင်မလေးကို ကြည့်လိုက်သည်။ ရုပ်ရည်ကလေးက ချစ်စရာလေးပါ။ မျက်နှာကျော့ရှုံလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ထားရှိသည့် 3 step ပုံ hair style နှင့် မျက်နှာဝိုင်းဝိုင်းလေးက လိုက်ဖက်ညီသည်။ ဘာမှလည်း ထူးထူးခြားခြား မပြင်ထားသလိုနှင့် မျက်နှာလေးက ဝင်းပနေကာ တစ်မျိုးလေး ကြည့်ကောင်း၏။ ကောင်မလေးက ချိုမြစွာရယ်ဖြရင်း ...

"ဒါဆိုရင် ... တို့တွေ သူငယ်ချင်းဖြစ်ပြီနော်"

"အင်းပါ"

ပြည်တို့ စကားပြောနေစဉ် အတန်းထဲမှ ပြည့်သူငယ်ချင်းများ အနားရောက်လာကြ၏။

"ပြည့် ဘာလုပ်နေတာလဲ။ ရှပ်ရှပ်ယှက်ယှက်တွေနဲ့ မပေါင်းစမ်းပါနဲ့။ သွားမယ်လာ"

သူငယ်ချင်းတစ်ဦး၏ စကားကြောင့် ရူပါမျက်နှာပျက်သွားသလို ပြည့်လည်း အားနာသွားမိသည်။

"ဟာ ... နင်တို့ကလည်း"

"ရပါတယ်ပြည့်ရယ် ... ရူပါသွားပါတော့မယ်။ နှောင့်ယှက်သလိုဖြစ်သွားရင် sorry နော်"

ရူပါထွက်သွားသည်ကိုကြည့်ရင်း ပြည့်က ...

"နင်တို့ကလည်းဟာ ... ပေါ်တင်ကြီးလျှောက်ပြောတယ်။ အားနာစရာကြီး"

"ဘာအားနာစရာကြီးလဲ။ နင်သူ့အကြောင်း ဘယ်လောက်သိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိတော့မသိဘူးလေ။ ဒါပေမယ့် ..."

"အေး ... နင် ဒါပေမဲ့ လုပ်မနေနဲ့။ အဲဒီ ရူပါက ငါတို့နဲ့တစ်ကျောင်းတည်းအောင်လာတာ။ လုံးဝအကျင့်မကောင်းဘူး။ ဘာရည်ရွယ်ချက်နဲ့ နင့်ကို လာရောတာလဲဆိုတာ ငါတို့သေချာမပြောနိုင်ပေမဲ့ မကောင်းတာတော့ သေချာတယ်။ သူ့ပုံကြည့်ရင်လည်း ဘယ်လိုမှထင်ရက်စရာ မရှိဘူးလေ။ ဒါပေမဲ့ အဲဒီမိန်းမက ကြောက်စရာကောင်းတယ်။ နင် လုံးဝမပေါင်းနဲ့နော်။ ငါတို့ကသိလို့ ပြောနေတာ"

"အေးပါဟယ် ... အေးပါ"

သူငယ်ချင်းများကို အလိုက်အထိုက် ပြန်ပြောလိုက်သော်လည်း ပြည့်စိတ်ထဲတော့မကောင်း။ ရူပါအား သနားနေမိ၏။

နေ့လည်တွင်အတန်းအားသဖြင့် ပြည့်သည် သူငယ်ချင်းများနှင့် ကင်တန်းဘက် လျှောက်လာခဲ့သည်။ အဲဒီမှာ နိုင်တည်မြဲကို လှမ်းတွေ့လိုက်ရ၏။ သူ့အနားသို့ သူမသွားလိုက်ပါသည်။

"တည်မြဲ ... ဘယ်လာတာလဲ"

"ဒီကိုပဲ တမင်လာတာ။ အစ်မ ... ငါတို့မုန့်သွားစားရအောင်"

"သဘောလေ"

တည်မြဲခေါ်တာကို ပြည့် မငြင်းပယ်မိ။

သူငယ်ချင်းများအား နှုတ်ဆက်ပြီးနောက် တည်မြဲနှင့်လိုက်လာခဲ့သည်။ တည်မြဲက သူလာလျှင် ပြည့်အနားမှာ ဘယ်သူမှရှိနေတာမကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်နှစ်ယောက်ထဲသာ စကားပြောမည်။ ဒါမှမဟုတ် မုန့်စားမည်။ အကွာရာတောင်မှ ပြည့်ပြောလွန်းလို့ ဘာမှမပြောတော့တာ။ ဒါကြောင့် အခုလည်း သူငယ်ချင်းများကို ပြည့် ချန်ထားခဲ့တာဖြစ်၏။

"အစ်မ ... ရော ... နင့်အတွက်"

"ဟယ် ... ခွေးလေး"

နိုင်တည်မြဲက သူ့ကိုယ်လုံးနောက်မှာ ဖွက်ယူလာသော ခွေးလေးကိုထုတ်ပေးသည်။ ခွေးလေးက တကယ့်ပေါက်စိတာလေး။ အံ့သည်းယားစွာဖြင့် ပြည့်ကိုင်ကြည့်ရင်း ...

"တည်မြဲ ... ဒီကောင်လေးကို နင်ဘယ်ကယူလာတာလဲ သေးသေးလေးရယ်။ နို့ရောပြတ်ရဲ့လား"

"ဘယ်ကယူလာရမှာလဲ။ ငါနိုးလာတာ"

"ဟယ် ... တကယ်ကြီး"

အလန့်တကြားဖြစ်သွားသော ပြည့်မျက်နှာကိုကြည့်ရင်း နိုင်တည်မြဲသည် ရယ်လေသည်။

"အစ်မရယ် ... နင်ကတကယ်ကို ရိုးလွန်းတယ်။ သူများစကားလည်း ယုံလွယ်တယ်။ ငါ နင့်ကိုအဲဒါတွေကြောင့် စိတ်မချတာ။ ငါက ခိုးလာပါ့မလား။ ရပ်ကွက်ထဲမှာ သေချာကြည့်ပြီးမှ ယုံပါဟာ။ နင့်အတွက် တမင်ဝယ်လာပေးတာ။ ငါမရှိတဲ့အချိန်တွေ နင့်အနားမှာ ငါ့အစားအမြဲတမ်းစောင့်ရှောက်ပေးနိုင်အောင်လို့ ဝယ်လာတာ။ ဒီကောင်လေးက Bulldog



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ ရုပ်ဆိုးတယ်။ ဒါပေမဲ့ သစ္စာရှိတယ်။ နင်သူ့ကို ကောင်းကောင်း မွေးနော်"

"အေးပါ ... သူကြည့်ရတာ ဗိုလ်ဆာနေလား မသိဘူး။ နင်သူ့ကို ကျွေးလာသေးလား။ သူ့ကို ဘာယ်လိုနာမည်ပေးရင် ကောင်းမလဲဟင် ...၊ ဟော့ကောင်လေး ... မင်းဗိုက်ဆာလို့လား"

ခွေးလေးက ပြည့်လက်ကိုလျှာနှင့် လျက်နေသည်။ ပြည့်သည် ခွေးလေးကို ပွတ်ပေးရင်း နိုင်တည်မြဲအား စကားတွေတတွတ်တွတ်ပြောနေရာ ... တုံ့ပြန်မှုမရရှိသဖြင့် မော့ကြည့်လိုက်တော့ ပြည့်ကိုစိုက်ကြည့်နေသည့် နိုင်တည်မြဲ၏ စူးရှမှတ်သိပ်သော အကြည့်တွေနှင့် ရင်ဆိုင်ရလေသည်။

"ဟဲ့ ... တည်မြဲ၊ ဘာလို့ငါ့ကို အဲဒီလိုကြီး ကြည့်နေတာလဲ၊ ငါ့မျက်နှာမှာ ဘာမှစိတ်ဝင်စားစရာ မရှိဘဲနဲ့"

နိုင်တည်မြဲ၏ မျက်နှာသည် ရီဝေဝေ တည်ငြိမ်နေပါသည်။

"အစ်မ ... ငါဟာတကယ်ပဲ နင့်ရဲ့မောင်လေးလား"

"အေးပေါ့ ... နင်က ငါ့ရဲ့ဖအေတူ မအေကွဲမောင်လေးလေ"

"ငါ့ကိုတကယ်ပဲ နင့်မောင်လေးလို့ ထင်နေတာလား"

နိုင်တည်မြဲ၏ စကားက ပြည့်ကို ကြောင်သွားစေသည်။

"တည်မြဲနော် ... နင်ဘာဖြစ်နေတာလဲ။ အဲဒီလိုမျိုး ပေါက်ကရတွေ လျှောက်ပြောနေရင် ငါသွားတော့မယ်"

ပြည့်သည် နှုတ်ခမ်းကိုစူပစ်လိုက်၏။ နိုင်တည်မြဲက ဂရုမစိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြည့်ကိုသာ စိုက်ကြည့်နေလျက်ရှိသည်။

"အစ်မ ... ငါစိတ်ဆင်းရဲရင် နင်ရောစိတ်ဆင်းရဲလား"

"တည်မြဲ ... နင်က ငါ့မောင်လေးပဲ။ နင်ပျော်နေတာပဲ ငါမြင်ချင်တာပေါ့။ နင်စိတ်ဆင်းရဲနေရင် ငါလည်းဘယ်ပျော်ပါ့မလဲ ... "

"အဲဒီမောင်လေးဆိုတာကို ထည့်မပြောနဲ့။ ငါမေးတာပဲဖြေ။ ငါ တခြား ကောင်မလေးတွေနဲ့ ပျော်နေရင် နင်ကြိုက်လား"

"တည်မြဲ ... နင် ... ဘာဖြစ်"

"ငါ ... နင့်မောင်လေး မဖြစ်ချင်ဘူး။ နင့်နားမှာ ငါကလွဲပြီး ဘယ်သူမှလည်း ရှိမနေစေချင်ဘူး။ နင့်နားမှာ ဟိုအကွရာဆိုတဲ့ကောင်ကိုလည်း မတွေ့ချင်ဘူး"

"တည်မြဲ ... "

"နင် ငါ့အစ်မဖြစ်နေတာကို ငါမုန်းတယ်။ နင့်ကို အစ်မလို့ခေါ်နေရတာကိုလည်း ငါမုန်းတယ်။ နင့်ရှေ့မှာ ငါဟန်ဆောင်နေရတာကိုလည်း ငါမုန်းတယ်။ ငါ့ကို ဒီလိုမျိုးနေ့တိုင်း ခံစားနိုင်နေတဲ့ ကံကြမ္မာကိုလည်း ငါနေ့တိုင်း မရေမတွက်နိုင်အောင် ကျိန်ဆဲမိတယ် ... "

ပြောနေရင်းပဲ နိုင်တည်မြဲမျက်ဝန်းမှာ မျက်ရည်စတို့ ရစ်သိုင်းတွဲခိုလို့လာသည်။

"တည်မြဲ ... နင်ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါဘာဖြစ်နေလဲဆိုတော့ ... နင့်ကိုငါချစ်နေတယ်။ အရမ်းကိုချစ်နေတယ်"

"ဟင်"

ဘာစကားမှ ဆက်မပြောနိုင်တော့လောက်အောင် ပြည့် ကြောင်အသွားသည်။ ဝိညာဉ်နှုတ်ခံလိုက်ရသကဲ့သို့ ခဏတာမျှမင်သက် လျက်တွေတွေကြီးရပ်နေမိလေသည်။ ပြီးကာမှ နိုင်တည်မြဲကို ထားရစ်ခဲ့ပြီးနောက်ပြန်လှည့်မကြည့်ဘဲ သူမလျှင်မြန်စွာ ပြေးထွက်လာခဲ့လေသည်။ လက်ထဲမှာတော့ ခွေးကလေးကို ပွေ့ပိုက်လျက် ...။

သူမရင်တွေ တဒိန်းဒိန်းခုန်နေလေသည်။ နိုင်တည်မြဲ၏ နှုတ်ထွက်စကားက သူမအတွက် တရွှေတစ်ကောင်ဝင်ပူးသလိုမျိုး ဖြစ်သွားစေသည်။

ဘာကြောင့် သူဒီလိုမျိုး ပြောရတာလဲ ...။

ပြေးလွှားရင်း သူမမောနေစဉ် ဖုန်းကမြည်လာသည်။ နံပါတ်ကြည့်လိုက်တော့ အက္ခရာ။

"ပြည့် အခုဘယ်မှာလဲ။ ငါကျောင်းထဲမှာ နင့်ကိုရှာနေတာ နှံနေပြီ။ တည်မြဲနဲ့သွားတာဆို။ ဘယ်ရောက်နေတာလဲ။ ငါလာမှာသိရက်သားနဲ့ ဒီကောင့်ကို ပြောလိုက်တာမဟုတ်ဘူး။ ဘယ်အချိန်အထိ သူနဲ့နေမှာလဲ"

"အက္ခရာ တော်တော့"

"ဘာတော်တော့လဲ။ ဘာမှတောင် မပြောရသေးဘူး"

"သူက ငါ့မောင်လေးပဲ။ ငါသူနဲ့သွားတာ ဘာဖြစ်လဲ။ နင်ကရော ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်အသံတွေ တုန်ယင်နေသည်။ ရင်ထဲမှာမောတာရော၊ ခုနက မယုံကြည်နိုင်စရာ စကားကြားလိုက်ရတာရောပါပေါင်းစပ်ပြီး စိတ်လှုပ်ရှားမှုများတွေ များပြားကာ သူမ ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။ သူမငိုရှိုက်သံကို တစ်ဖက်မှ အကွာ ကြားသွားပုံရသည်။

"ဟာ ... ပြည့် ...၊ ဘာလို့ငိုတာလဲ။ မင်းအခုဘယ်မှာလဲ။ ငါလာခဲ့မယ်"

ပြည့်သည် သူမရောက်ရှိနေသည့်နေရာကို ကြိုးစားပမ်းစား ပြောပြီးနောက် ဖုန်းကိုပိတ်ပစ်လိုက်တော့သည်။ ရင်ထဲမှာတော့ တဆစ်ဆစ်ဖြင့် နာကျင်တုန်လှုပ်လျက် ...။

တည်မြဲရယ် ... နင် ဘယ်လိုဖြစ်သွားရတာလဲ ... ?



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

အကြွရာရောက်လာတော့ ပြည့် အနည်းငယ်တည်ငြိမ်လို့နေပါပြီ။ သို့ရာတွင် ငိုထား၍ မျက်ခွံများကတော့ မို့လျက်ရှိသေးသည်။ အကြွရာက ပြည့်လက်ကို ဆွဲကိုင်ရင်း တစ်ဖက်လက်ထဲမှ ခွေးကလေးကိုကြည့်သည်။

"ပြည့် ... ဘာလို့ငိုတာလဲဟင်။ ဒီခွေးကရောဘာလဲ။ ရုပ်ဆိုးလိုက်တာ။ ရွံစရာကြီး ... ထားခဲ့လိုက်"

"ဟာ ... အကြွရာကလည်း ခွေးက ချစ်စရာလေးပါ။ ဒါတည်မြဲပေးသွားတာလေ။ ပြည့်မွေးဖို့။ ပြည့်ခွေးချစ်တာ အကြွရာမသိဘူးလား"

"အင်းပါ ... မွေးချင်လည်း သဘောပဲ။ ဒါနဲ့ ခုနက ဘာကိစ္စငိုတာလဲ။ ငါ့မှာ လန့်သွားတာပဲ။ ဘာဖြစ်တာလဲ။ ဟိုကောင် တည်မြဲရော ... သူနဲ့အတူတူရှိတယ်ဆိုပြီး ဘယ်ရောက်သွားလဲ"

"နင်ကလည်း စကားများလိုက်တာ။ ခုနကငိုတာ တည်မြဲ[illegible]ကိုစလို့" ဘာကြောင့် ဒီလိုပြောလိုက်မိမှန်း ပြည့်ကိုယ်တိုင်[illegible]ည်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"စလို့ ... ဟုတ်လား ... ဘာများစလို့ ဒီလောက်ထိ ငိုရတာလဲ"

အကွာရာမေးတော့ ပြည့် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ လက်ထဲမှ ခွေးကလေးကိုကြည့်ရင်း အကြံရကာ ...

"ငါ့ကို ခွေးနဲ့တူတယ်ပြောလို့"

"ဩော် ... "

ပြည့် ပြောတော့ အကွာရာက ရယ်ချင်သွားပုံရသည်။

"ဒီကောင်က ငါ့ရည်းစားကိုများ ခွေးနဲ့တူတယ်လေး ဘာလေးနဲ့။ အခု ဒီကောင်ဘယ်ရောက်သွားလဲ"

"မသိဘူး။ ငါလည်းစိတ်ဆိုးပြီး ထွက်လာတာ။ အဲဒီအချိန် နင့်ဖုန်းလာတော့ စိတ်တိုနေတာနဲ့ ငိုမိတာ"

"ပြည့်ကလွှာ ... ကလေးလေးကျနေတာပဲ။ ကိုယ့်မှာ ဘာများလဲလို့ လန့်သွားတာပဲ။ အေးလေ ... ခွေးကလည်း ရုပ်ကဆိုးတော့ ပြည့်နဲ့နည်းနည်း ဆင်တာပါ။ ချွတ်စွတ်ကြီးတော့ မတူပါဘူး"

"အောင်မယ် ... အကွာရာနော်"

ပြည့်သည် ရယ်ချင်လာပြီး အကွာရာကို ဆွဲဆိတ်သည်။ အကွာရာက အော်၏။ ဒီလိုနှင့်ပင် ပြည့် ခဏတာပျော်ရွှင်သွားရပြန်သည်။

ပြည့်တို့ချစ်သူနှစ်ဦး စကားပြောနေစဉ် ကောင်မလေးတစ်ယောက် အနားရောက်လာသည်။ သူ့နောက်တွင်လည်း ကောင်လေးသုံးယောက် လိုက်နှောင့်ယှက်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ နှုတ်ထွက်စကားများကို ပြည့်တို့ အတိုင်းသားကြား နေရသည်။

"နင်တို့ဘာဖြစ်နေတာလဲ။ နင်တို့မှာ နမတွေ အစ်မတွေ မရှိဘူးလား၊ သူများသားသမီးကို လိုက်နှောင့်ယှက်မနေနဲ့"

"အသည်းလေးကလည်း ဒေါသကြီးပဲ။ တစ်ယောက်ထဲ ပျင်းနေမှာစိုးလို့ အဖော်လုပ်ပေးမလို့ပါ"

"မလိုဘူး"

တဖြည်းဖြည်း ပြည့်တို့နှင့်နီးလာသဖြင့် ပြည့် ကြည့်လိုက်တော့ ကောင် မလေးမှာ ရူပါဖြစ်နေသည်။

"ဟင် ... အကွရာ၊ အဲဒါ ပြည့်ရဲ့သူငယ်ချင်း ... လုပ်ပါဦး၊ ဟိုကောင်တွေ လိုက်စနေတယ်"

ပြည့် ပြောသဖြင့် အကွရာလှည့်ကြည့်ပြီး မျက်နှာပျက်သွားသည်၊

"ပြည့် သူနဲ့ဘယ်တုန်းက သိတာလဲ"

"ဟာ... အကွရာကလည်း ဘယ်တုန်းကဖြစ်ဖြစ် အရေးမကြီးဘူး၊ သွားပါ ... ဟိုမှာ ပြဿနာတက်တော့မယ်"

ပြည့် အတင်းလွှတ်နေသဖြင့် အကွရာလည်း ရွှေ့ရတော့၏။

"ဟိတ်ကောင်တွေ မင်းတို့ ၅-လမ်းထဲက ကောင်တွေမို့လား၊ ဘာဖြစ်နေတာလဲ"

"ဟာ... ကိုအကွရာ။ ဘာမှမဖြစ်ပါဘူး။ ဒီအတိုင်းပဲ ပျင်းလို့ပါ၊ သွား ... သွား ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးများမှာ အကွရာနှင့် သိပြီးသားဖြစ်၍ ပြဿနာမှာ အလွယ်တကူပင်ရှင်းသွား၏။ အကွရာတို့က အဲဒီလောက်တော့ ကောင်းစွာသြစာညောင်းပါ၏။

ရုပါက ကယ်တင်ရှင်သူတို့ကို ကျေးဇူးတွေ သိပ်တင်နေသည်။

"အကွရာနဲ့ ပြည့်...၊ ကျေးဇူးပါပဲ။ ရုပါလည်း ဘာဆက်လုပ်ရမှန်း မသိဖြစ်နေတာ"

ပြည့်က ပြုံးပြလိုက်ရင်း ...

"ရပါတယ်။ အခုသူတို့ မရှိတော့ဘူးဘဲ"

"အင်း... အခု မရှိတော့ပေမဲ့ ဟိုဘက်နားမှာ ထပ်စောင့်နေမှာစိုးလို့။ ရုပါက ဒီအဆုံးကလမ်းထဲကိုသွားမှာလေ။ အဲဒါဖြစ်နိုင်ရင် အကွရာလိုက်ပို့ပေးပါလားဟင်။ သိပ်မဝေးပါဘူး"

"အင်းလေ ... အကွရာ လိုက်ပို့ပေးလိုက်ပါလား"

ပြည့်ကပါ ဝင်ပြောသဖြင့် အကွရာစိတ်ရှုပ်သလို ဖြစ်သွားသည်။

"အဲဒါဆို ဒီမှာခဏစောင့်။ ငါ အခုပြန်လာမယ်"

အကွရာနှင့် ရုပါထွက်သွားတော့ ပြည့် စိတ်အေးလက်အေးပင်စောင့် နေလိုက်သည်။ ခဏကြာတော့ အကွရာပြန်ရောက်လာသည်။

သူ့ရုပ်က မကြည်လင်ဟန်ဖြင့် ရှုပုပ်နေပါသည်။

"ဘာလို့ငါ့ကို လိုက်ပို့ခိုင်းတာလဲ"

"ဘာဖြစ်လို့လဲ။ သူက အကူအညီတောင်းလို့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကြပ်ကြပ်ကူညီ။ နောက်မှရည်းစားပါ အဆစ်ပါသွားမှ မငိုနဲ့"

"အောင်မယ် ... ဒီလောက်မှ စိတ်မချရလည်း သွားပေါ့"

"မင်း သဝန်မတိုဘူးလား"

ပြည့်နှင့် အကွာရာစကားနိုင်လုနေစဉ် ပြည့်ဖုန်းက မြည်လာသည်။ ပြည့်က ထုတ်ကိုင်ပြီးနောက် စကားမပြောဘဲ ငူငူကြီးငိုင်နေသည်။

"ဘယ်သူလဲ ပြည့်"

"ဘယ်သူမှ မဟုတ်ဘူး"

"ပြည့်ကိုကြည့်ရတာ တစ်မျိုးပဲ။ ဘယ်သူလဲ ... တည်မြဲမို့လား"

ပြည့် အမှန်အတိုင်း ဝန်ခံလိုက်တော့၏။

"အင်း ... ဟုတ်တယ်"

"ဒီကောင်က ကိုယ်တို့ နှစ်ယောက်တွေ့တိုင်း ဘာလို့လိုက်နှောင့်ယှက်နေတာလဲ။ ကိုယ့်ကိုဖုန်းပေး"

"ဟာ ... ထားလိုက်တော့။ ပြည့်လည်း မကိုင်ဘူး"

ပြည့် ဖုန်းကို ပိတ်ပစ်လိုက်သဖြင့် အကွာရာလည်း ကျေနပ်သွားသည်။

"ကောင်းတယ် ... နောက်ဆိုရင် တည်မြဲကို ပြည့်စိတ်ဆိုးအောင် ခဏခဏ စခိုင်းရမယ်။ ဒါမှ ပြည့် သူနဲ့မခေါ်မှ ကိုယ်တို့အေးအေးဆေးဆေး နေလို့ရမှာ။ မဟုတ်ရင် လာပြီးနှောင့်ယှက်နေဦးမယ်။ ဒီကောင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြည့်လို့ရတာမဟုတ်ဘူး။ ပြည့်ရဲ့မောင်မို့ ကြည့်နေရတာ"

အကွာရာစကားကြောင့် ပြည့်စိတ်သည် အနည်းငယ် မလုံမလဲဖြစ်သွားမိသေး၏။တည်မြဲပြောသော စကားများကို အကွာရာအား အကုန်အစင် ပြန်ပြောပြလိုက်လျှင် ... ပြင်းထန်သော မုန်တိုင်းတစ်ခု ဖြစ်ပွားသွားမှာ သေချာသည်မို့ ပြည့် နှုတ်ဆိတ်လို့သာ နေလိုက်တော့သည်။

နေမင်းသည် အလင်းအားသိမ်းရုတ်လေပြီ။ ပြည့်သည် အကွာရာနှင့် အတော်ကြာကြာ အချိန်ဖြုန်းပြီးတော့မှ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တာနှင့် ဆုရည်ဝေက ...

"အစ်မ လမ်းထိပ်ခဏသွားရအောင်" ...မြ။

"ဟာ ... တော်ပြီ။ ငါ အခုပဲ အပြင်က ပြန်လာတာကို"

"ခဏလေးပါ အစ်မရဲ့။ လာပါ"

ဆုရည်ဝေက ပြောပြောဆိုဆို အတင်းပဲဆွဲခေါ်သဖြင့် ပြည့် ပါလာခဲ့သည်။ လမ်းထိပ်ရောက်တော့ သူမအံ့သြသွားသည်။ လမ်းထိပ်မုန့်ဆိုင်မှာ နိုင်တည်မြဲက ရောက်ရှိနေသောကြောင့်ဖြစ်၏။ ဆုရည်ဝေက ...

"အရူး ... ဘာလို့ ငါတို့ကိုခေါ်တာလဲ။ ဘာကျွေးမှာလဲ"

ဒီလောက်ဆို အခြေအနေကို ပြည့် သဘောပေါက်သွားပြီ။ နိုင်တည်မြဲသည် ဆုရည်ဝေကို မလိမ့်တပတ်နှင့် တစ်မျိုးတစ်ဖုံ စည်းရုံးထားပုံရသည်။

"အစ်မ နင့်ကြည့်ရတာ ပိုလှလာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



တည်မြဲက ပြည့်ကို ပလိန်းကြီးမြှောက်သည်။ ပြည့် ဒေါသပြန်ထွက်လာသဖြင့်...

"တည်မြဲ..."

အာခေါင်ခြစ်၍ ပြည့် အော်လိုက်တော့ နိုင်တည်မြဲကမချိသွားဖြလေးရယ်သည်။

"အစ်မ ... ဘာဖြစ်နေတာလဲ။ မနက်က ငါနောက်လိုက်တဲ့ကိစ္စ စိတ်ဆိုးနေတာလား။ အစ်မကလည်းဟာ ... မောင်နှမချင်းနောက်တာကို စိတ်တိုနေတယ်"

နိုင်တည်မြဲက ပြည့်ကို မျက်နှာချိုသွေးနေသည်။ ပြည့် နားလည်ရ ခက်ခဲသွားသည်။ ဆုရည်ဝေကတော့ နိုင်တည်မြဲကိုကျိန်ဆဲ၏။

"ဩော် ... မသာ၊ ဒါကြောင့် နင် ငါ့ဆီ ဖုန်းဆက်ပြီး အစ်မပါ ပါလာရင် မုန့်ကျွေးမယ်ပြောတာကိုး။ အကျင့်ပုတ်ကောင်"

"အေးပါ ... မုန့်လည်းကျွေးမယ်။ ပြီးတော့ ငါတို့မောင်နှမ ဓာတ်ပုံရိုက်ချင်လို့။ အဲ့ဒါ ငါနဲ့အစ်မရိုက်ရင် နင်ရိုက်ပေးမှရမှာကိုး။ ဒီမှာ Camera ငါယူလာတယ်။ ရော့ ... ရိုက်ပေး"

တည်မြဲက ဆုရည်ဝေကို ကင်မရာကမ်းပေးပြီး ပြည့် ပခုံးကိုလှမ်းဖက်သည်။

"ဟဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



ပြည့်က ဟန့်သည်။ သို့သော် နိုင်တည်မြဲက ခပ်တည်တည်ပင်။

"လှလှလေးရိုက်နော် ... "

ကင်မရာမှ မီးပွင့်လေးများ တဖျတ်ဖျတ် လက်သွားကြ၏။

နေသည် အပီအပြင်ညို့လေပြီ။

မုန့်စား ... စကားပြောပြီး ပြန်လာတော့ ပြည့် ခေါင်းထဲမှာ ရှုပ်နေသည်။ တည်မြဲက အခုကျတော့လည်း မနက်ကပြောတာ သူ မဟုတ်သလိုပဲ။ သူပြောသလို တကယ်ပဲနောက်တာဖြစ်ပါစေဟု ပြည့် တိတ်တခိုးဆုတောင်းမိသည်။ သို့သော် မနက်က တည်မြဲပုံစံကြီးက တကယ်အတည်ပြောနေသည့်အတိုင်း ပီပြင်လွန်းလှပေသည်။ ပြည့်ပင် ရှုးချင်လာ၏။

တော်ပြီ ... စိတ်ရှုပ်တယ်။ ဘာမှမတွေးတာဘဲ ကောင်းတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ညနေတစောင်း မိုးချုပ်ခါနီးတွင်ဖြစ်သည်။ နိုင်တည်မြဲနှင့် ပြည့်သည် KTV ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

တည်မြဲက သီချင်းဆိုချင်သည်ဟု ဖွတ်အတင်းကြီးပူဆာပြီး ခေါ်လာသဖြင့် ပြည့်လိုက်လာခဲ့ရခြင်းဖြစ်သည်။ ဒီ KTV က သီချင်းဆိုဖို့ သီးသန့်အခန်းရှိသလို အပြင်တွင်လည်း စားပွဲများချထားပြီး စားသောက်ရင်း လူအများဆိုလို့ရသည့် Stage တစ်ခုနှင့် နေရာထိုင်ခင်းများလည်း ပြုလုပ်၍ထား၏။

ထိုနေရာမှ သူတို့ဖြတ်အလျှောက် ...

"ဟာ ... ဟိုမှာ အကွရာ"

"ဟင်"

အကွရာကို ရူပါနှင့်တွဲလျက်သား မြင်လိုက်ရသည်။ အကွရာနှင့် ရူပါကတော့ သူတို့ကိုမြင်ပုံမရဘဲ စကားပြောင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုပါက အကွရာအနားကပ်ကာ လှူချဲ့ထနေ၏။

"အကွရာ ... သီချင်းဆိုရအောင်"

"မင်းကို ညနေစာကျွေးပြီးပြီလေ။ မပြီးနိုင်သေးဘူးလား"

"ဟင့်အင်း ... မပြီးနိုင်သေးဘူး"

"ဟော့ကောင် ... ဖွန် ..."

နိုင်တည်မြဲ၏ ခေါ်သံကြောင့် အကွရာလှည့်ကြည့်၏။

"သြော် ... တည်မြဲ။ ပြည့်လည်းပါတာကိုး"

"မင်းဒီမှာ ဘာလုပ်နေတာလဲ"

နိုင်တည်မြဲမေးတာကို အကွရာမဖြေခင် ရှုပါက ဝင်ပြောသည်။

"ငါက ပြည့်ရဲ့သူငယ်ချင်းပါ။ အထင်မလွဲပါနဲ့"

"အထင်မလွဲပါနဲ့ ဟုတ်လား။ ပြည့်က မင်းတို့ကို ဒီလိုမြင်ရတာ ကြိုက်မယ်ထင်လို့လား"

နိုင်တည်မြဲကမြောရင်း ပြည့်ပခုံးကို ဖက်လိုက်သဖြင့် အကွရာ မျက်နှာပျက်သွားသည်။

"ဟော့ကောင် ... မင်းလက်ဖယ်စမ်း"

"ဘာလို့ ဖယ်ရမှာလဲ။ ငါ့အစ်မ ငါဖက်တာ ဘာဖြစ်လဲ"

"ဖယ်စမ်းကွာ"

"မဖယ်ဘူး ဟော့ကောင်။ မင်းလိုကောင်မျိုးနဲ့လည်း ငါ့အစ်မကိုလုံးဝ သဘောမတူနိုင်ဘူး။ လာ အစ်မ ... သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်မှာ ဘာပြောရမှန်းမသိ။ ရှုပါနှင့် အက္ခရာကို အခုလိုတွဲ၍ တွေ့လိုက်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်မိသည်။ ရှုပါက နိုင်တည်မြဲကို မျက်စပစ်၍ ...

"တည်မြဲ ... ငါတို့ အစီအစဉ်ထဲမှာ ဒါမပါဘူးလေဟာ"

နိုင်တည်မြဲက ဒေါသတကြီးဖြင့် ...

"မင်း ငါ့ကိုသိလို့လား"

"အဲ ... မသိပါဘူး"

ရှုပါက မျက်လုံးလေးကလယ်ကလယ်ဖြင့် ဖြေသည်။ အက္ခရာက ...

"ဟော့ကောင်တည်မြဲ ... မင်းတို့ကဘာတွေလဲ။ ပြည့် ... ကိုယ်ရှင်းပြတာ နားထောင်ဦး။ ခုနကကိုယ် ပြည့်ဆီလာတော့ ..."

အက္ခရာရှင်းပြရန် ကြိုးစားနေတုန်း ရှုပါက အတင်းပဲဝင်ပြောလေသည်။

"ပြည့် ... ရှုပါတောင်းပန်ပါတယ်။ ရှုပါ့ကို အထင်မလွဲပါနဲ့နော်"

ပြည့် စိတ်တွေရှုပ်ထွေးလာသည်။

"တော်ပြီ ... ဘယ်သူမှ ဘာမှမပြောနဲ့တော့"

"ပြည့် ... မင်း ငါပြောတာကိုတောင်မှ မယုံတော့ဘူးလား"

"တော်ပြီအက္ခရာ ... နောက်မှ တွေ့ကြတာပေါ့။ တည်မြဲ ငါတို့ပြန်မယ်"

ပြည့်သည်နိုင်တည်မြဲလက်ကိုကိုင်ကာ ဆိုင်မှပြန်လာခဲ့ကြ ဒေါသတွေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေသည်။ အကွရာဘာလုပ်တာလဲ? အကွရာရှုပ်သည်ဆိုတာ ကြားဖူးပေမဲ့ အခုလိုလုပ်မည်ဟုတော့ ထင်မထားခဲ့ပေ။ လူပွေလေး တစ်ယောက်ကို ချစ်မိတာမှားများမှားပြီလားဟု သူမသံသယတွေ ပွားမိ သည်။ တွေးရင်း သူမစိတ်တွေ နောက်ကျိုလို့လာ၏။ တည်မြဲကလည်း အကွရာကို ဒေါသတွေအရမ်းထွက်နေသဖြင့် ပြည့်မှာချော့ရသေးသည်။ တည်မြဲနှင့်လမ်းခွဲပြီး အိမ်ပြန်ရောက်တော့ စိတ်ညစ်ညစ်နှင့် သူမ အိပ်ရာထဲ လှဲနေစဉ် ဖုန်းဝင်လာသည်။ ကြည့်လိုက်တော့ နံပါတ်က အစိမ်း။

"ပြည့်လား ... တို့ပါ ရှုပါ,ပါ။ နေ့လည်က ကိစ္စကို တောင်းပန်ချင် လို့။ ပြီးတော့ အဖြစ်မှန်ကိုလည်း ရှင်းပြချင်တယ်။ တကယ်တော့ အကွရာ မှာ အပြစ်မရှိပါဘူး။ တို့သေချာပြောပြချင်လို့ ကျောင်းကနာရီစင်ကို လာ ခဲ့ပါ။ ရှုပါစောင့်နေမယ်နော်"

ပြည့် ဘာမှပြန်မပြောရသေးခင် ဖုန်းချသွားသည်။ ဒီမိန်းမ ဘာလဲ? ငယ်ချင်းများ သတိပေးတုန်းက မယုံကြည်ခဲ့သောပြည့် အခုမှဒုက္ခ ရောက်နေသည်။ သူဘာကြောင့် ဒီလိုလုပ်ရတာလဲ? တော်တော်ရှုပ်တဲ့ မိန်းမပဲ။

ပြည့်သည် အိမ်မှမထွက်မီ အကွရာကိုပါ နာရီစင်ဆီလာဖို့ ဖုန်း ဆက်၍ခေါ်လိုက်သည်။ မျက်နှာချင်းဆိုင် ပွင့်ပွင့်လင်းလင်းရှင်းချင်၍ ဖြစ်သည်။

ပြည့် နာရီစင်ဆီရောက်လာတော့ နည်းနည်းတောင်မှောင်ချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ မတက်ချင်၍ အောက်မှာရပ်နေစဉ် ...

"ပြည့်လား ... "

"ဟုတ်တယ်။ ရှုပါလား"

"အင်း ... အပေါ်ကိုတက်ခဲ့ပါလား"

ပြည့် တက်သွားတော့ ပထမကွေ့လေးနားတွင် မတ်တတ်ရပ်နေသော ရှုပါကိုတွေ့ရသည်။

"နင် ဘာကိစ္စ ငါ့ဆီ ဖုန်းဆက်တာလဲ"

ပြည့်မေးတော့ ရှုပါက မျက်နှာငယ်လေးနှင့်ပြောသည်။

"အဖြစ်မှန်တွေကို ရှင်းပြချင်လို့ပါ ပြည့်ရယ်။ ရှုပါ တောင်းပန်ပါ တယ်။ တကယ်တော့ တည်မြဲကပြည့်တို့ နှစ်ယောက်ပြတ်အောင်... အကွက် ကို ပြည့် အထင်လွဲအောင်လုပ်ခိုင်းလို့ ရှုပါလုပ်မိတာပါ"

"ဘာ ... တည်မြဲက လုပ်ခိုင်းတာ ... ဟုတ်လား"

ပြည့်အသံက ကျယ်လောင်စွာ ပေါက်ကွဲသွားသည်။

"ဟုတ်ပါတယ် ပြည့်ရယ်"

"နင်မလိမ်နဲ့။ တည်မြဲ ဘယ်တော့မှ အဲဒီလိုလုပ်မှာမဟုတ်ဘူး"

"မလိမ်ပါဘူး ပြည့်ရယ် ...။ တည်မြဲတကယ် လုပ်ခိုင်းတာပါ။ မနက်က တည်မြဲငါ့ကို မသိဟန်ဆောင်သွားတာ သိပ်ပိရိလွန်းလို့ နင် မယုံတာထင်တယ်"

"မဖြစ်နိုင်ဘူး။ တည်မြဲက ဘာကြောင့် ဒီလိုလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ နင်ကိုယ်တိုင် သူ့ကိုမေးကြည့်ရင် ပိုကောင်းမယ် ထင်တာပဲ။ ငါ့အထင်တော့ သူ့အစ်မ သူပြန်ကြိုက်နေလို့ဖြစ်မှာပေါ့"

ရူပါ၏စကားက ပြည့်အရိုက်ကို ဓားဦးချွန်နှင့် ထိုးစိုက်လိုက်သလိုမျိုး ဖြစ်သွားသည်။ စိတ်လှုပ်ရှားမှုများဖြင့် ပြည့် နားကျင်တုန်ယင်လို့နေ၏။

"နင် လိမ်နေတာ မဟုတ်လား ရူပါ"

"မလိမ်ဘူး။ ငါကယ်ပြောနေတာ။ တည်မြဲက သနားစရာပဲ။ နင် သနားဘူးလား"

"ဟင့်အင်း ... နင်လိမ်နေတာ ....နင်ပြောတာ ငါမယုံဘူး"

ပြည့်သည် ရူးသွပ်မလိုဖြစ်နေပြီ။ စိတ်သည်လည်း တိုလာကာ ရှေ့တိုးလာသော ရူပါကိုယ်ကို ဆွဲခါ၍ပြောရာ တွန်းလိုက်မိသလို ဖြစ်သွားသည်။ ဒါကြောင့် ရူပါသည် လှေကားပထမကွေ့မှ အောက်ဘက်သို့ ရုတ်တရက် ပြုတ်ကျသွားလေသည်။

"ဟင်"

မထင်မှတ်သော အဖြစ်အပျက်ကြောင့် ပြည့်အံ့သြတုန်လှုပ်နေမိ၏။ ထိုစဉ်မှာပင် ...

"ပြည့် ... ဘယ်မှာလဲ"

အသံတစ်ခုထွက်လာသည်။ ပြည့်ကြည့်လိုက်တော့ အကွရာနှင့် သူ့ သူငယ်ချင်းတစ်ယောက်ကို တွေ့လိုက်ရသည်။

"အကွရာ"



www.burmeseclassic.com

www.burmeseclassic.com



ပြည့် ဝမ်းသာအားရ ခေါ်လိုက်မိပါသည်။ အကွရာက ပြည့်ကို မြင်သွားသည်။ သူတို့နှစ်ယောက် ပြည့်ဆီလျှောက်လာရင်း အောက်ခြေလေး ကားရင်းမှာ ခွေခွေလေးလဲကျနေသောရုပ်ပါကို တွေ့သွားကြ၏။

"ဟင် ... ပြည့်၊ မင်းသူ့ကို ဘာလုပ်လိုက်တာလဲ ရုပ်ပါ ရုပ်ပါ"

အကွရာက အလန့်တကြားဖြင့် ရုပ်ပါ့ကိုပွေ့ထူသည်။

"ပြည့်ဘာမှမလုပ်ဘူး။ မတော်တဆ ထိမိတာ"

"မင်းတော်တော့။ ဒီမှာ မေ့နေပြီ"

"ဒီကောင်မ ဟန်ဆောင်နေတာဖြစ်မှာ။ ငါ အဲဒီလောက်ထိ သူ့ကို မတွန်းဘူး။ ထိရုံတင်ထိမိတာ"

ပြည့် ပျာယာခတ်နေပြီ။ အကွရာက လက်ကာပြပြီး ...

"တော်ပြီ... မင်းဘာမှပြောမနေနဲ့တော့။ နန္ဒ ... မင်း ရုပ်ပါ့ကိုဆေးခန်း လိုက်ပို့ပေးလိုက်။ ရော့ ... ငါ့ ကားယူသွား"

အကွရာက အတူပါလာသော သူ့သူငယ်ချင်းကို ကားသော့လှမ်း ပေးရင်း ပြောလိုက်သည်။ ပြီးတော့မှ ပြည့်ကိုစိုက်ကြည့်ကာ ...

"မင်းနဲ့မင်းမောင်က တော်တော်ဓာတ်လမ်းရှုပ်တာပဲ"

အကွရာ၏ စွပ်စွဲပုတ်ခတ်မှု စကားကြောင့် ပြည့် နာသွားသည်။ ရုပ်ပါကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြည့် ဒေါသတကြီးအော် လိုက်လေ ၏။

"ငါဘာရှုပ်လို့လဲ။ ဒီကောင်မ နင့်ကိုလိမ်နေတာ။ အားလုံးကို လိမ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ပြည့်၊ ဒီကောင်မ ဘာဖြစ်ဖြစ် ငါစိတ်မဝင်စားဘူး။ ငါ့ကိုအရှုးလုပ်နေတာ မင်း"

"အကွာရာ ... နင် ငါ့ကိုမယုံဘူးလား။ တည်မြဲက ငါ့မောင်လေးပါ။ ငါဘယ်သူ့ကို ဘယ်လိုပိုချစ်တယ်ဆိုတာ နင် အခုထိမသိသေးဘူးလား"

"ငါ့ကိုလားပြည့် ... တော်ပါတော့။ တစ်ချိန်လုံး မင်းမောင်ကပဲ အရေးကြီးနေတာမဟုတ်လား။ သူနဲ့မင်းက တကယ်ကော မောင်နှမတော်တာ ဟုတ်ရဲ့လား။ အဲဒီကိစ္စကို ငါသံသယရှိနေတာကြာပြီ"

"အကွာရာ ... နင် ငါ့ကိုမယုံဘူးလားဟင်"

"တော်ပြီ ပြည့် ... ဘာမှမဟုတ်မဟတ် ဖြေရှင်းချက်တွေ ပေးမနေနဲ့။ မင်း စိတ်ပျော်တဲ့လူနဲ့ပဲ မင်းနေပါ။ ငါ့ကိုလည်း ဆက်ပြီးအသုံးမချပါနဲ့တော့။ ဒါမှပဲ ငါတို့အားလုံးအတွက် ကောင်းသွားမှာ"

အကွာရာ၏ သံသယစကားများက ပြည့်ရင်ကို နာကျင်စေလှသည်။

"ကောင်းပြီလေ ...၊ ဒါဆိုလည်းပြီးတာပဲ။ နင်လည်း နင်ကြိုက်တဲ့ကောင်မဆီ သွားပေါ့။ နင့် ကောင်မရှုပါ မေ့နေတယ်မဟုတ်လား။ သွားပြုစုလိုက်ဦး"

ပြည့်သည် အကွာရာကို အစွဲ့တိုက်ပြောပြီးနောက် ရှူးသွပ်နေသူတစ်ယောက်လို ကတိုက်ကရိုက် ပြေးထွက်လာခဲ့လေသည်။ ရင်ထဲမှာ နာကျင်ရှုလွန်းသဖြင့် ဘာမှမကျန်တော့လောက်အောင်ပင် သူမခံစားနေရသည်။ တည်မြဲဘာကြောင့် ဒီလိုလုပ်ရတာလဲ? အကွာရာကကော ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ပေးနိုင်တာလဲ? လောကကြီးတစ်ခုလုံး ဟာန်ဆောင်မှုတွေနဲ့ လွှမ်းခြုံထားတာလား ... ။ တည်မြဲ ... တည်မြဲ ... ဘယ်မှာလဲ ... တည်မြဲကို တွေ့ချင်တယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

အမှုန်တရားကို ရေငတ်သလို ဆာလောင်နေသော ပြည့်သည် နိုင်တည်မြဲအိမ်ဆီသို့ အလျှင်မြန်ဆုံးနှုန်းထားဖြင့် ထွက်လာခဲ့ပါသည်။ ရတက်ပွေနေရသော ပုစ္ဆာအတွက် သူမစိတ်စောနေလျက်ရှိ၏။

နိုင်တည်မြဲကို လမ်းထိပ်ရှိဆိုင်၌ အဆင်သင့်ပင် သူမတွေ့မြင်လိုက်ရပါသည်။

"ဟာ ... အစ်မ ... မိုးချုပ်နေပြီ။ နင် ဘာဖြစ်လာတာလဲ"

ရေးကြီးသုတ်ပျာပုံစံဖြင့် ပြည့်ရောက်လာသောကြောင့် နိုင်တည်မြဲ စိုးရိမ်သွားမိသည်။

ပြည့်ကအမောတကောဖြင့် ...

"တည်မြဲ ... နင်တကယ်ပဲ ရှုပ်ပါ့ကိုမသိဘူးလား"

"တကယ်မသိတာပါ အစ်မရဲ့။ ဘာဖြစ်လို့လဲ"

"ငါ ... ငါ ... "



www.burmeseclassic.com

www.burmeseclassic.com



ပြည့် စကားဆက်၍ မရခင်မှာပဲ နိုင်တည်မြဲ၏ Phone: massage ဖြည်လာသည်။ နိုင်တည်မြဲ ဖုန်းနံပါတ်ကို ကြည့်နေစဉ် ပြည့်က ...

"ငါ့ကိုပေး"

"ရော ..."

နိုင်တည်မြဲပေးတော့ ပြည့်ကဖုန်းကို ဖွင့်ကြည့်ရာ ... တွေ့လိုက်ရသည်က ...

"တည်မြဲလား ... ငါရှပါ, ပါ။ ပြည့်နဲ့အကွာရာ လုံးဝပြတ်သွားပြီ။ ငါ တော်တယ်မဟုတ်လား။ ကတိအတိုင်း နင်ငါ့ကို မုန့်ဝယ်ကျွေးဖို့သာပြင်ထားပေတော့။ နောက်မှတွေ့မယ်နော်"

စာကိုဖတ်ပြီး ပြည့်မျက်နှာပျက်သွားသည်။

"ဟင် ... ဒါ ... ဒါ ... ဒါဆို"

"ဘာလဲ"

နိုင်တည်မြဲက ဖုန်းကိုယူ၍ကြည့်လိုက်သည်။

"ဟာ ... ဘာတွေလဲ"

နိုင်တည်မြဲ၏ အံ့သြတကြီး ရေရွတ်သံနောက်မှာတော့ ပြည့်အသံက အက်ကွဲစွာ ထွက်ပေါ်လာပါတော့သည်။

"တည်မြဲ ... နင်ဘာကြောင့် ငါ့ကိုဒီလို လုပ်ရက်တာလဲဟင်"

နိုင်တည်မြဲက နားမလည်ဟန်ဖြင့် ပြည့်ကိုကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလုပ်လို့လဲ။ အက္ခရာနဲ့ နင်နဲ့ဘာကြောင့် ပြတ်သွားတာလဲ။ ဒီစာကရော ဘာအဓိပ္ပာယ်လဲ"

"တော်လောက်ပြီ နိုင်တည်မြဲ။ နင့်ရဲ့လုပ်ရပ်တွေက လွန်နေပြီ။ နင့် စိတ်ထဲမှာ ဖြစ်နေတာတွေကလည်း မှားနေပြီ။ နင့်စိတ်ကူးတွေဟာ လှုစည်းဘောင် အပြင်ဘက်ကိုရောက်နေပြီ"

"မဟုတ်သေးဘူး အစ်မ။ တစ်ခုခုတော့ လွဲနေပြီ။ နင်ကို့နှစ်ယောက် ပြတ်အောင် ငါလုပ်တာလို့ နင်တကယ်ပဲယုံလို့လား"

"ငါ နင့်ကိုအရင်ကယုံခဲ့ပါတယ် နိုင်တည်မြဲ။ ဒါပေမဲ့ အခုတော့ ..."

"အစ်မ နင်ထင်တာမှားနေပြီ။ ငါတကယ်ဘာမှ ..."

"တော်ပြီတည်မြဲ။ ငါဒီနေ့ပဲ ကြုံတွေ့ရတဲ့ ဟန်ဆောင်မှုတွေ၊ လိမ်ညာမှုတွေများလွန်းတယ်။ ငါဘာကိုမှ မသိချင်တော့ဘူး။ ငါပြန်တော့မယ်"

ဝေဒနာတွေတနင့်တပိုးနှင့်ပြည့်သည် ဆိုင်ထဲမှ ကသုတ်ကရုတ် ထွက်သွားလေသည်။ ဖြေရှင်းချင်သော ဆန္ဒဇောဖြင့် နိုင်တည်မြဲသည် ပိုက်ဆံအမြန်ရှင်းပြီး နောက်မှအပြေးလိုက်သွားခဲ့ပါသည်။ သို့ရာတွင် ... လမ်းခုလတ်မှာပင် .... သူ့ပခုံးသည် တစ်စုံတစ်ယောက်၏ ဖမ်းဆွဲခြင်းအား ခံလိုက်ရလေ၏။ လှည့်ကြည့်လိုက်တော့ အောင်သူရကြွယ်နှင့် သူ၏ဘော်ဒါအပေါင်းအဖော်များ ... ။

"ဟေ့ကောင် ... မင်းတစ်ကောင်တည်းလား။ ဟိုအက္ခရာဆိုတဲ့ အရူးရော၊ ဘယ်မှာလဲ"

"ဘယ်သိမှာလဲ။ သိချင်ရင် ကိုယ့်ဘာသာကိုယ် လိုက်ရှာပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒီကောင့်လေသံ မာလှချည်လား။ မင်းကို မှတ်လောက် သားလောက်အောင်တော့ ထပ်ဆုံးမပေးဖို့ လိုနေပြီ။ ဟုတ်တယ်မို့လား ဘော်ဒါတို့"

"ဒါပေါ့"

နိုင်တည်မြဲသည် လူအများ၏ ဝန်းရံခြင်းကို ခံလိုက်ရလေသည်။ ခန္ဓာကိုယ်အနေအထားကို သူအသင့်ပြင်ထားလိုက်ပါသည်။

ပွဲက အများနှင့်တစ်ယောက်။

ဝန်းကျင်တစ်ခွင်တွင် အန္တရာယ်ရနံ့တို့ ရုတ်တရက်ပြည့်နှက်လို့ သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

နေသည် ညိုစပြုပြီ။

အက္ခရာသည် ဂစ်တာတီးရင်း စိတ်မပါတော့သဖြင့် ဂစ်တာကိုနံဘေး ချထားလိုက်သည်။ ထိုစဉ် နန္ဒအိမ်ထဲသို့ဝင်လာသည်။

"ဟေ့ကောင် အက္ခရာ ... ဘာငြိမ်နေတာလဲ။ မင်းအတွက် သတင်း ကောင်းပါလာတယ်"

"ဘာလဲကွာ ... ငါ စိတ်မဝင်စားဘူး"

"တကယ့် သတင်းကောင်းကွ။ ဟိုကောင် နိုင်တည်မြဲကို အောင်သူရ ကြွယ်တို့ ဝိုင်းဖွဲ့နေတာ ငါအခုပဲတွေ့ခဲ့တယ်။ ဟိုကောင် မြော့နေပြီ။ ဘယ်မ,သွားတာလဲမသိဘူး။ ဒီညတော့ ဒီကောင်သေပြီပဲ"

"ဟင် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အကွာရာ ပြာပြာသလဲဖြစ်သွားသည်။

"မင်းဘယ်နားမှာ တွေ့ခဲ့တာလဲ"

"ဒီကောင့်အိမ် လမ်းထိပ်နားမှာ ဖိုက်နေကြတာ။ ငါလည်းရပ်ကြည့်နေတာပဲ။ ဟိုကောင်တွေက လူများတော့ နိုင်တည်မြဲလည်း ကြာကြာမခံနိုင်ဘူး။ လဲသွားတယ်။ အခုနိုင်တည်မြဲကို သူတို့မသွားတယ်ကွ"

"ဘယ်ကိုလဲ"

"သူတို့အဖွဲ့ စတည်းချနေကျ မြစ်ကမ်းနားက အိမ်ဆီပဲနေမှာပေါ့ကွာ"

အကွာရာ ဘာမှဆက်နားမထောင်တော့ဘဲ ကုတင်နံဘေးနားမှာထောင်ထားသော base-ball တုတ်ကိုယူကာ ပြေးထွက်လာခဲ့သည်။ ဒါကိုသာသိရင် ပြည့် စိတ်ပူနေမှာပဲ။ ပြည့် မျက်ရည်ကျရဦးမည့် ကိစ္စမျိုး သူအဖြစ်မခံနိုင်။

လျှင်မြန်စွာရွေ့လျားနေသော အကွာရာ၏ကားဘီးဦးတည်ရာက မြစ်ကမ်းနံဘေးမှ အိမ်ဆီသို့ ... ။

ကား၏ပြေးနှုန်းသည် သူ့စိတ်ကိုမမှီနိုင်ဘဲ ဖြစ်နေသည်။ သူအရမ်းလောနေမိ၏။

ကမ်းပါးမှအိမ်ကိုသူရောက်သွားတော့ နိုင်တည်မြဲက ဖလက်ပြနေပြီ။ အောင်သူရကြွယ်တို့အဖွဲ့က သူ့ကိုကောင်းကောင်းကြီး ဘေထားပုံရသည်။

အခုလည်း ပုံလျက်သားလဲကျနေတာတောင်မှ ထပ်မံ၍နှိပ်စက်နေကြတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... ရပ်စမ်း"

"သြော် ... အက္ခရာပဲ"

"ကယ်တင်ရှင်ကြီး ရောက်လာပြန်ပြီကိုး"

အောင်သူရကြွယ်တို့၏အာရုံက အက္ခရာဆီစုပြုံရောက်ရှိလာကြသည်။ နိုင်တည်မြဲက အက္ခရာကိုမြင်တော့ အံ့သြသွား၏။

"ဟော့ကောင် မင်းဘာလို့လိုက်လာတာလဲ။ မင်းရှူးနေလို့လား။ ပြန်တော့"

"ဟော့ကောင်တည်မြဲ ... မင်းလည်းစကားမများနဲ့။ မင်းသေမှာစိုးလို့လိုက်လာတာမဟုတ်ဘူး။ မင်းသာတစ်ခုခုဖြစ်ရင် ပြည့် စိတ်ဆင်းရဲမှာစိုးလို့လိုက်လာတာ။ နားလည်လား"

အက္ခရာသည် စကားတွေ ထွေထွေထူးထူး ပြောမနေတော့ဘဲ လူစုလူဝေးထဲသို့ တစ်ရှိန်ထိုးပြေးဝင်ပြီး လက်ထဲမှတုတ်ဖြင့် သိမ်းကျုံး၍ရိုက်လေတော့သည်။ ဤမျှမြန်ဆန်မည်ဟု ထင်မထားသဖြင့် အားလုံးဝရုန်းသုန်းကား ဖြစ်ပျက်သွားကြ၏။

အက္ခရာသည် သူခံခဲ့ရတာတွေနှင့်တန်အောင် အစွမ်းကုန်ဝှန်းတိုင်းကျဲနေလေသည်။ သူ့လက်ထဲမှတုတ်သည် တဝီဝီအော်မြည်ကာ ကပ်လာသမျှကို တရစပ်ရိုက်နှက်ထိုးခုတ်လျက်ရှိသည်။

ထိုစဉ်အောင်သူရကြွယ်တို့အဖွဲ့က လူများသည်။ ခဏမှာ အက္ခရာ အသာရနေသလိုရှိသော်ငြားလည်း ကြာတော့လက်ပမ်းကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဖြစ်စဉ်ကိုကြည့်ကာ ဒဏ်ရာတွေနှင့် နိုင်တည်မြဲသည် လဲကျနေရာမှ ကုန်းရုန်း၍ထသည်။ ပြီးတာနှင့် အနီးမှာရှိသည့် တုတ်တစ်ချောင်းကို ဆွဲပြီး အားမာန်တင်း၍ ပြေးသွားသည်။

အောင်သူရကြွယ်သည် ဓါးကြားမှဓားကို ဆွဲထုတ်လိုက်၏။ ပြီးနောက် တစ်ဖက်သို့မဲနေသော အကွရာ၏နံကြားကိုအလစ်မှာ ထိုးသွင်းလိုက်လေသည်။

"အကွရာ နောက်မှာ"

"ဟာ"

နိုင်တည်မြဲ၏ အော်ဟစ်သတိပေးစကားကြောင့် ဓားချက်ကိုမြင်သွားပြီး အကွရာ ကြိုးစားပမ်းစား ရှောင်တိမ်းလိုက်သည်။ သို့သော် မလွတ်။ ဓားက သူ့ဝမ်းဗိုက်သားကို ပွတ်၍ခြစ်ဆွဲသွားသည်။ သွေးစက်များသည် ရဲခနဲပဲဖြာထွက်လာကြ၏။

"ကဲကွာ ..."

နိုင်တည်မြဲသည် သူ့လက်ထဲမှ တုတ်ဖြင့် အောင်သူရကြွယ်ကို ခါးလယ်မှ ဖြတ်ရိုက်ထည့်လိုက်လေသည်။ အရုပ်ကြိုးပြတ်ဆိုသလိုမျိုး အောင်သူရကြွယ် ပုံလျက်သား လဲကျသွားတော့၏။

ပွဲသည် အခြေပြောင်းသွားပြီဖြစ်သည်။

နိုင်တည်မြဲနှင့်အကွရာသည် အောင်သူရကြွယ်၏ ခန္ဓာကိုယ်ပေါ်တွင် တက်ရပ်ပြီး ကျောချင်းကပ်လိုက်ကြသည်။ ရဲဝံ့သောအမူအယာနှင့် သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ ညီညွတ်မှုကြောင့် အောင်သူရကြွယ်၏ လူများမဝံ့မရဲ ဖြစ်ကုန်ကြသည်။

"မင်းတို့လူကို ခေါ်ပြီးသွားတော့"

"ကြာရင် ငါတို့အသေသတ်မိလိမ့်မယ်"

နိုင်တည်မြဲနှင့် အက္ခရာသည် အောင်သူရကြွယ်၏ ခန္ဓာကိုယ်ကို ခြေထောက်နှင့် တစ်ယောက်တစ်ချက်စီဆောင့်ကန်လိုက်ကြသည်။ ပြီးနောက် ထိုနေရာမှ သူတို့နှစ်ယောက် ကယိမ်းကယိုင်ဖြင့် ထွက်ခွာလာခဲ့ကြလေသည်။

လေပြည်သည် လတ်ဆတ်အေးငြိမ်ချေပြီ။ ဝန်းကျင်တစ်ခွင်သည် ငြိမ်သက်တိတ်ဆိတ်သွားပြီဖြစ်၏။

ခဏအကြာမှာတော့ နိုင်တည်မြဲနှင့်အက္ခရာသည် ကမ်းနားမှာ ခြေပစ်လက်ပစ်ထိုင်ရင်း အမောဆို့လို့နေကြသည်။ သူတို့နှစ်ယောက်ပုံစံက ဒဏ်ရာရနေသော သားရဲနှစ်ကောင် အနားယူနေသလိုပင်ရှိကြ၏။ ရုတ်တရက် နိုင်တည်မြဲက အက္ခရာအားကြည့်ကာခေါ်လိုက်သည်။

"အက္ခရာ"

အက္ခရာက ပြေပြေပျစ်ပျစ်ပင် ပြန်ထူးသည်။

"ဘာလဲ"

"ငါတစ်ခုလောက် ပြောချင်တယ်"

"ပြောပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ငါဒီမှာမရှိတော့ရင် မင်းငါ့အစ်မကို ပိုပြီးဂရုစိုက်ပေးနိုင်မလား"

"ဒါ မင်းပြောစရာမလိုတဲ့ကိစ္စပဲ"

"ငါတကယ် အတည်ပြောနေတာ"

"မင်းက ဘယ်သွားမှာမို့လို့လဲ"

"ငါ ခရီးတစ်ခုသွားမလို့"

"ဘယ်တော့ ပြန်လာမှာလဲ"

"ပြန်လာချင်မှ လာမယ်"

"မလာရင် ပိုတောင်ကောင်းသေးတယ်"

အကွရာကပြုံး၍ ပြောပေမယ့် နိုင်တည်မြဲရုပ်ကအတည်။

"ငါ့အစ်မငိုတာ ငါမမြင်ချင်ဘူး အကွရာ။ သူစိတ်ဆင်းရဲတာလည်း ငါမကြားချင်ဘူး။ မင်း ကတိပေးနိုင်မလား"

"တည်မြဲ ... မင်းအတည်ပြောနေတာလား"

"ငါ နောက်နေတယ်ထင်လို့လား"

"ပြောစမ်းပါဦး မင်းက ဘယ်သွားမှာလဲ"

"ငါ အဘွားနဲ့ ဩတေးလျ လိုက်သွားတော့မယ်"

နိုင်တည်မြဲအသံက ခပ်လေးလေးထွက်လာသည်။ အကွရာသည် နိုင်တည်မြဲကိုကြည့်ကာ အံ့ဩသွားသည်။

ဒီကောင် ဘာကြောင့်ရုတ်တရက်ကြီး ပြောင်းလဲသွားရတာလဲ ...။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ညသည် လျှို့ဝှက်သော နက်မှောင်ခြင်းများကို သယ်ဆောင်လျက် လှမ်းလို့ လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ကော်ဖီဆိုင်တစ်ဆိုင်တွင်ဖြစ်သည်။ ကောင်မလေးနှစ်ယောက် ထိုင်၍ စကားပြောနေကြသည်။ တစ်ယောက်က မေသက်စုဖြစ်ပြီး တစ်ယောက်က ရွှေပါဖြစ်ပါသည်။

"အဲဒီကောင်မ သိပ်ရိုရတာပဲနော်"

"အေးလေ ... တော်တော်တုံးတာပဲ။ သူမှာ ရည်းစားလည်းမယုံ။ ...ောင်ကိုလည်း မယုံနဲ့ဖြစ်နေတာ"

"ဒါကလည်း ငါတို့လုပ်ကွက်က ပီပြင်လွန်းလို့ပါဟာ"

နှစ်ယောက်သား သူတို့လုပ်ရပ်အတွက် သူတို့ကျေနပ်နေကြသည်။ မှုစိပ္ပစိဖြင့် အာဘောင်အာရင်းသန်သန် လေကောင်းနေကြ၏။ ထိုစဉ် ..

"နှင်းကိုက မြေခွေးမတွေပဲ"

"...င် ... "



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ရောက်ရှိလာတာက ပြည့်နှင့်ဆုရည်ဝေဖြစ်လေသည်။

"နင်တို့ကို ငါ လုံးဝခွင့်မလွှတ်ဘူး"

"အကျိုးအကြောင်းအားလုံးကို ငါတို့သိပြီးပြီ။ ငါ့အစ်မကို စိတ်ဆင်းရဲအောင်လုပ်တဲ့အတွက် နင်တို့ကိုဒဏ်ခတ်ရမယ်"

ဆုရည်ဝေက သူမကျောပိုးအိတ်ထဲမှ ကွန့်ပါဆူးချွန်ကို ဆွဲထုတ်လိုက်သည်။

"ဟင် ..."

ဒီနေရာမျိုးကျတော့ လျှင်သည်။ မေသက်စုနှင့်ရူပါသည် သုတ်ခြေတင်၍ ပြေးလေတော့သည်။ (ဒီဇာတ်ကွက်မျိုးက ဒီလောက်ဆို လုံလောက်ပြီထင်ပါသည်။)

ပြည့်သည် နောင်တရ၍ နေလေပြီ။

နိုင်တည်မြဲကို သူမအရမ်းတွေ့ချင်နေလေပြီ။ သူမ အမှားအတွက် ဝန်ချတောင်းပန်ချင်နေမိ၏။

ညနေကျတော့ သူမထံသို့ အက္ခရာရောက်လာပါသည်။

"ပြည့်"

အက္ခရာသည် ပြည့်ကိုကြည့်ရင်း ချီတုံချတုံဖြစ်နေသည်။ ပြည့်ကတော့ ဘာမှမသိ။ နိုင်တည်မြဲပေးထားသော ခွေးလေးနှင့်ဆော့နေသည်။ ဒီကောင့်ကို Naughty ဟုနာမည်ပေးထားသည်။ တည်မြဲကို အမြင်ကတ်သဖြင့် တမင်သက်သက် ပေးထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြည့် ..."

"ဘာလဲ"

အကျွရာခေါ်တာကို ပြည့်ကချွေးနှင့် အဆော့မပျက် ပြန်ထူးသည်။

"တည်မြဲက မင်းကိုလိုးဝမ်ပြောပါနဲ့လို့ မှာထားတယ်။ ဒါပေမဲ့ နောက်မှပြန်သိရင် ကိုယ့်ကိုမုန်းမှာစိုးလို့"

"ဘာဖြစ်လို့လဲ"

"ဒီနေ့ပဲ တည်မြဲ ရန်ကုန်သွားပြီ။ အဘွားဆီလိုက်သွားတော့မလို့တဲ့။ သူ ဟိုရောက်ပြီး နောက်ရက်ကျရင် ဩစတေးလျ သွားတော့မှာ"

"ဟင်"

ပြည့် ရင်ထဲ တလှပ်လှပ်ဖြစ်သွားသည်။

"သူ ... သူဘယ်တုန်းက သွားတာလဲဟင်။ အခု ... အခု လေဆိပ်ကို လိုက်သွားရင်မှီမလား။ အကျွရာ ... ငါ့ကို လိုက်ပို့ပါနော်"

"မမှီတော့ဘူး ပြည့်။ စိတ်လျှော့လိုက်တော့။ မနက်ခုနစ်နာရီ Flight နဲ့သွားတာ။ သူက ဟိုရောက်မှ ဖုန်းလှမ်းဆက်ပြီးပြောမယ်တဲ့။ ငါက မနေနိုင်လို့ ပြောတာ"

ဝမ်းနည်းပက်လက်နှင့် ပြည့် ချုံးပွဲချ၍ငိုလေပြီ။

"တည်မြဲရယ် ... ငါမှားသွားပါတယ်။ ငါ မကောင်းတာပါ။ ပြန်လာခဲ့ပါလား မောင်လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



အရာရာ နောက်ကျသွားပြီဆိုတာ ဒါမျိုးများလား ... ။

နောင်တတရားများသည် သူမကိုယ်၌ မနားတမ်းစုန်ချည်ဆန်ချည် တွယ်စီးလျက်ရှိကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

လေယာဉ်ပေါ်တွင်လိုက်ပါသွားသော နိုင်တည်မြဲသည် တရိပ်ရိပ် ဝေး၍ဝေး၍နေရစ်ခဲ့သော မြင်ကွင်းတွေကိုကြည့်ရင်း ဇာတိမြို့လေးနှင့် ကျန်ခဲ့သောအရာများကို သတိရကာ မျက်ရည်ဝဲလာသည်။

"ပြည့်ရယ် ... နင့်ကို နှုတ်မဆက်ဘဲ ငါဒီလိုထွက်လာရလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးဘူး။ နောက်ဘဝဆိုတာရှိတာ သေချာရင် နင့်ကိုငါ့ရဲ့ အခုလိုမျိုး အစ်မ မတော်ပါရစေနဲ့တော့။ နင်ဘယ်လောက်ပဲ ရုပ်ဆိုးနေပါ စေ။ ငါ ပွင့်ပွင့်လင်းလင်း ချစ်ခွင့်ရချင်တယ်"

အခုတော့ လူမသိသူမသိ အုံ့ပုန်းဘဝဖြင့် ကမ္ဘာခြားသွားခဲ့ပါပြီ။ သူ့ကို အောင်သူရကြွယ်တို့လူစုခေါ်သွားပြီး သူ့နောက်ကို အကွာရာလိုက် ကယ်ခဲ့ကတည်းက ပြည့်ကိုအဝေးကနေပဲ ချစ်ဖို့သူဆုံးဖြတ်ခဲ့တာဖြစ်သည်။ အကွာရာသည် ပြည့်နှင့်ပြဿနာတက်ထားပါလျက်နှင့် သူ့ကြောင့် ပြည့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲမှာစိုးသော ဇိတ်တစ်ခုတည်းနှင့် သူ့ကိစ္စထဲဝင်ပါခဲ့သည်။

အမှန်အတိုင်းပြောရလျှင် အကွာရာကို သူလုံးဝကြည့်မရ။ ယောက်ျား ချင်းမို့ ပြည့်ကိုတကယ်ချစ်တာ ယုံသော်လည်း ဒီလောက်ထိချစ်မယ်မထင် ခဲ့ပေ။ ပြည့်စိတ်ဆင်းရဲရမှာ တစ်ခုတည်းနှင့် လုံးဝကြည့်မရသော လူနှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် အသေခံကာ စွန့်လွှတ်စိတ် ဖြစ်လာခဲ့သည်။ တကယ်ဆို အောင်သူရကြွယ်တို့ သူ့ကိုခေါ်သွားကတည်း က သူ့ကိုယ်သူသေလူအဖြစ် သတ်မှတ်လိုက်သည်။ ပြည့် သူ့ကိုမုန်းသွားပြီ ဖြစ်၍ ရှင်သန်ခြင်းဆိုတာကိုလည်း မမက်မောတော့။ ရုတ်တရက်အကွာရာ လာကယ်၍ သူတော်တော်အံ့သြသွားသည်။ အကွာရာကလည်း သူသေသွား လျှင် ပြည့်စိတ်ဆင်းရဲရမှာစိုးသည်။ သူကလည်း သူ့ကြောင့်သာ အကွာရာ သေသွားခဲ့ရင် ပြည့်စိတ်ဆင်းရဲမှာ၊ စိတ်ဆိုးမှာစိုးသည့် စိတ်တစ်ခုတည်းနှင့် အားတင်းကာ ပြန်လည်တုန့်ပြန်ခဲ့ခြင်းဖြစ်သည်။ အောင်သူရကြွယ် မှောက် သွား၍ သူနှင့်အကွာရာ ဂိုထောင်ထဲမှထွက်လာတော့ သူတစ်ခု သိလိုက် သည်။ အကွာရာကြောင့်တော့ ပြည့်ဘယ်တော့မှ စိတ်ဆင်းရဲရမှာ မဟုတ်ဘူး ဆိုတာပင်။ ဒီခံစားမှုကြောင့်ပဲ သူပြည့်ကို အကွာရာလက်ထဲ စိတ်ချလက်ချ ထားခဲ့ကာ ထွက်လာခဲ့ခြင်းဖြစ်၏။ သူပြည့်အနားမှာ ဆက်ရှိနေသေးလျှင် သူ့စိတ်ထဲမှအချစ်များအား ဘယ်အချိန်အထိ ချုပ်ထိန်းထားနိုင်မှာလဲ။ ထိုအဖြေကိုသူမသိ ...။ သူ မထိန်းချုပ်နိုင်၍ ထပ်ပြောမိလျှင် ပြည့်ပဲ ဇိတ်ညစ်ရမည်။ ပြီးတော့ ပြည့်ရင်ထဲမှာ တကယ်ရှိနေတာက အကွာရာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြည့်က တကယ့်မောင်လေးအရင်းလိုသာချစ်မှန်း သူသိနေသည်။ ဒါကြောင့် သူထွက်လာခဲ့ခြင်းပဲဖြစ်သည်။

အခုတော့ အံ့ပုန်းတစ်ယောက်ရဲ့ မျှော်လင့်ချက်တွေ သေဆုံးသွားခဲ့ရပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

အကွရာနှင့်ပြည့်၏ ချစ်သူဘဝလေးက ငြိမ်းချမ်းလှပါသည်။ ပြည့်၏ မျက်နှာကို အရိပ်လိုကြည့်နေသော အကွရာကြောင့် ပြည့်စိတ်ချမ်းသာရသည်။ နည်းနည်းလေး တည်မြဲကိုသတိရလို့ မှိုင်သွားလျှင်ပင် စကားလမ်းကြောင်းလွှဲကာ ပျော်အောင်လုပ်ပေးသည်။ ပြည့်ခမျာ အနားမှာအကွရာရှိနေလျှင် နည်းနည်းမှ မျက်နှာမပျက်ရဲဘဲဖြစ်နေသည်။ တည်မြဲက တစ်လတစ်ခါဖုန်းဆက်သည်။ အွန်လိုင်း (online) ပေါ်မှာလည်း တစ်ပတ်တစ်ခါလောက် စကားပြောဖြစ်ကြသည်။ ဘာပဲဖြစ်ဖြစ် အဆက်အသွယ်မပြတ်သဖြင့် အရမ်းကြီးတော့ စိတ်မပူတော့ပေ။

တည်မြဲ သွားကာစက ပြည့်မှာနေ့တိုင်းငိုရသည်။ တစ်ပတ်လောက်နေတော့ အကွရာက online တွင် တည်မြဲနှင့်တွေ့လာသည်ဟု ပြောလာခေါ်သဖြင့် ကွန်ပျူတာဆိုင်မှာပင် ငိုကာစကားပြောခဲ့ရသည်။

www.burmeseclassic.com



နောက်တော့ မေမေကအိမ်တွင် ကွန်ပျူတာဆင်ကာ အင်တာနက်ချိတ်ပေး သဖြင့် တည်မြဲနှင့်ခဏခဏ စကားပြော၍ရတော့ အဆင်ပြေနေ၏။ တည်မြဲ က သူ့ဟိုမှာ ဘယ်လောက်ထိ ပျော်နေကြောင်း ဓာတ်ပုံတွေပို့သည်။ ကောင်မလေးများနှင့် တွဲ့ယောက်ပြီးတစ်ယောက်တွဲရိုက်ကာ ပုံတွေ မို့ သဖြင့် ပြည့်မှာစိတ်တိုရသေးသည်။

ဒီနေ့လည်း ပြည့်နှင့်အကွာရာသည် နိုင်တည်မြဲနှင့် Online ပေါ်တွင် ဆုံတွေ့ဖြစ်ကြ၏။

"တည်မြဲ ... နင် ရှုပ်သေးလား။ နေရောကောင်းရဲ့လား"

"ငါကအေးဆေးပဲ။ အစ်မ... နင့်ကို အကွာရာ ကောင်းကောင်း ဆက်ဆံရဲ့လား၊ အလိုရောလိုက်ရဲ့လား"

"အေး ... အလိုလိုက်တယ်။ ငါခိုင်းတာမှန်သမျှ သူလုပ်ပေးတယ်"

ပြည့်ဖော်ကောင်လုပ်လိုက်သဖြင့် နံဘေးနားမှ အကွာရာမျက်နှာကြီး ရဲအောင်ပင် ရှက်သွားသည်။

"ဟေ့ကောင် ... မင်းအစ်မကို ငါအခုရိုက်နေတယ်။ အဲ့ဒါ မင်း ဘာလုပ်မလဲ"

အကွာရာက ဝင်ပြောတော့တစ်ဖက်မှ နိုင်တည်မြဲက ပြန်အော်သည်။

"ဟေ့ကောင် ... ငါပြန်လာပြီး မင်းကိုဗိုက်ကန်ပစ်မယ်"

"လာခဲ့ ... ဟေ့ကောင် စိန်ခေါ်တယ်"

တည်မြဲနှင့်အကွာရာသည် Online ပေါ်မှာပင် ရန်ဖြစ်နေကြ၍ ပြည့် က တားရသေးသည်။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... ပေါက်ကရ လျှောက်ပြောမနေနဲ့။ တည်မြဲ ... ကျန်းမာရေး ဂရုစိုက်ဦးနော်။ နင် ဘယ်တော့ပြန်လာမှာလဲ"

"အေးဆေးပေါ့ အစ်မရာ။ ငါဒီမှာ လည်စရာတွေ အများကြီးရှိသေးတယ်။ ကဲလို့တောင်မှ မဝသေးဘူး"

"အေးပါ ... ပြီးတာပဲ။ ငါက သတိရလို့ ပြန်လာခဲ့လို့ပြောနေတာ။ နင် မလာတော့လည်း ဘာတတ်နိုင်မှာလဲ"

"လာမှာပေါ့ဟာ ... ဒါပေမယ့် ငါနောက်ဆိုရင် နင့်ဆီသိပ်တောင်မှ အဆက်အသွယ်လုပ်နိုင်တော့မှာ မဟုတ်ဘူး။ အစ်မ ကျန်းမာရေးဂရုစိုက်နော်။ အကူရာ ... အစ်မကိုသေချာစောင့်ရှောက်ပါကွာ"

တည်မြဲအသံက တစ်မျိုးဖြစ်နေသည်။

"တည်မြဲ နင်ကဘယ်သွားမှာမို့လို့ ငါ့ဆီ မဆက်သွယ်ရမှာလဲ"

"ငါ ခရီးတစ်ခု သွားစရာရှိတယ် အစ်မ ...။ အဲဒီခရီးက ကြာမှာမို့လို့"

"ဘာခရီးလဲ"

ပြည့် မေးလိုက်စဉ် တည်မြဲက စကားစကိုဖြတ်ပစ်သည်။

"ဒါပဲ အစ်မရာ။ ဟိုမှာ ငါ့ကောင်မလေး လာခေါ်နေပြီ။ တော်ကြာစောင့်နေရလို့ စိတ်ကောက်နေဦးမယ်။ Bye Bye ... "

ပြောပြီးပြီးခြင်း တည်မြဲ online ထဲမှထွက်သွား၍ ပြည့်ငိုင်တိုင်ပြီး ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တည်မြဲကလေ ... အမြဲဒီအတိုင်းပဲ။ တစ်ခုခုဆိုရင် ဇွတ်တရွတ်။ အခုလည်း သေချာတောင်မှ စကားမပြောရသေးဘူး။ ကောင်မလေး နောက် ပါသွားပြီ။ တကယ်စိတ်ဆိုးတယ် ... သိလား Naughty ... နင့်ရဲ့ အရင် ပိုင်ရှင်ကလေ ကောင်းကိုမကောင်းဘူး"

ပြည့်သည် အကွရာကိုပြောရုံနှင့် အားမရဘဲ ခုံအောက်တွင် ဝပ်နေ သော ခွေးကလေး Naughty ဆီပါလှမ်း၍ စကားပြောလိုက်သေးသည်။ အကွရာကရယ်ပြီး ...

"ပြည့်ကလည်းကွာ... သူလည်းကိစ္စရှိလို့နေမှာပေါ့။ ကိုယ်တောင်မှ ပြည့် စိတ်ဆိုးမှာကြောက်သေးတာပဲ။ သူလည်း သူ့ကောင်မလေး စိတ်ဆိုးမှာ ကြောက်တာ နားလည်ပေးလိုက်ပါကွာ"

"ဟုတ်ပါပြီ ... တကတည်း ... အခုမှ တည်မြဲဘက်က ရှေ့နေလိုက် နေတယ်။ အတူတူရှိတော့ဖြင့် မတည့်ကြဘဲနဲ့"

"ပြည့် ကြားဖူးတယ်မဟုတ်လား။ နီးတကျက်ကျက် ဝေးတသက် သက်ဆိုတာလေ"

"ဘာပဲဖြစ်ဖြစ် အကွရာရယ် ... ပြည့်တော့ တည်မြဲကိုပြန်လာစေချင် တယ်"

"အေးပါ ပြည့်ရယ် ... ကိုယ်နဲ့ပြည့် မြန်မြန်လက်ထပ်ပြီး သူ့ကို အိမ်မှာခေါ်ထားကြတာပေါ့ ဟုတ်ပြီလား။ ဒါပေမဲ့ ပြည့်က တည်မြဲကို ချည်းပဲ ဂရုစိုက်လို့ မရဘူးနော်။ ကိုယ့်ကိုပစ်ထားလို့ကတော့ ယောက်ဖကို အိမ်ပေါ်ကကန်ချမှာ"

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား...၊ ပြောနေရင်းဖောက်လာပြန်ပြီ"

အခုဆို ပြည့်နှင့်အက္ခရာတို့ နှစ်ယောက်အကြောင်းကို နှစ်ဖက်သော လူကြီးမိဘတွေကသိပြီး သဘောတူထားကြပါပြီ။ ဘွဲ့ရမှ လက်ထပ်ဖို့လည်း ပြောထားသည်။ ပြည့်ကတော့ တည်မြဲပြန်လာမှ လက်ထပ်ချင်တာ။ ခုတော့ တည်မြဲကကြာဦးမှာတဲ့။ အက္ခရာက ဘွဲ့ရပြီးတဲ့အထိတောင် မနည်းပြောထားရတာ။

တည်မြဲကကွာ ... မြန်မြန်ပြန်လာတာမဟုတ်ဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

တစ်ဖက်ကလူတွေ ပျော်ရွှင်နေပေမယ့် တစ်ဖက်မှာတော့ ကြေကွဲနေသူရှိ၏။

နိုင်တည်မြဲသည် ကွန်ပျူတာရှေ့မှာထိုင်ရင်း ငိုင်နေသည်။ သူသည် ပြည့်နှင့် စကားပြောတိုင်း ပြည့်စိတ်ချမ်းသာအောင် သူအရမ်းပျော်နေသည့်ပုံမျိုးနှင့် ပြောနေသော်လည်း သူခံစားနေရတာ သူပဲသိသည်။ သူပျော်သည်ထင်ပြီး ပြည့်စိတ်ချမ်းသာလျှင် ပြီးတာပါပဲ။

"တည်မြဲ ... အခန်းထဲမှာလား"

အသွားဖြစ်သူက အနားရောက်လာသည်။

"မြေးလေး ... ဘာလုပ်နေတာလဲ။ တစ်ချိန်လုံး ကွန်ပျူတာကြည့်မနေနဲ့လေ။ ပြီးရင် ဝမ်းနည်းပြီးငိုဦးမယ်။ အော်ပရေးရှင်း operation က



www.burmeseclassic.com

www.burmeseclassic.com



သန်ဘက်ခါမို့လား။ ဒီအချိန် အိပ်ရာထဲမှာ နားနားနေနေနေဖို့ ဒေါက်တာက မှာထားတယ်လေ"

"ဟုတ်ကဲ့ပါ အဘွား။ ကျွန်တော် အစ်မပုံလေး ခဏကြည့်လိုက်ဦးမယ်။ ပြီးရင်အိပ်တော့မှာပါ"

နိုင်တည်မြဲသည် ကွန်ပျူတာစကရင်ပေါ်မှ ပြည့်၏ရုပ်ပုံလွှာကို တငေးတမော ကြည့်နေသည်။

"နောက်လည်း တွေ့ရဦးမှာပဲ သားရယ် ... နားပါဦး"

"ဟင့်အင်း ... အဘွား၊ ကျွန်တော့်ကိုယ်ကျွန်တော်သိနေတယ်။ အစ်မကိုအပြင်မှာ ထပ်တွေ့ရဖို့ဆိုတာ ကျွန်တော့်အတွက် မသေချာတော့ပါဘူး အဘွားရယ်၊ ဘွား ... တကယ်လို့ ကျွန်တော်တစ်ခုခု ဖြစ်သွားခဲ့ရင်၊ ပြန်မနိုးလာတော့ရင် ပြည့်ကိုအသိမပေးပါနဲ့နော်။ ကျွန်တော် ဒီမှာပျော်နေပြီး သူ့ဆီ မဆက်သွယ်ဘူးလို့ဘဲ သူထင်ပါစေ"

"အေးပါ သားရယ် ...၊ သား ဘာမှမဖြစ်နိုင်ပါဘူး။ ဘုရား တရား သာအာရုံပြု။ သားကောင်းသွားမှာပါ"

အဘွား စိတ်ဆင်းရဲကာ ငိုမည်စိုး၍ တည်မြဲဘာမှ ထပ်မပြောတော့ပေ။ တကယ်တော့ သူ့ဝေဒနာ သူသိနေပါသည်။ သူ့ရောဂါဟာ ဘယ်လိုမှ မကောင်းလာနိုင်တော့ပါ။ သူ့ရင်ထဲမှာ သိုဝှက်ထားသော အလွမ်းများ၊ အချစ်ကပေးသော ဒဏ်ရာများနှင့်ပင် သူ့နှလုံးသားက နလံမထူနိုင်တော့တာ သူသိနေပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း အဘွားဆန္နပြင်းပြလှ၍သော ခွဲစိတ်ဖို့ကိစ္စကို သူ လက်ခံလိုက်ခြင်းဖြစ်သည်။ သူ့သဘောနှင့်သူဆိုလျှင် မလုပ်လိုတော့ပေ။

သွားတော့မယ် ... ပြည့်ရယ် ...။ မဆုံးနိုင်တဲ့ ခရီးရှည်ကြီးကို ငါသွားတော့မယ်။ နင့်ကို အဝေးကနေပဲ လှမ်းနှုတ်ဆက်လိုက်တယ်။ တကယ်တော့ အချစ်ဆိုတာ ပေးဆပ်ခွင့်မရဘဲ သိမ်းဆည်းထားရမယ် ဆိုလျှင် ဘာနဲ့မှကုစားမရနိုင်တဲ့ အဆိပ်တစ်ခုဖြစ်သွားနိုင်တာပဲ မဟုတ်လား...။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆိုတာ ပြန်မရနိုင်တော့တဲ့ ပစ္စုပ္ပန်တွေပါပဲ။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

"ဘာ ... တည်မြဲ ဆုံးပြီ ... ဟုတ်လား ... အဘွား"

ပြည့် တုန်တုန်ယင်ယင်နှင့်မေးတော့ ဒေါ်ခင်စန္ဒာအေးက ခေါင်းညိတ်ပြသည်။ ပြည့် အာခေါင်တွေ ခြောက်ကပ်လို့သွား၏။

"ပြည့် မယုံချင်ဘူး အဘွားရယ်"

"အေးပါ သမီးရယ်...၊ အဘွားသိပါတယ်။ တည်မြဲမဆုံးခင်ကတည်းက အဘွားကို အမြဲတမ်းပြောပြလို့ သမီးတည်မြဲကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပြီးသားပါ။ ဒါပေမဲ့ တည်မြဲကပိုပြီး သမီးထက် ချစ်တယ်။ ပြည့်ရော ... တည်မြဲရော အဘွားရဲ့မြေးတွေဆိုပေမဲ့ လူကဟိုကိုလိုက်လာပြီး စိတ်ကတော့ ဒီမှာ ကျန်ခဲ့တဲ့တည်မြဲလေးကို အဘွားအသည်းပိုမိတယ်။ အခုလည်း သူဆုံးရင် သမီးကို အသိမပေးပါနဲ့လို့ မှာခဲ့ပေမဲ့ ဆုံးတဲ့သူကလည်းဆုံးပြီ။ အဘွားလည်း အသက်ကြီးပြီ ချီတော့သေရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရေကိုယ်မြေမှာပဲ ခေါင်းချချင်လို့ ပြန်လာခဲ့တာ။ ဒီရောက်တော့ သမီးကတည်မြဲရော အဘွားလို့မေးတော့ အဘွားမညာရက်တော့ဘူးကွယ်"

ပြည့်သည် ဘာစကားမှမပြောနိုင်ဘဲ ရှိုက်ကြီးတငင်သာ ငိုနေမိတော့သည်။ တည်မြဲရယ် ... ငါ့ကိုဒီတစ်ခါလည်း နင်အသိမပေးဘဲ ထားခဲ့ပြန်ပြီလားဟယ် ...။

"တည်မြဲ ခရီးသွားနေတာဆို။ ခရီးသွားစရာရှိတယ်လို့ သမီးကိုပြောသွားတယ် အဘွားရဲ့"

မဖြစ်နိုင်မှန်းသိပေမဲ့ ပြည့် အဘွားကိုငြင်းချက်ထုတ်နေမိပြန်သည်။

"သမီးရယ် ..."

ဒေါ်ခင်စန္ဒာအေး ဆက်မပြောတတ်တော့သလို သက်ပြင်းချသည်။ ပြည့် အကျွရာနှင့် အပြင်မှပြန်ရောက်လာတော့ မေမေက အဘွားရောက်နေသည်ဟုဆိုသဖြင့် တည်မြဲရော ပါလာမှာပဲဟုထင်ကာ ဝမ်းသာအားရ အိမ်ထဲပြေးဝင်ခဲ့မိသည်။ ဧည့်ခန်းမှာ အဘွားထိုင်နေပြီး တည်မြဲကိုမတွေ့သဖြင့် တည်မြဲရော အဘွားဟုမေးလိုက်မှ လူပြည်မှာ တည်မြဲမရှိတော့ဘူးဆိုတာ သိလိုက်ရခြင်းဖြစ်သည်။

လွန်ခဲ့သော ခြောက်လခန့်မှစ၍ တည်မြဲခရီးသွားစရာရှိသည်ဟု ပြောပြီးနောက် online ပေါ်တွင် တည်မြဲနှင့် စကားမပြောရတော့သော်လည်း ပို့စကဒ်လေးများကတော့ တစ်ပတ်တစ်ခါ ပြည့် mail ထဲတွင် ရောက်နေမြဲ။ သူ ဘယ်ရောက်နေပြီ၊ ဒါဘယ်မြို့ကထုတ်တဲ့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ပို့စကဒ်ဟုဆိုကာ စာတစ်ကြောင်း၊ နှစ်ကြောင်းလောက်နှင့် တည်မြဲ၏ လက်မှတ်အမြဲပါသည်။ ပြည့်တောင်မှ တည်မြဲနှင့် စကားမပြောရတာ ကြာပြီ။ နေမှကောင်းရဲ့လားမသိဘူးလို့ တည်မြဲကို သတိရတိုင်း အက္ခရာ အား နားအမြဲပူမိခဲ့သည်ပဲ။ ခုတော့ တည်မြဲမရှိတော့ဘူးတဲ့။ ပြည့် မယုံပါ။ မယုံတာထက် မယုံချင်တာဆိုရင် ပိုမှန်လိမ့်မည်။ ရုတ်တရက်ကြီး ခရီးသွား စရာရှိသည်ဟု ပြောပြီးနောက်ပိုင်း online ပေါ် ရောက်မလာတော့ ပြည့် စိတ်ထဲမှာ တစ်မျိုးတော့ ဖြစ်နေခဲ့သည်။ အိပ်မက်တွေမက်တိုင်းလည်း တည်မြဲကိုအမြဲပိုးတဝါးသာ မြင်ရသည်။ ပြည့် လှမ်းခေါ်လိုက်တိုင်း ပြည့်ကို ပြုံးပြကာ လှည့်ထွက်သွားမြဲ။ ဒီအိပ်မက်မျိုး ပြည့် နှစ်ခါ သုံးခါမက်တော့ အက္ခရာကိုတောင်မှ ပြောပြရင်း မျက်ရည်ကျမိသေးသည်။ အက္ခရာကတော့ ပြည့် တည်မြဲကိုစိတ်စွဲလန်းလို့ မက်တာဖြစ်မှာပါဟု ဖျောင်းဖျသဖြင့် နောက်ပိုင်း သိပ်တောင်မှမပြောပြဖြစ်တော့။ ဒါပေမဲ့ ပြည့်စိတ်ထဲမှာတော့ တစ်ခုခုတော့ဖြစ်နေပြီဟုထင်ကာ တည်မြဲအတွက် ဘုရားမှာအမြဲတမ်း ဆုတောင်းပေးခဲ့သည်။ ခုတော့ တည်မြဲဆုံးပြီတဲ့ ...။

"သမီး ... ဒီမှာ"

ဒေါ်ခင်စန္ဒာအေးက ပို့စကဒ်တွေ တစ်ထပ်ကြီးထုတ်ပေးသည်။

"ဒါတွေက တည်မြဲမဆုံးခင်က ပေးထားခဲ့တာ။ သူ့ခွဲစိတ်ခန်းထဲက ပြန်မကောင်းလာတော့ရင် တစ်ဖက်တစ်ခါ သမီးဆီပို့ပေးပါလို့ မှာသွား တယ်။ ဒါကြောင့် သမီးဆီကဒ်တွေ မှန်မှန်ရောက်နေခဲ့လို့ သမီးမယုံနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မြေးလေး တည်မြဲ ကံဆိုးရှာတယ်ကွယ် ... "

ဒေါ်ခင်စန္ဒာအေးသည်လည်း ပြောပြီးငိုနေ၏။

ပြည့်သည် အဘွားပေးသော ပစ္စည်းများကို ရင်ထဲမှာပွေ့ပိုက်ထား ရင်း ပျောက်သွားမှာစိုးနေသည်။ ဒါတွေဟာ တည်မြဲရဲ့ နောက်ဆုံးအမှတ် တရတွေပဲ မဟုတ်လား ...။

"မြေးလေးတည်မြဲက သူ့မှာ ရောဂါရှိတာကိုလည်း သမီးသိရင် စိတ်မကောင်း ဖြစ်မှာစိုးလို့လျှို့ဝှက်ထားတာ။ ပြီးတော့ ... သမီး မသိသေး တဲ့ အကြောင်းအရာ တချို့ကိုလည်း အဘွားပြောပြချင်သေးတယ်။ ဒါမှ သမီးအပေါ်ထားတဲ့ မြေးလေးရဲ့စိတ်ထားကို သမီးနားလည်မှာ။ တကယ်တော့ တည်မြဲဟာ အဘွားရဲ့မြေးအရင်း မဟုတ်သလို သမီးရဲ့ဖအေ တူမအေကွဲ မောင်လေးလည်း မဟုတ်ဘူးကွဲ့"

"ရှင် ... "

အံ့အားသင့်လွန်း၍ ပြည့်သည် 'ရှင်' တစ်ခွန်းတည်းသာ ပြောနိုင် တော့၏။

"ဟုတ်တယ်။ သမီးအဖေဟာ သမီးအမေနဲ့ ကတောက်ကဆဖြစ်တဲ့ အချိန်တုန်းက တည်မြဲရဲ့အမေနဲ့ တွေ့ခဲ့တာ။ တည်မြဲရဲ့အမေက ကလေး တစ်ယောက်အမေ မုဆိုးမ၊ သမီးအဖေကတော့ လက်ရှိအိမ်ထောင်သည် လေ။ အဲဒါကြောင့် သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ရှိပေမယ့် လမ်းခွဲခဲ့ကြတယ်။ သမီးအဖေကလည်း သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိန်းပြီ တည်မြဲတို့ကို အဝေးကပဲ စောင့်ရှောက်ခဲ့တယ်။ ဒါကို သမီးအမေက ေ ားကပြောတာတွေယုံပြီး တခြားမြို့မှာ သမီးအဖေဟာ နောက်အိမ်ထောင် ကျပြီး ကလေးတစ်ယောက်တောင် ရနေပြီလို့ ယုံကြည်သွားပြီး သူတို့ရဲ့ အိမ်ထောင်ရေးလမ်း ဖြိုကွဲသွားတော့တာပါပဲကွယ်။ နောက်မှသာ သမီးအဖေ က တည်မြဲတို့ အမေနဲ့ လက်ထပ်လိုက်ကြတာ။ တကယ်တော့ သမီးနဲ့တည်မြဲက ဘာမှမတော်စပ်ပါဘူး။ ဒါကို တည်မြဲလေးက ဟိုးအရင်ထဲကသိနေတယ်။ ဒါပေမဲ့ သမီးကတော့ သမီးအမေရဲ့စကားကိုယုံပြီး တည်မြဲကို မောင်လေးတော်တယ်ဆိုပြီး ချစ်ခဲ့တာမလား"

ပြည့်အသံတိတ် ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်ခင်စန္ဒာအေးက ဆက်ပြော၏။

"တည်မြဲလေးက သူ့ဘဝမှာအမြဲလိုလို အထီးကျန်ခဲ့ရတော့ သမီးကို အစ်မလိုရော ချစ်သူတစ်ယော က်လိုပါ အရူးအမူးချစ်သွားမိတယ်။ ဒါပေမဲ့ သမီးမယုံမှာရော ... ပြီးတော့ သမီးသိသွားရင်လည်း ချစ်သူဖြစ်ဖို့နေနေသာသာ သူ့ကိုမောင်လေးတစ်ယောက်လိုပါ မချစ်တော့မှာ စိုးရိမ်ပြီးမပြောဖြစ်ခဲ့တာတဲ့။ သမီးမှာလည်း အကွရာဆိုတဲ့ ကောင်လေးရှိနေပြီဆို၊ အဲဒီကောင်လေးကလည်း သမီးကို တော်တော်လေးမြတ်နိုးတယ်ဆိုတာ သူသိလို့ သူထွက်လာခဲ့တာတဲ့။ ဒါတွေက အဘွားဆီ သူလိုက်လာမှသိရတဲ့ အကြောင်းတွေပါ။ အဘွားက သူ့ကိုတွေ့တော့ မြေးအရင်းမဟုတ်မှန်း သိပေမဲ့ အဘွားမှာလည်း အဖော်မရှိတာရယ်၊ ကလေးမှာလည်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းဖြစ်နေတာရယ်ကြောင့် သနားပြီးဟိုကို ခေါ်သွားတာ။ ဒါကြောင့် သမီးကမောင်နှမတော်တယ်ပဲ တကယ်ထင်နေမှာပေါ့။ တည်မြဲလေးက သနားစရာကောင်းပါတယ်ကွယ်။ ဟိုရောက်ထဲက ဘယ်မှလည်း မသွားဘူး။ တစ်နေ့ဘစ်နေ့ အဘွားအနားမှာပဲ နေပြီး သူနဲ့သမီးနဲ့အကြောင်းတွေ ပြောပြတယ်။ သမီးဆီပို့တဲ့ ဓာတ်ပုံတွေကလည်း သူ အင်တာနက်ထဲမှာ ကောင်မလေးပုံတွေရှာ၊ ဖြတ်ညှပ်ကပ်လုပ်၊ သူ့ပုံနဲ့တပ်ပြီး သမီးကြည့်ရင် သူတစ်ယောက်ပြီးတစ်ယောက်နဲ့တွဲရင်း ပျော်နေတယ်ထင်အောင်တဲ့လေ။ တကယ်ကျော့ သူ့မှာဘာကောင်မလေးမှ ရှိတာလည်းမဟုတ်ဘူး။ သူက အဘွားကိုလည်း ကောင်းကောင်းမွန်မွန် ပြုစုတယ်။ အဘွားလည်း မြေး အရင်းတွေရှိပေမဲ့ ဒီလိုတစ်ခါမှ ယုယုယယနဲ့ ပြုစုပြီးချွဲနွဲ့တာမျိုးလည်း မရှိခဲ့တော့ တည်မြဲကို တကယ့်မြေးအရင်းလိုပဲ ချစ်ခဲ့တာ။ ဒါကြောင့်လည်း အဘွားချမ်းသာသမျှနဲ့ သူ့ရောဂါကို ကုသဖို့ ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ပါ ဘူးကွယ်။ တည်မြဲလေးက ပြောရှာတယ်။ အဘွားရယ်တဲ့ .. ကျွန်တော့်ကို ကုရင် အဘွားပိုက်ဆံတွေ အလကားဖြုန်းတီးသလို ဖြစ်သွားမှာပဲတဲ့။ ကျွန်တော့်နှလုံးက ဘယ်တော့မှ ပြန်ကောင်းလာမှာမဟုတ်ဘူးတဲ့။ ဒီပိုက်ဆံ တွေကို ပြည့်နဲ့အကူ့ရာတို့အတွက်ပဲ လက်ဖွဲ့လိုက်ပါတဲ့။ အဘွားက ဇွတ် အတင်း ကုကိုကုရမယ်။ ပြည့်အတွက်က သပ်သပ်ရှိတယ်လို့ပြောလို့ သူ ခွဲစိတ်ခံတာ။ ဒါပေမဲ့ ခွဲစိတ်တာ မအောင်မြင်ခဲ့ပါဘူး။ တည်မြဲလေးက ငယ်ငယ်လေးထဲက တစ်ခုခုဆိုရင် စိတ်ထဲမှာပဲခံစားပြီး မပြောပြတတ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားဟာလည်း ခံနိုင်ရည်မရှိတော့တာနဲ့ တူပါတယ်ကွယ်"

ပြည့်သည် ဒေါ်ခင်စန္ဒာအေး၏ စကားသံများကိုကြားလိုက် မကြားလိုက်ဖြစ်နေသည်။ ပြည့်မျက်လုံးထဲမှာ တည်မြဲနှင့်ပြည့် အတူတူ ပျော်ခဲ့ပုံတွေ၊ ခွေးလေးလာပေးတဲ့နေ့က တည်မြဲပြောသည့်စကားကြောင့် ပြည့်စိတ်ဆိုးပြီး ငိုရပုံတွေကိုပဲ ပြန်မြင်နေမိလေသည်။ နောက်တော့မှ ဆုရည်နှင့် ပြည့်ကိုခေါ်နိုင်းကာ စတာဟုဆိုကာ စကားလျှော့ချသွားပုံတွေ၊ ဩော် ... ပြည့် ဘာမှမရိပ်မိလောက်အောင် ညံ့ခဲ့ပါလားနော် ... ။

တစ်ခါတစ်လေ ညှိုးငယ်နေတတ်သော တည်မြဲ၏မျက်လုံးတွေကိုလည်း အမှတ်ရမိပြန်၏။ တည်မြဲရယ် ... ငါတကယ်ကို မသိခဲ့တာပါ။ နင့်ကိုမညှာတာသလိုဖြစ်ခဲ့ရင် ငါ့ကိုခွင့်လွှတ်ပါ တည်မြဲရယ် ...၊ ခွင့်လွှတ်ပေးပါ ... ။

ဒါကြောင့် တည်မြဲ အမြဲပြောတာကိုး။ အကြီးဖြစ်ပြီး နည်းနည်းမှ မညှာဘူးတဲ့။

တည်မြဲရယ် ...

နောင်ဘဝဆိုတာများ ရှိခဲ့ရင် နင်ဟာငါ့မောင်လေးအရင်းပဲဖြစ်ပြီး ချစ်တဲ့သူနဲ့လည်း ပေါင်းနိုင်တဲ့ဘဝမျိုးပဲ ပိုင်ဆိုင်ခွင့်ရနိုင်ပါစေ·... ။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ပြည့်နှင့်အကွာရာသည် အရိုးပြာအိုးလေးကိုကိုင်၍ ဂူသွင်းသင်္ဂြိုဟ်လိုက်ကြလေသည်။ တစ်ချိန်က နိုင်တည်မြဲဟူ၍ ရှိခဲ့ဖူးသော လူတစ်ယောက်သည် အခုအချိန်မှာတော့ အမှုန်အမွှားပြာစကလေးများ အဖြစ်သို့ ပြောင်းလဲရောက်ရှိသွားခဲ့ပြီဖြစ်သည်။

နောင်တတရားကို လွယ်ပိုးဖက်တွယ်ထားသည့် ပြည့် ရင်တွင်းမှာတော့ အရာရာသည် ခေါင်နိုက်အောင်ကို မျှောင်မိုက်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းဆိုတာ
ကိုယ့်ကိုယ်ကို အညာအတာမဲ့ နှိပ်စက်နေတဲ့
စိတ်အလိုလိုက်မှု တစ်ခုပါပဲ။

လင်းညိုဒွေး



www.burmeseclassic.com

www.burmeseclassic.com

**Coming Soon**

# လင်းညို့သွေး

## မာယာကစားပွဲ

မိန်းကလေးရေ...
မင်းရဲ့ဆက်ဆံရေးအခြေအနေဟာ
ငါ့ရဲ့မျှော်လင့်ခြင်းအတွက်တော့
အစွမ်းထက်တဲ့
ဖျက်ဆီးရေးလက်နက်တွေဖြစ်တယ်....။

www.burmeseclassic.com